စန်းလသော်တာ လက်ရွေးစင်ပုံပြင်များ (၃)

ထင်ရှားသောဆရာတော်ကြီးများ ၏

ပညာပေးအဆုံးအမ

# ဟာသ

## ပုံပြင်များ (၂)

တက္ကသိုလ်သျှင်သီရိ

(ဓမ္မာစရိယ ၊ ဘီအေ)



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား' ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# ထင်ရှားသော ဆရာတော်ကြီးများ၏

# ပညာပေးအဆုံးအမ

## ဟာသပုံပြင်များ (၂)

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

ဖြန့်ချိရေး
စန်းလသော်တာစာပေ
ဖုန်း - (၀၁) ၆၉၀၆၁၁

ပညာပေးအဆုံးအမ ဟာသပုံပြင်များ (၂)

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**စန်းလသော်တာ**

စာအုပ်ထုတ်လုပ်ရေး

အမှတ် ၄၇၃ (က)၊ နီလာ ၆ လမ်း၊
(ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
✆ ၀၁ – ၆၉၀၆၁၁၊ ✆ ၀၉ – ၅၀၃၂၀၄၄

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ● | ၅၁၀၀၁၉၀၄၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | ● | ၅၁၀၀၃၃၀၇၀၉ |
| ပထမအကြိမ် | ● | ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ |
| စောင်ရေ | ● | ၁၀၀၀ |
| အဖုံးအပြင်အဆင် | ● | Ko Zaw |
| ကွန်ပျူတာစာစီ | ● | နန်းဦးလတ် |

ဦးခင်မောင်ဦး (မြဲ – ၀၄၀၇၃)၊ မြတ်ပန်းရဂုံစာပေ၊ ၄၇၃ (က)၊ နီလာ (၆) လမ်း၊ (ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေ၍ အဖုံးနှင့် အတွင်းစာသားများကို ဦးအောင်မြင့်သိန်း (မြဲ – ၀၆၃၆၄)၊ အင်ကြင်းမြိုင်ပုံနှိပ်တိုက် အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

• 2000 :

၃၉၈.၂

သျှင်သီရိ၊ တက္ကသိုလ် (ဓမ္မာစရိယ၊ ဘီအေ)

ထင်ရှားသောဆရာတော်ကြီးများ၏ ပညာပေးအဆုံးအမ ဟာသပုံပြင်များ (၂)/တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ) – ရန်ကုန်။ မြတ်ပန်းရဂုံစာပေ၊ ၂၀၀၉။

၁၇၆ – စာ၊ ၁၇.၅ x ၁၂.၅ စင်တီ။

(၁) ထင်ရှားသောဆရာတော်ကြီးများ၏ ပညာပေးအဆုံးအမ ဟာသပုံပြင်များ (၂)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အားနာလွန်းတော့ ဖအေရင်းခေါ်စရာတောင်မရှိဘူး | ၁ |
| ၂။ | သားစွဲ သမီးစွဲ ကျော့ပြုရသည် | ၅ |
| ၃။ | ကမ္ဘာချဉ်းမည့် ညကြီးကိုတော့ မစောင့်နိုင်ပါ | ၁၁ |
| ၄။ | အကာသရမ်းတော့ ဓားပြအဖမ်းခံရ | ၁၅ |
| ၅။ | ကျုပ်တို့ဘုရား တရားမျှတပါတယ် | ၁၈ |
| ၆။ | ဦးရွှေလှာ ဘုန်းကြီး ဆိုင်းတီးသံ မကြားချင်သလို | ၂၄ |
| ၇။ | ငါ့သမီးစကားလည်း ဟုတ်ဟုတ်ပဲ | ၃၀ |
| ၈။ | သားဆုံးလို့ တရားတစ်လုံးမှ မမှတ်မိပါ | ၃၅ |
| ၉။ | အရည်မှီတင်း ဒုံးသီချင်း ဆိုမနေကြနဲ့ | ၃၈ |
| ၁၀။ | မိပိုး နတ်ကိုးသလို | ၄၃ |
| ၁၁။ | ဗောဓိမဏ္ဍိုင်လက်ာနည်း ကရင်ဆရာကြီး အယူလွဲသလို | ၄၉ |

၁၂။ နား၊ လည်ပင်း၊ လက်ကြည့်
အထူးထု ဆေးဆရာပုံနှယ် ၅၅
၁၃။ ဂေါတမဘုရား ဘယ်တက္ကသိုလ်က ဘွဲ့ရခဲ့သလဲ ၅၉
၁၄။ ပါဠိတော်နှင့်အညီ အရက်သောက်၍
လေးဘက်ထောက်သွားရသည် ၆၃
၁၅။ လူမိုက်ကိုသာ စိန်ခေါ်တာပါဘုရား ၆၈
၁၆။ လူမိုက်ကိုသာ ကြောက်ပါသည် ၇၅
၁၇။ ချီပါသား ကလေး စောင့်ကြည့်သလို ၇၉
၁၈။ အပျိုကြီး ယောကျ်ားဘဝရောက်ဖို့
ပါရမီဖြည့်သလို ၈၄
၁၉။ အသခ်ါရိကနှင့် ပြောသလား
သသခ်ါရိကနှင့်ပြောသလား ၈၈
၂၀။ ဒေါ်အေး၏ အရက်ထဲက မေတ္တာရေ ၉၁
၂၁။ အသင်မတတ် ကိုယ့်ရှူးကိုယ်ပတ် ၉၄
၂၂။ အရှုးမောင်သောင်း သူကြီးလောင်းခန့်မိသည့်နှယ် ၁၀၀
၂၃။ သိကြားမင်း နှစ်ခါရှိခိုးခံရအောင်
မယား (၂) ယောက်ယူရသည် ၁၀၉
၂၄။ ဒါနနည်း တယ်မွဲသကိုးကွဲ့ ၁၁၃

၂၅။ ဒီလိုအသိတရားလေးရှိမှပေါ့ ၁၁၇
၂၆။ ဆရာတော်ဦးရန်ကုန်
ပရိတ်နာကြွသလို ကြွရတော့မည် ၁၂၂
၂၇။ အကုသိုလ်စိတ် ဒွါဒသဘယ်လောက်ရှိသလဲ ၁၂၆
၂၈။ ကိုယ်ပိုင်ဆိုင်တာကိုပေးရသည် ၁၂၉
၂၉။ အလှူ၊ အလိုရမ္မက် မထိန်းနိုင်၍
အရှူးမကိန်း ဆိုက်ရသည် ၁၃၃
၃၀။ ထမင်းနှင့် ဖက်စားတော့ အတော်သား ၁၃၈
၃၁။ တယ်မနိုပ်ပါလား ဟရီ. ၁၄၅
၃၂။ သမက်ကို စော်ကား၍သာ ငရဲကျရသည် ၁၅၀
၃၃။ ထကြီးကို ပယ်မှ နငယ်နှင့် နီးပါ့မယ် ၁၅၃
၃၄။ သက်သေခံလက်ငင်း မအပ်နိုင်က
မျက်စဉ်းခတ်ခံရသည် ၁၅၈
၃၅။ ကျွဲမရေးတတ်၍ ပြန်ရသည့်နှယ် ၁၆၃
၃၆။ ပခန်းက ရဟန်းလူထွက် ဆီရောင်းသလို ၁၆၇
၃၇။ ရွှတ်-သက်န်းလည်း ရသေး ၁၇၂

●

## စန်းလသော်တာစာပေမှ ထုတ်ဝေပြီးစာအုပ်များ


၁။ လုံးတော်ဆရာတော် ........................ ပုဗ္ဗာယက်ဗ္ဗာကကျမ်း

၂။ ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ) ............ မေတ္တာဝုဏ်ရည်

၃။ တက္ကသိုလ်သျှင်သီရိ ................... တစ်စက္ကန့်ဒေါ်သစကား
(ဓမ္မာရိယ၊ ဘီအေ) ပေးဆပ်ရသည်က အလွန်များ

၄။ တက္ကသိုလ်သျှင်သီရိ ............ ထင်ရှားသောဆရာတော်ကြီးများ၏
(ဓမ္မာစရိယ၊ ဘီအေ) ပညာပေးအဆုံးအမ ဟာသရသပုံပြင်များ (၁)

၅။ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ) ... ငိုကာကျော် (ပ၊ ဒု၊ တ)

၆။ တက္ကသိုလ်သျှင်သီရိ ............... အိုပယ်မှသည် အိုကြွယ်ဆီသို့
(ဓမ္မာစရိယ၊ ဘီအေ)

၇။ သုတေသီ ဘုန်းမြင့်သွေး ............... ထင်ရှားအောင်မြင်သူတို့၏
အချစ်အတွေး အချစ်စကား

၈။ သုတေသီ ဘုန်းမြင့်သွေး ............ ကမ္ဘာကျော် တွေးခေါ်ရှင်တို့၏
လူ့မနောနှင့် အချစ်သဘော

၉။ သုတေသီ ဘုန်းမြင့်သွေး ... လူ့ဘဝ လူ့အဓိပ္ပာယ်နှင့် လူသာပဓာန

၁၀။ သုတေသီ ဘုန်းမြင့်သွေး .................. သည်းခံခြင်းဟူသည်

၁၁။ သုတေသီ ဘုန်းမြင့်သွေး ... လောကကြီးကို အနိုင်ယူတာ စိတ်ထားပါ

၁၂။ သုတေသီ ဘုန်းမြင့်သွေး ...... အကျော်အမော် ဆရာတော်ကြီးများ၏
စိတ်ကြည်လင်ချမ်းသာ အောင်မြင်ရေး
လမ်းညွှန်ဩဝါဒများ

၁၃။ ရတနာရွှေမန်း ........... ဘုရင့်သမီးတော်နှင့် အခြား ပုံဝတ္ထုများ

၁၄။ တက္ကသိုလ်သျှင်သီရိ ......... ထင်ရှားသော ဆရာတော်ကြီးများ၏
(ဓမ္မာစရိယ၊ ဘီအေ) ပညာပေးအဆုံးအမ ဟာသပုံပြင်များ (၂)

## မြတ်ပန်းရဂုံစာပေ

ဖော်ပြပါ စာအုပ်များကို မြတ်ပန်းရဂုံစာပေ၊ ဖုန်း ၀၉-၅၁၃၉၄၅၀၊ ၀၉-၈၆၁၅၅၆၂၊ ၀၉-၅၁၅၅၇၄၃ မှ တစ်ပြည်လုံးသို့ ဖြန့်ချိပေးလျက်ရှိပါသည်။

## အားနာလွန်းတော့ ဖအေရင်းခေါ်စရာတောင်မရှိဘူး

သင်္ဂဇာဆရာတော်ကြီးသည် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားသို့ ဘုရားဖူးလာရင်း ဇရပ်တစ်နေရာ၌ ဒါယကာ ဒါယိကာမ အပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးနေတော်မူစဉ်ကာလ ဖြစ်သည်။

တစ်နေ့တွင် ဒါယကာတစ်ဦးသည် သားကို လက်ဆွဲပြီး ဆရာတော်ထံသို့ ရောက်လာသည်။ ထိုသားမှာ ဗုဒ္ဓဘာသာမှနေပြီး အခြားဘာသာသို့ ကူးပြောင်းသွားသူ ဖြစ်သည်။

ဒါယကာသည် ဆရာတော်အား ရိုသေစွာ ရှိခိုးဦးချပြီး "အရှင်ဘုရား . . . ယခုခေါ်လာသော တပည့်တော်၏သားသည် အခြားဘာသာသို့ လိုက်ပါဖောက်ပြား စိတ်ယွင်းမှားသည်ကို တရားသဖြင့် လမ်းပြလျက် ဆုံးမတော်မူပါဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ ဆရာတော်က ဒါယကာသားကို-

"ဒါယကာလေး၊ သင်သည် ဗုဒ္ဓဘာသာ မြန်မာမျိုးရိုး ဘေးဘိုးမိဘ စဉ်အဆက်ဆက်က ဆင်းသက်ခဲ့ပြီး ဆရာဘုန်းတော်ကြီးကျောင်း၌ အကောင်းအဆိုး အကြောင်းအကျိုးများကို သိကြားလိမ္မာရန် အတန်တန် သင်ကြားပြီးမှ အတတ်သားနဲ့ အနာခံသည် ဟူသကဲ့သို့ အယူတစ်ပါးသို့ လိုက်မှားယုံကြည်ရသော အချက်သည် အဘယ်အတွက်ကြောင့်နည်း"

ဟု မေးတော်မူလေသည်။

"အရှင်ဘုရား၊ တပည့်တော်ကို အဖော်အပေါင်းတို့က ဖြားယောင်းသည့်အတွက် နေ့ရက်များစွာ အခါခါ အခေါ်များသောကြောင့် အားနာ၍ ပါဝင်မိပါသည်ဘုရား"

"ဒါယကာလေး၊ ဆင်ခြင်စဉ်းစား နှလုံးထားရမည့်အချက်မှာ ပေါင်းဖက်သော မိတ်ဆွေအတွက် ပျက်ခြင်း၊ ကောင်းခြင်း နှစ်ပါးကို အခြားတွင် မရှာနှင့်၊ 'အသေဝနာစ ဗာလနံ၊ ပဏ္ဍိတာနဉ္စသေဝနာ" ဘုရားဟော လာသည်ကို ငယ်စဉ်အခါက ကျောင်းများ၌ သင်ကြားခဲ့သည် မဟုတ်လော။

"ပေါင်းဖက်သော မိတ်ဆွေအရပ်ရပ်တို့က သပ္ပုရိသူပနိဿယ ရှိကြသူဖြစ်မူ စင်စစ်အားဖြင့် တရားနည်းကောင်း လမ်းကြောင်းပြသ ဆိုဆုံးမသဖြင့် ကေ္တကောင်းခြင်းသို့ ရောက်ရသည်။ ယင်းသို့မဟုတ်မူ ပေါင်းဖက်သူတို့ အယူလွဲမှား ဒုစရိုက်တရားတို့ကို လိုက်စားသည်မှန်က ကေန်ကောင်းခြင်းသို့ မရောက်

နိုင်ရာ။ သူယုတ်၏လက္ခဏာသို့ လိုက်ပါပြုလုပ်ရမည် အမှန်ဖြစ်သည်။ သဝိညာဏက အသက်ရှိသောသူကို မဆိုထားဘိ၊ အဝိညာဏက သစ်ပင်များသည်ပင် ဗီဇနိယာမအားဖြင့် ခါးသောအပင်နှင့် တွဲယှဉ်စိုက်မိသည့်အတွက် သရက်ပင် အချိုကင်းလျက် ခါးခြင်းသို့ရောက်ရသော အချက်များသည် ဘုရားဟောနိပါတ်ဒပ္ပဝါဟဏဇာတ်၌ ပျက်ပြားရသောအကြောင်း ကျမ်းပေါင်းများစွာ လာရှိသည်၊ သတိထား၍ စဉ်းစားဆင်ခြင်ရသည် ငါ့တပည့်။ မင်းပြောသည့်စကားအရ သူတစ်ပါးကို အားနာ၍ ပါရသည်ဆိုသော အရေးသည် ဈေးဝယ်သောယောကျ်ားနှင့် ဈေးရောင်းသည့်မိန်းမတို့ ပြောသကဲ့သို့ ဖြစ်ချေနေပေသည်”ဟု ဆရာတော်က ကျယ်ပြန့်စွာ ဟောသည်။ ထိုအခါ ဒါယကာက–

“ဈေးဝယ် ဈေးရောင်း ယောကျ်ားနှင့် မိန်းမအကြောင်း ဟောတော်မူပါဦးဘုရား”ဟု လျှောက်ထားသည်။

“ရှေးအခါက ယောကျ်ားတစ်ဦးသည် အထည်ပုဆိုးများ ဝယ်လိုသည်နှင့် ဈေးသို့သွားသတဲ့။ အထည်ဆိုင်တစ်ဆိုင်ရောက်တော့ အထည်များကို ကြည့်ရှုသတဲ့။ မိမိနှစ်သက်တဲ့ ပုဆိုးအဆင်ကိုတွေ့တော့–

“ဤပုဆိုး အဖိုးပြောစမ်းပါဦး နှမ”

လို့ ပြောသတဲ့။ အဲဒီအခါမှာ ဈေးသည်မိန်းမကလည်း–

“ထင်သမျှ ပေးစမ်းပါ မောင်ကြီးရယ်၊ ရောင်းနိုင်လျှင်

ရောင်းပါ့မယ်"

လို့ ပြန်ပြောသတဲ့။ အဲဒီအခါမှာ ဈေးဝယ်ယောကျ်ားက–

"အားနာတယ် ကျုပ်နှမ၊ မပေးပါရစေနှင့်။ သူတစ်ပါး အားနာသည့်အကြောင်းနှင့် သုံးသောင်းလောက် ငွေတွေဆုံးလျက် ကိုယ်လုံးချည်း ယခုကျန်၍ အမှုမတန်အောင် ဖြစ်နေရပါသည် ကျုပ်နှမ"

လို့ ထုတ်ဟပြောသတဲ့။ ထိုအခါ ဆိုင်ရှင်ဈေးသည်မိန်းမ က–

"မောင်ကြီးမှာ ငွေသာကုန်တယ် ကျွန်မ ဖြစ်ပုံလောက် မဆိုးပါ။ ကျွန်မမှာ သူတစ်ပါး အားနာသည့်အမှုနှင့် ယခုရှိသည့် သားသမီးခြောက်ယောက်ဟာ နောက်နောက်က မအေကမြင်း တာနှင့် အဖေရင်းခေါ်စရာတောင် မရှိတော့ပါဘူး မောင်ကြီး ရယ်"လို့ ပြောသတဲ့ကွဲ့။

"ယခုလည်း ဤအတူ မင်းမှာလည်း အပေါင်းအဖော် များစွာကို အားနာသည့်အတွက် အယူပျက်ခံရတာ နာသကွယ်"

ဟု ဟောတော်မူရာ သားအဖနှစ်ယောက်မှာ များစွာ စိတ် မနှောင့်ပြီး တသောသောရယ်မောကာ ဆရာတော်ကို ရှိခိုးပြီး ပြန်ကြလေတော့သည်။

❖


## သားစွဲ သမီးစွဲ ကျော်ပြုရသည်

ဦးဘသိန်း၊ ဒေါ်ခလေးမတို့သည် ဖြူးမြို့ ဒက္ခိဏာရုံ ကျောင်းတိုက်ကြီး၏ ကျောင်းဒါယကာများ ဖြစ်ကြသည်။ သူတို့ မိသားစုသည် ဝါတွင်း ဥပုသ်နေ့တိုင်း ဥပုသ်မပြတ် စောင့်ထိန်းကြသည်။ တရားဘာဝနာ ပွားများကြသည်။

တစ်ချိန်တွင် ဝါတွင်း ဥပုသ်နေ့ (၂)နေ့ဆက်ပြီး ကျောင်း ဒါယကာ ဇနီးမောင်နှံတို့သည် ဥပုသ်စောင့် ပျက်ကွက်ကြသည်။ နောက် တစ်ဥပုသ်နေ့ရောက်တော့ ပုံမှန်အတိုင်း ကျောင်းသို့ ရောက်လာပြီး ဥပုသ်စောင့်ကြသည်။

ဆရာတော်ဘုရားကြီးက ကျောင်းဒကာ ဇနီးမောင်နှံနှစ်ဦး အရင် ဥပုသ်နှစ်ပတ်က ဥပုသ်စောင့် မလာသည့်ကိစ္စကို မေးသည်။

"မှန်လှပါဘုရား၊ သားသမီး ကိစ္စဝိစ္စတွေ ဆောင်ရွက် လုပ်ကိုင်ပေးနေရတာနှင့် ဥပုသ်စောင့်နှစ်ပတ် ပျက်သွားရပါတယ် ဘုရား"



ခွေးမကြီးက   နွားကြီးရှေ့သွားပြီး
ကြည့်စမ်းပါဦးတော်   ရှင့်သမီးလုပ်ပုံ

ဟု ကျောင်းဒါယကာကြီးက လျှောက်ထားသည်။

"အင်း . . . သားသမီးကိစ္စ သားသမီးကိစ္စနဲ့ သိပ် သံယောဇဉ်များ ဒုက္ခမပွားကြနဲ့၊ သားစွဲ သမီးစွဲ ကျောပြဲရသည် ဆိုတဲ့စကား မကြားဖူးကြဘူးနဲ့တူတယ်"ဟု ဆရာတော်ကြီးက မိန့်ကြားသည်။

"မှန်လှပါ မကြားဖူးပါဘူးဘုရား၊ သိပါရစေဘုရား"

"အေး . . . နားထောင်ကြ၊ ရှေးက ရွာတစ်ရွာမှာ လင် မယားနှစ်ယောက် ရှိကြသတဲ့။ သူတို့မှာ သမီးလေးတစ်ယောက် ကလည်း ရှိကြသတဲ့။ တစ်ဦးတည်းသမီးဆိုတော့ ချစ်လိုက်ကြ တာကလည်း တုန်လို့တဲ့။ အချိန်တန် အရွယ်ရောက်တော့ သမီး လေးကို သင့်တော်သူနဲ့ အိမ်ထောင်ချပေးသတဲ့။ သမီးလေး အိမ်ထောင်ကျသွားသော်လည်း သမီးလေးကို မခွဲနိုင်မခွာရက် သည့်အတွက် အိမ်မှာပဲ အတူ လာနေစေသတဲ့။ သမီးနဲ့သမက် ဝေယျာဝစ္စကိုလည်း အမြဲ လုပ်ပေးနေရသလို ဘုရားသွား ကျောင်းတက် ဥပုသ်သီတင်းတောင် ပုံမှန်မသွားနိုင် မစောင့်နိုင်ကြ ဘူးတဲ့။

ဒီလို သားစွဲ သမီးစွဲနှင့် အချိန်ကုန်လာခဲ့ရာကနေ အသက် အရွယ်က ကြီးကြီးလာပြီး အနာရောဂါကဖြစ်လာ ဖိစီးလာတော့ သေခြင်းတရားဘက်သို့ နီးလာသတဲ့။ ဒီလိုသေခြင်းတရား နီးလာတော့လည်း သားသမီးသံယောဇဉ်ကြောင့် တရားမမှတ်

ကို မေ့နေကြသတဲ့။

ဒီလိုနဲ့ အဘွားကြီးက အရင်သေသတဲ့။ သေတော့ သမီးစွဲသံယောဇဉ်ကြောင့် ထိုအိမ်မှာ ခွေးမကြီးပဲ ပြန်ဖြစ်ရသတဲ့။ အဘိုးကြီးလည်း မကြာခင်သေပြီး သမီးရဲ့သံယောဇဉ်ကြောင့် ထိုအိမ်မှာပဲ နွားပြန်ဖြစ်ရသတဲ့။

ခွေးမကြီးက သမီးကို အလွန်ချစ်တော့ သမီးနားက မခွာဘဲ နေသတဲ့။ သမီးထမင်းချက်ရာမှာလည်း အမြီးတနန့်နန့်နဲ့ ထဘီကို လျှာနှင့်လျက်ပေးသတဲ့။

အဘိုးကြီးတစ်ဖြစ်လဲ နွားကြီးကလည်း သမီးလယ်ယာမှာ တအားကုန်ကျုံး ထွန်ယက်လုပ်ကိုင် ပေးရသတဲ့။ ဒီလိုလုပ်ပေးရင်းကပင် သမီးယောကျ်ားက နွားကျောပြင်ကို ခဏခဏ ရိုက်နှက်ပြီး စေခိုင်းသတဲ့။

တစ်နေ့ကျတော့ သမီးက မီးဖိုထဲ ထမင်းချက်နေရင်း အဆင်မပြေတာတစ်ခုဖြစ်ပြီး စိတ်မကြည်လင် ဒေါသဝင်နေသတဲ့။ အဲဒီအချိန်မှာ ခွေးမကြီးကလည်း ထုံးစံအတိုင်း သမီးနားလာပြီး သမီးကို လျှာနှင့်လျက်ပေးသတဲ့။ စိတ်မကြည်မလင် ဒေါသထွက်နေတဲ့ သမီးက–

"ဟဲ့ ... လူက အလုပ်အဆင်မပြေလို့ ဒေါသထွက်နေရတဲ့အထဲ ဒီခွေးမက လာရှုပ်ပြန်ပြီ"

ဆိုပြီး ရဲရဲတောက်နေတဲ့ မီးစနဲ့ ခွေးမဗိုက်ကို တအားထိုး

လိုက်သတဲ့။ မီးအပူရှိန်က ပြင်းထန်လေတော့ ခွေးမရဲ့ဖိုက်မှာ အရေခွံလန်ပြီး အဆီတရွဲရွဲနှင့် ပြင်းစွာ ခံရသတဲ့။

ခွေးမဟာ သူလိုတိရစ္ဆာန် သဘာဝချင်းတူသူ ယောကျ်ားကြီး ဒီအိမ်မှာ နွားဖြစ်နေတာကို သိသတဲ့။

အဲဒါနဲ့ ခွေးမဟာ ပြင်းထန်သော မီးလောင်ဒဏ်ကို အလူး အလိမ့်ခံ အော်ဟစ်ရင်း သူ့ဘဝဟောင်းက ယောကျ်ားဖြစ်တဲ့ နွားကြီး အလုပ်လုပ်နေရာ လယ်ထဲသို့ ပြေးသွားသတဲ့။ အဲဒီ အချိန်မှာ သမက်ကလည်း မယားထမင်းလာပို့တာကို စောင့်ရင်း ထွန်ယက်မှု ခဏနားနေလို့ နွားများကို အနားပေးထားသတဲ့။

ခွေးမက နွားကြီးရှေ့သွားပြီး–

"ကြည့်စမ်းပါဦးတော်၊ ရှင့်သမီးလုပ်ပုံ၊ ကျုပ်တို့မှာတော့ သမီးလေးချစ်လွန်းလို့ ခွေးဖြစ်တာတောင် လိုက်လံစောင့်ရှောက် ပေးနေရတယ်။ ယခုတော့ ကြည့်ပါဦး . . . တော့်သမီးက ကျွန်မဖိုက်ကို မီးစနဲ့ထိုးလိုက်တာ ဖိုက်မှာ အဆီတွေ ရွှဲရွှဲစိုတော့ တာပါပဲတော်" လို့ ပြောသတဲ့။

အဲဒီအခါမှာ ထွန်တုံးတန်းလန်းနဲ့ နွားကြီးက ခွေးမကို စိမ်းစိမ်းကြည့်ပြီး . . .

"ရှင်မ . . . နင့်မှာက ယခုမှ ဖိုက်အဆီရွှဲဖြစ်အောင် မီးစနဲ့ အထိုးခံရတယ်။ ငါ့မှာက နင့်သမီးယောကျ်ား နေ့စဉ် ရိုက်နှက်လို့ ကျောပြင်တစ်ခုလုံး ပြဲကွဲနေရတယ်။ ဟဲ့ . . .

ချစ်ချင်ဦး နင့်သမီး"

လို့ ပြောသတဲ့။ ယခုလည်း ကျောင်းဒကာတို့ သားစွဲ သမီးစွဲနေကြ ကျောပြဲနေကြဦးမယ်နော်"ဟု ဆရာတော်က ပြုံးပြုံးနှင့် မိန့်တော်မူရာ ကျောင်းဒါယကာ ဇနီးမောင်နှံနှင့် ဥပုသ်စောင့် ပရိသတ်တို့မှာ သံဝေဂလည်းရ၊ သဘောလည်းကျ ကြ၍ ရယ်မောကြလေတော့သည်။

❖

## ကမ္ဘာချဉ်းမည့် ညကြီးကိုတော့ မစောင့်နိုင်ပါ

တစ်ရံရောအခါ သင်္ဂဇာဆရာတော်ဘုရားကြီးသည် တပည့်အပေါင်းနှင့်တကွ မော်လမြိုင်မြို့၌ ခေတ္တသီတင်းသုံးနေထိုင်စဉ်ဖြစ်သည်။ ဥပုသ်နေ့ တစ်နေ့တွင် ဆရာတော်ထံသို့ မော်လမြိုင်သူ၊ မော်လမြိုင်သားတို့က ဥပုသ်သီတင်း လာရောက်ဆောက်တည်ကြသည်။ ဆရာတော်ဘုရားကြီးက ဥပုသ်သည်များကို–

"ဒါယကာတို့၊ ဥပုသ်သီလ စောင့်ထိန်းကြပြီး တိရစ္ဆာနကထာဖြစ်သော စကားတို့ကို မပြောကြနှင့်။ ဘုရားဂုဏ်ကို အနုလုံ ပဋိလုံ အာရုံပြုသောနည်းဖြင့် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက် တစ်ယောက်တည်းနေပြီး သီလကို ကောင်းမွန်စွာ စောင့်ရှောက်ကြမှသာ သီလ၏အကျိုးကျေးဇူး ကြီးနိုင်သည်။ မိမိစောင့်ထိန်းသော သီလအင်္ဂါ အကျိုးအကြောင်းကို ကောင်းမွန်စွာ မသိဘဲ စောင့်သောသူမှာ များစွာသော နွားတို့ကို ကျောင်းလျက် နွားကောင်ရေပေါင်းကို မမှတ်မိသော နွားကျောင်း

သားသည် မိမိနွားပျောက်သော်လည်း ပျောက်မှန်းကို မသိရာ သလို မိမိစောင့်ရှောက်သော သီလ (၈)ပါးမှ တစ်ပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ အကယ်၍ ပြောက်ကြားညှိုးနွမ်းလျှင် မသွေမုချ မသိကြဘဲ ရှိချေမည်။ ဒါကိုထားဦး၊ တချို့သည်လည်း သိလျက် သားနှင့် ဆာအားကြီးသဖြင့် သည်းမခံနိုင်သည့်အတွက် သီလ ဖျက်၍ ထမင်းစားသောသူများလည်း ရှိတတ်သေးသည်။ အဲဒီ ဥပုသ်သည်ကတော့ 'ဥပုသ်သည် အဆာပြင်းလှပေါ့ ကမ္ဘာချဉ်း အောင်ခံမည့် ညကြီး'ဆိုသောသူကဲ့သို့ ဖြစ်ချေမည်"

ဟု မိန့်ကြားတော်မူရာ အနီးရှိ ဒကာတစ်ဦးက–

"အဲဒီဥပမာ အဓိပ္ပာယ်လင်းအောင် ရှင်းပေးတော်မူပါ ဘုရား"ဟု လျှောက်ထားရာ ဆရာတော်က . . .

"ဒါယကာတို့ . . . ရှေးအခါက ရွာတစ်ရွာမှာ တစ်ခါမျှ သီလမစောင့်ဖူးတဲ့ ဒါယကာတစ်ယောက် ရှိသတဲ့။ တစ်နေ့ ဥပုသ်နေ့ရောက်တော့ မိတ်ဆွေအပေါင်းအသင်းတွေ အဆွယ် ကောင်းမှုကြောင့် ကျောင်းသို့ ဥပုသ်စောင့် လိုက်သွားပြီး ဥပုသ် စောင့်သတဲ့။ ဥပုသ်စောင့်တဲ့ အလေ့အထက မရှိတော့ ညနေ ကျတော့ ထမင်းဆာတော့ အိမ်ကို အမြန်ပြန်ပြေးပြီး မယား ကို ပြောသတဲ့။

"ရှင်မ . . . ငါသည် ရှေးက သီလကို မစောင့်ထိန်း ငြိမ်းငြိမ်းနေတာကို မိတ်ဆွေတွေ သွေးဆောင်ဖြားယောင်း၍

ကျောင်းသို့ပါသွားပြီး ဥပုသ်စောင့်ခဲ့ရသည်။ နေ့အခါမို့သာ သည်လိုဟန်ဆောင်၍ နေရပါသည်။ နောက်နေ့လင်းအောင် မစောင့်နိုင်တော့ပါ။ ထမင်းပွဲသာ အမြန်ပြင်ပေးပါတော့"

မယားကလည်း လင် တစ်ခါတစ်ရံ ဥပုသ်စောင့်သည်တွင် ဥပုသ်အကျိုးလေး ရစေလိုသော စေတနာဖြင့် . . .

"ရှင် တစ်ခါတစ်ရံ စောင့်သည့်ဥပုသ်ကို အောင့်၍သာခံပါ၊ အရုဏ်တက်လာက ကျွန်မ ကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေး ပါ့မယ်။ အေးအေးသာနေပြီး ဥပုသ်ကို ဆင်ခြင်ပါ"လို့ ပြော သတဲ့။

လင်ယောကျ်ားလည်း မယားစကား နားထောင်ပြီး အတန် ကြာ သည်းခံပြီး နေသတဲ့။ ဒါပေမဲ့ ဆာလွန်းအားကြီးလာ တော့ . . .

"ဆာလှပြီရှင်မ . . . ထမင်းပွဲသာ ပြင်ပါတော့၊ သီလ ပျက်သည်က ကိစ္စမရှိ၊ လူချမ်းသာဖို့က အရေးကြီးသည်၊ အောင့်အည်း၍ မနေနိုင်ပါ"လို့ အတင်းပြောသတဲ့။

မယားကလည်း လင့်သီလ ပျက်မှာကိုစိုးပြီး ထပ်မံအားပေး နားချသတဲ့။

"ရှင် . . . ဒီလောက်ကြီး ဒုက္ခရောက်မနေစမ်းပါနဲ့။ သီလစောင့်သမျှ ကျေးဇူး၊ ဆည်းပူးသမျှ အလကားဖြစ်အောင် နှလုံးမသွင်းပါနဲ့၊ လင်းလုပါပြီ။ ရှင် . . . ကြိုးစား၍ အားတင်း

ထားစမ်းပါ"

လို့ ဖြည်းညင်းသာယာစွာ ပြောသတဲ့။ အဲဒီအခါမှာ ထမင်းဆာလှတဲ့လင်က ဆာလောင်ဒဏ်ပြင်း ဒေါသချဉ်းပြီး ပြောလိုက်တာက . . .

"ဟော့ရှင်မ . . . နင် ငါ့ကို တရားမချနဲ့။ အောင့်ရတဲ့သူမှာ အူတကြုတ်ကြုတ်၊ သူတော်ကောင်းလုပ်ပြီး နားရှုပ်အောင် ပြောမလာနဲ့။ ထမင်းကျွေးမှာသာကျွေး၊ မင်း လင်းအရဏ်က အဝေးကြီး။ ဝမ်းရေးကို ကြောင့်ကြလျက် အောင့်ရသူ ကြာတော့ ပျင်းလှပေါ့။ ကမ္ဘာချဉ်းမည့်ညကြီးကို မစောင့်နိုင်ဘူးဟေ့"တဲ့ ဒါယကာတို့ရေ . . .။

ဒါယကာတို့လည်း ထမင်းဆာသည်ဟု လင်းမှာကို တာရှည်စွတကား၊ ကမ္ဘာချဉ်းမည့်ညကြီးကို မစောင့်နိုင်ဘူးဆိုပြီး သီလကိုချိုးဖျက်ပြီး ထမင်းအိုးကို သွားမနှိုက်ကြလေနဲ့"

ဟု မိန့်တော်မူရာ ဥပုသ်သည် ဒါယကာအပေါင်းမှာ အုတ်အုတ်သောသော ရယ်မောကြလေတော့သည်။

❖

## အကာသရမ်းတော့ စားပြုအလမ်းခံရ

သင်္ဂဇာဆရာတော်ဘုရားကြီး ရဟန်းသံဃာ တပည့် လူဒါယကာများစွာတို့ဖြင့် ပုသိမ်သို့ ကြွရောက်၍ တရားဓမ္မများ ဟောပြောညွှန်ပြတော်မူချိန် ဖြစ်သည်။

တစ်ခုသော တရားပွဲတွင် ဆရာတော်ဘုရားကြီးက ကံ ဒွါရအသင်းတို့ ကွဲပြားမှုမရှိအောင် နှိုင်းညှိစေစပ်တော်မူသည်။ မညီညွတ် ကွဲပြားမှုကြောင့် ပျက်စီးဆုံးရှုံးရသော ဒေဝဒတ်နှင့် အပေါင်းပါတို့၏ အကြောင်းဝတ္ထုကို စုံပြုဟောကြားသည်။ မကွဲပြားဘဲ တစ်သားတည်း ညီညွတ်က ဘေးလွတ်သော အကြောင်း ဘုရားလောင်းဆုံးမမှုကို ပမာပြု၍ ဟောကြားပြသ တော်မူနေစဉ် ပရိသတ်အတွင်း တရားလာနာနေသော ဆေးဆရာ ဒါယကာတစ်ဦးက အရာဌာန သင့်မသင့်ကို မစဉ်းစား မဆင်ခြင်ဘဲ ဆရာတော်ကို ကြားညှပ်၍ ထလျှောက်သည်။

"အရှင်ဘုရား ကံနှင့် ဒွါရ ကာလဟာဝိဝါဒ ငြင်းခုံခြင်းဖြစ်ကြ ရာ၌ မဆုတ်မနစ်သော ဒေါသ ပင်္ဂိယတ်သည် တောဇောခတ်ကို

အားပေးပြီး ဆူပွက်သော အသားအရေနီမြန်းခြင်း၊ အဆင်း သဏ္ဍာန် ရုပ်ဟန်မလှခြင်းဟူသော ဥဏှတေဇောဓာတ်၏ လက္ခဏာ၊ အသံကျယ်စွာပြောခြင်းတည်းဟူသော ဥဏှဝါယော ဓာတ်၏လက္ခဏာ ပေါ်လာသဖြင့် များစွာ အကုသခက်သော ရောဂါမျိုး ဖြစ်ပါတယ်ဘုရား"

ထိုအခါ ဆရာတော်က ထိုဆေးဆရာဒကာကို ကြည့်ပြီး–

"အင်း ... ဒကာမှာ အရာဌာနကို သည်လောက်မသိလွန်း တော့ ဆင်ဖြူကျွန်းက မောင်မြသာထွန်း ယိုးဒယား 'က'သလို အကျိုးတရားမှ ဆုတ်ယုတ်တတ်သည်"ဟု မိန့်ကြားလေသည်။

"အရှင်ဘုရား ... ယိုးဒယား'က'ပုံကို အားလုံးနားလည် အောင် အကျယ်ဟောပေးပါဦးဘုရား"

ဒကာတစ်ဦးက လျှောက်ထားတောင်းပန်သည်။ ဆရာတော် က အကျယ်ဟောပြောပြသည်မှာ ...

"ဒကာတို့ ... ဆင်ဖြူကျွန်းက မောင်မြသာထွန်းဆိုသော ဓာတ်သမားဟာ ယိုးဒယား'က'နည်း'က'ပုံ အလုံးစုံကို အကုန် တတ်သိလို့ မိမိထံ သင်ယူလာသူ လူအပေါင်းကိုလည်း ယင်း ယိုးဒယားအကကို သင်ပေးလေ့ရှိသတဲ့။

တစ်နေ့သောညဉ့်မှာ မောင်မြသာထွန်းအိမ် ဓားပြများ ဝင် ရောက် တိုက်ခိုက်သတဲ့။ အဲဒီအခါမှာ မောင်မြသာထွန်းက ဓားပြရန်က လွတ်အောင် အိမ်စွန်းမှနေပြီး ခုန်ချ ထွက်ပြေးသတဲ့။

ထွက်ပြေးရင်း လေးမျက်နှာတူးထားတဲ့ မြောင်းကမ်းပါးကို ရောက်သွားသတဲ့။

မြောင်းနံဘေးရောက်တော့ မောင်မြသာထွန်းက ရပ်ပြီး စဉ်းစားသတဲ့။ ငါဟာ ရှေးတုန်းက ဤမြောင်းကို ခုန်ကူးခဲ့ရာ ဘယ်အခါမျှ အမျိုးခြားလျက် ယိုးဒယားဟန် မပျက်ခဲ့ဘူး၊ ယခု ယိုးဒယားဟန်ကလေးနှင့် ယဉ်ကျေးအောင် ကူးလေလျှင် လည်း မြောင်းကမ်းတွင် အပြီးပင် ဓားပြဖမ်းခံရတော့မယ်၊ ဟယ် . . . ရှေးက ယိုးဒယားဟန်မပျက်ဘူး၊ ဘယ့်နှယ် ခုမှ အပျက်ခံရမယ်ဆိုတာ မဖြစ်သင့်ဘူး၊ ယိုးဒယားသိုင်းကွက် ကျကျနဲ့ ခပ်လှလှကူးလိုက်မယ်လို့ စဉ်းစားသတဲ့။

အဲဒီလိုစဉ်းစားပြီး တူးမြောင်းကမ်းနံဘေးမှာ ခပ်ဖြည်းဖြည်း ဟန်လုပ်နေဆဲမှာပဲ ဓားပြမီလာပြီး သျှောင်ကိုဆွဲ အဖမ်းခံရသတဲ့။ အဲဒီတော့ မောင်မြသာထွန်းခမျာ အကသရမ်းလို့ ဓားပြအဖမ်း ခံရပြီး မတန်တဆ ရိုက်တောင်းလို့ ငွေတစ်ထောင် ပေးလိုက်ရ သတဲ့ ဒကာတို့ရဲ့။

ယခုလည်း ဓာတ်ဆရာဟာ အရာဌာနကို မသိ၊ မိမိဂုဏ်ကို ထုတ်ပြပြီး ဟုတ်လှပြီ တစ်မျိုးကြွားတာက ယိုးဒယားကတား ထက် ဆိုးလှပေတယ်”ဟု မိန့်ကြားတော်မူရာ တရားပွဲလာ ပရိသတ်တို့မှာ ပွဲတင်ထပ်မျှ တသောသော ရယ်မောကြလေသည်။

❖

## ကျုပ်တို့ဘုရား တရားမျှတပါတယ်

တစ်နေ့တွင် မုံရွေးဆရာတော်ကြီးသည် တပည့် ရဟန်းသာမဏေများကို စာဝါပို့ချနေသည်။ ထိုအချိန်တွင် ဦးလှမောင်နှင့် သူ့သား မောင်ခင်မောင်တို့ ကျောင်းပေါ်တက်လာပြီး ဆရာတော်ကို ရှိခိုးဦးချကြသည်။ မောင်ခင်မောင်သည် တစ်ချိန်က မုံရွေးဆရာတော်၏ တပည့် ဖြစ်သည်။ ယခုအခါ အိမ်ထောင်ကျပြီး မိဘရိုးရာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးနေသည်။ ဦးလှမောင်သည် မုဆိုးဖိုဖြစ်ပြီး သားထံမှာပင် အတူနေသည်။ မောင်ခင်မောင်သည် မူလက ဖခင်ကို ရိုရိုသေသေ ပြုစုလုပ်ကျွေးခဲ့သော်လည်း နောက်ပိုင်းတွင် မယား၏စကားကြောင့် ဖခင်အပေါ် ပြုငြင်လာသည်ဟု အရပ်ထဲတွင် သတင်းဖြစ်လာသည်။

ထိုသားအဖ ကျောင်းပေါ်တက်လာသည်ကို မုံရွေးဆရာတော်က မြင်၍ စာဝါကို ခဏနားပြီး–

"ဒါယကာနှင့်သား ဘာကိစ္စရှိကြသတုံး"

ဟု လှမ်းမေးတော်မူသည်။

ဦးလှမောင်သည် ဆရာတော်ကို ကြည့်လိုက်၊ သားကိုကြည့်လိုက်နှင့် အတော်ကြာပင် ဆရာတော်ကို ပြန်မလျှောက်နိုင်ဘဲ ရှိလေသည်။ အတော်ကြာမှ–

"အရှင်ဘုရာ တပည့်အကြောင်း လျှောက်ထားချင်လို့ပါဘုရာ ။ အရှင်ဘုရားတပည့်က မိန်းမ မရခင်ကတော့ တပည့်ကောင်း သားသမီးကောင်းပါ။ ယခုတော့ မယားစကား နားဝင်ပြီး တပည့်တော်ကို မချေမင့် ပြောလာရုံတွင်မက တပည့်တော်ကို သူ့အိမ်ပေါ်က နှင်ချပြီး ဘုန်းကြီးကျောင်း ကပ္ပိယလုပ်ခိုင်းနေပါတယ်ဘုရား၊ ရှင်မောဂ္ဂလာန်အလောင်း နုစဉ်တုန်းကလို တောတွင်းခေါ်ပြီး မသတ်ရုံတစ်မယ်ပဲ ရှိပါတော့သည်ဘုရား"

ဟု လျှောက်ထားသည်။ ဦးလှမောင်က ရှင်မောဂ္ဂလာန်ရဟန္တာနှင့် နှိုင်းယှဉ်လျှောက်၍ သာမဏေများက ပြုံးကြသည်။

"ဟဲ့ . . . ခင်မောင် ဘယ်လိုဖြစ်တာတုံး၊ နင့်အဖေပြောတဲ့အတိုင်း ဟုတ်သလား"

ဟု ဆရာတော်က ပြုံး၍ မောင်ခင်မောင်ဘက်လှည့်၍ မိန့်ကြားမေးမြန်းသည်။

"မဟုတ်ပါဘူးဘုရား၊ အဖေ့ကို တပည့်တော် ကောင်းမွန်စွာ လုပ်ကျွေးနေပါတယ်ဘုရား၊ တပည့်တော်ဇနီး ခင်ညွန့်ကလည်း အဖေ့ကို ကောင်းစွာစောင့်ရှောက် လုပ်ကျွေးပါတယ်

ဘုရား၊ တပည့်တော်က အဖေသီးစားချထားသော လယ်တွေကို သီးစားမချတော့ဘဲ တပည့်တော် လုပ်ပိုင်ခွင့်ပေးဖို့ တောင်းတာကစ အဆင်မပြေဖြစ်တာပါဘုရား။ ပြီးတော့ ယခုတလော အဖေက မြောက်ပိုင်းက မုဆိုးမ ဒေါ်တင်ရီနဲ့ ဘာလို ညာလိုလို ကြားလာတော့ တပည့်တော်ဇနီး မခင်ညွန့်က အဖေ့လယ်ယာတွေ ဒေါ်တင်ရီနောက် ပါတော့မှာပဲဆိုပြီး စိုးရိမ်ပြီး ပြောတာကအစ–

"တပည့်တော်ကလည်း ဖေဖေ ကျွန်တော်တို့နှင့် သေတပန်သက်တစ်ဆုံးနေပါ၊ သက်ထက်ဆုံး လုပ်ကျွေးပါ့မယ် ပြောပါတယ် ဘုရား။ အဲဒါကို ဖေဖေက လက်မခံဘဲ ငါက အဖေ၊ ငါပြောသမျှ ငါလုပ်သမျှ နာခံရမယ်ဆိုပြီး တပည့်တော်ကို ထရိုက်လို့ တပည့်တော်က စိတ်ဆိုးပြီး ဒီလို ပြောမိတာပါဘုရား။ ဒီလိုပြောတော့ ဖေဖေက မင်္ဂလာတရားမှာ မိဘလုပ်ကျွေးရမယ်ဆိုတာ ပါတယ်၊ မင်းဆရာက မသင်ဘူးလား၊ မင်းက ဆရာကောင်းတပည့် မပီသဘူး၊ မင်းဆရာကို တိုင်မယ်ဆိုပြီး တပည့်တော်ကို ဆရာတော်ထံ ခေါ်လာတာပါဘုရား"

ဟု မောင်ခင်မောင်က အပြည့်အစုံ လျှောက်ထားသည်။

"အင်း ... ဒကာကြီး၊ ခင်ဗျားတို့သားအဖ ဖြစ်နေပုံက **အဖေ ကျုပ်တို့ဘုရား တရားမှုပါတယ်ဗျ** ဆိုတဲ့ပုံလို ဖြစ်နေပြီ"ဟု မိန့်ကြားတော်မူရာ ဦးလှမောင်က–

"မှန်လှပါ အဲဒီပုံလေး ထင်ရှားအောင် ဟောပြပါဘုရား"ဟု ပြန်လည်လျှောက်ထားလိုက်သည်။

"အေး ... နားထောင်ကြ၊ ရှေးတုန်းက ရွာတစ်ရွာမှာ သားအဖနှစ်ယောက် ရှိကြသတဲ့။ သားက မယားမရခင်ကတော့ သားအဖနှစ်ယောက် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်နေကြသတဲ့။ မကြာခင်ပဲ သားက အိမ်ထောင်သက်ထား ဇနီးမယား ရသတဲ့။ မယားရတော့လည်း အိုးမခွဲ အိမ်မခွဲ အတူတူလုပ်ကိုင်စားသောက်နေကြသတဲ့။ ဒါပေမဲ့ အစစ အရာရာကိုတော့ ဖခင်ကြီးကသာ စီမံအုပ်ချုပ်နေသတဲ့။ ယောကျ်ားလုပ်သမျှ ဥစ္စာကို မစီမံ မကိုင်တွယ်ရတဲ့ မယားက လင်အပေါ် ဖခင်အပေါ် မကျေမနပ်ဖြစ်ပြီး လင်ကို ခဏ ခဏ ပူညံ ပူညံလုပ်သတဲ့။ မယားက ခဏ ခဏ ပူညံ ပူညံလုပ်တော့ ကြာတော့ မယားက လည်း ပူညံ ပူညံ၊ တစ်ဖက်က ဖအေကိုလည်း မပြောရဲ မဆိုရဲ တော့ စိတ်ညစ်ပြီး ထန်းရည်ချည်း သွားသောက်တော့သတဲ့။ ထန်းရည်မူးတော့ မိုက်စိတ်ကလေးဝင်လာတော့ ဖအေကိုလည်း ပြန်ပြောရဲလာတာပေါ့။ ပြန်ပြောရဲလာတော့ မယားပြောတဲ့ ခံစားချက်တွေကို ဖခင်ကို ပြန်ပြောရဲလာတော့တာပေါ့ကွဲ့။

အဲဒီနောက်တော့ မယားကလည်း ဖခင်ကို ရိုရိုသေသေ လုပ်ကျွေးပြုစုမှု မပြုလုပ်လာတော့ဘူးတဲ့။ သားကလည်းမူး၊ မယားကလည်း မရိုမသေ ပြုမူပုံတွေ ပြုလာတော့ ဖခင်ကြီးက

သားကို တိတ်တဆိတ်ခေါ်ပြီး ဆုံးမသတဲ့–

"သား ... ဖေဖေတို့က ယဉ်ကျေးလိမ္မာတဲ့ ဗုဒ္ဓဘာသာတွေ၊ ဘုရားရှင် အဆုံးအမ ခံယူထားသူတွေ၊ ဘုရားရှင်က သားတို့အတွက် မိဘအပေါ် ပြုစုရမယ့်ဝတ္တရားတွေ ဟောထားတယ်၊ မိဘအပေါ် ကျေးမွေးမပျက်ဆိုတဲ့ ဝတ္တရားကို နံပါတ်တစ် ဟောထားတယ်။ ပြီးတော့ တို့မြန်မာလူမျိုးတွေဟာ ဘုရားဟောတဲ့ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြလို့ မင်္ဂလာရှိတဲ့ လူမျိုးတွေကွဲ့။ မင်းဟာ ငါ့သားဖြစ်တော့ မင်္ဂလာတရားတော်မှာ မာတာပိတုဉပဋ္ဌာနံ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်းဆိုတာ ပါတယ်။ အဲဒီတော့ သားဟာ မင်္ဂလာရှိတဲ့ သားဖြစ်အောင် ဖခင်ကို မရိုမသေ မလုပ်ပါနဲ့၊ ရိုရိုသေသေလုပ်ကျွေးပြုစုပါကွယ်"လို့ ဟောပြောဆုံးမသတဲ့။

အဲဒီအခါမှာ ထွန်းရည်မူးနေတဲ့သားက ...

"အဖေ ... အဖေပြောသလို ဘုရားက သားသမီး ကျင့်ရမယ့် ဝတ္တရားတွေ ဟောသလို၊ အဖေ့ဘက်ကလည်း အဖေကျင့်ရမယ့် မိဘဝတ်တွေ ရှိတယ်ဗျ၊ ပေးဝေနိုးရင်းတဲ့ဗျ၊ ပြီးတော့ အဖေပြောတဲ့ မင်္ဂလာတရားမှာလည်း မိဘအနီး လုပ်ကျွေးရမယ်ဆိုတဲ့ မာတာပိတု ဉပဋ္ဌာန မင်္ဂလာရှိသလို သားသမီးတွေကို မကြောင့်မကြ မတောင့်မတနေရအောင် ထောက်ပံ့ပေးရမယ့် ပုတ္တဒါရဿသင်္ဂဟောဆိုတဲ့ မင်္ဂလာပါ ပါတယ်ဗျ။

အဖေ ကျုပ်တို့ဘုရားက အလွန်တရားမျှတတဲ့ ဘုရားပါဗျ" လို့ ပြောသတဲ့ကွဲ။

"ယခုလည်း ဒကာကြီးတို့သားအဖ တရားမျှတတဲ့ ဘုရား ဟောတဲ့အတိုင်း နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီး ကျင့်ကြလေကွဲ."

ဟု မိန့်ကြားတော်မူရာ စာလိုက်ရဟန်းသာမဏေများနှင့် သားအဖနှစ်ဦးမှာ နှစ်သက်သဘောကျကြပြီး တသောသော ရယ်ကြလေတော့သည်။

❖

## ဦးရွှေလာ ဘုန်းကြီး ဆိုင်းတီးသံ မကြားချင်သလို

သင်္ဂဇာဆရာတော်ဘုရားကြီး ရန်ကုန်မြို့ ကြားတောရကျောင်းတိုက်၌ သီတင်းသုံးနေတော်မူချိန်တွင် ရန်ကုန်မြို့၌ စူဠဂဏ္ဍိဂိုဏ်းနှင့် မဟာဂဏ္ဍိဂိုဏ်းဟူ၍ ဝါဒရေးရာနှင့် ပတ်သက်၍ ဂိုဏ်းနှစ်ဂိုဏ်း ကွဲပြားနေလေသည်။

တစ်နေ့တွင် စူဠဂဏ္ဍိဒါယကာတစ်ယောက် ဆရာတော်ထံသို့ ရောက်လာပြီး လျှောက်ထားသည်။

"အရှင်ဘုရား စူဠဂဏ္ဍိ မဟာဂဏ္ဍိ ဂဏ္ဍိနှစ်မျိုးရှိရာတွင် တပည့်တော်တို့ စူဠဂဏ္ဍိ ဘုန်းတော်ကြီးများသည် ဝိနည်းသိက္ခာတော်ကို အလွန်အလေးဂရုပြုကြပါသည်။

"အယုတ်အားဖြင့် ပွဲသဘင် အတီး၊ အမှုတ်၊ အက အခုန်ပါသော အလှူအတန်းများကိုပင် လိုက်၍ အလှူမခံကြပါ။ မဟာဂဏ္ဍိဘုန်းကြီးများမှာ ဝိနည်းသိက္ခာပုဒ်တော်ကို အလေးဂရုမပြု၊ အမှုမထား၊ ပွဲလမ်းသဘင်များကို တမင်လိုက်၍ ကြည့်ရှု

ကြပါသည်။ ဤကဲ့သို့ မဟာဂဏ္ဍိ ဘုန်းတော်ကြီးများ မြတ်စွာဘုရားရှင်၏ ဝိနည်းပညတ်တော်ကို မတည်၊ မညီမညွတ်ကျင့်သည်များကို အရှင်ဘုရားအနေဖြင့် သာသနာတော်ကိုကြည့်ရှုရသော သာသနာပြု သုဓမ္မာဆရာတော် ဖြစ်သည်နှင့်အညီ တရားဓမ္မ ညြဝါဒဖြင့် ဆုံးမတော်မူပါလျှင် အလွန်ပင် လျော်ကန်သင့်မြတ်မည် ထင်ပါသည်ဘုရား"

ထိုအခါ ဆရာတော်က ပြန်လည်မိန့်ကြားသည်မှာ–

"ဒါယကာ၊ ရှူဥဂဏ္ဍိ ဘုန်းကြီးများသည် ဘယ့်အတွက်ကြောင့် ပွဲလမ်းသဘင်များကို မကြည့်ရှုကြသည်ကို ဒါယကာသိသလော"

"မသိပါဘုရား"

"ဒါယကာ၊ ရှူဥဂဏ္ဍိ ဘုန်းကြီးများ ပွဲသဘင် မကြည့်ရှုကြဟု လျှောက်ထားသည်မှာ အလွန်တရာပင် နှစ်သက်ဝမ်းမြောက်ဖွယ် ရှိပါတယ်။ သို့ပေမဲ့ တောင်သာက 'ဦးရွှေလာဆိုသော ဘုန်းကြီး ဆိုင်းတီးသံဆို မကြားချင်ဘူး' ဆိုတာမျိုးလိုဖြစ်နေမည်ကို စိုးရတယ်"

ဟု မိန့်ကြားတော်မူသည်။

"ဦးရွှေလာအကြောင်း ထင်ရှားအောင် မိန့်ကြားပေးပါဦးဘုရား"

ဟု ဒါယကာက ပြန်လည်လျှောက်ထားသည်။



ဘုန်းကြီးဦးရွှေက ချွေးဒီးဒီးကျ မရပ်မနား
စည်းဝါးကျကျကနေတာကြာလှမက ကြာတော့

"တောင်သာမြို့က ဦးရွှေလာဆိုတဲ့ ဘုန်းကြီးဟာ ဘုန်းကြီး မဖြစ်မီ ရှေးအဖို့ လူတို့၏ အသက်မွေးရာမွေးကြောင်းဖြင့် ရုပ်သေးဇာတ်သဘင်သည် ဘဝနှင့် ဆိုက တီးမှုတ်လာခဲ့တဲ့ ဝါသနာ စွဲလမ်းမှုကြောင့် ရဟန်းအဖြစ် ရောက်တာတောင် ယောင်၍ ဆိုမိတယ်။ ဆိုင်းတီးသံကြားရရင် မရပ်မနား မကဘဲ မနေနိုင်အောင် ရှိသတဲ့။

တစ်နေ့တော့ တောင်သာမြို့က ဒါယကာတစ်ဦးဟာ မိမိ၏ သားကို မြတ်စွာဘုရား သာသနာတော်အတွင်း သွတ်သွင်းလိုလို့ ဘုန်းတော်ကြီး ဦးရွှေလာအား အလှူပွဲ ကြွတော်မူပါမည့် အကြောင်း ခွင့်တောင်းလျှောက်လာသတဲ့။

ဒီအခါ ဘုန်းကြီးက ဒါယကာ၏ အလှူပွဲတွင် သဘင် ဇာတ် အတီးအမှုတ် အကအခုန်တွေ ပါသလားလို့ မေးသတဲ့။ "အတီးအမှုတ် အကအခုန်တွေပါက ငါ စင်စစ် မလိုက်လို၊ တီးသံ မှုတ်သံကို ငါဘုန်းကြီး မကြားချင်၊ မမြင်ချင် အလွန်ပင် ရှောင်လိုတယ်"ဟု မိန့်ကြားသတဲ့။

ဒီအခါ ဒါယကာကလည်း . . .

"အရှင်ဘုရား၊ အတီးအမှုတ် အကအခုန် မငှားပါ၊ အလှူ ကိုသာ အားထားကြိုးစားလုပ်ပါတယ် အရှင်ဘုရား။ တပည့် တော်၏သား အလှူကို မကြွဘဲမနေပါနဲ့ဘုရား။ ဆက်ဆက် ကြွရောက် ချီးမြှင့်ပေးတော်မူပါဘုရား"လို့ တောင်းပန်လျှောက်

ထားပြီး ပြန်လာခဲ့သတဲ့။

အဲဒီဒကာအိမ်ကို ပြန်ရောက်တော့ ရွာသူ ရွာသားတွေက အလှူကြီးလှူမှတော့ လူသာခုခေါ် နတ်သာခုခေါ် ဖျော့လေး တော့ ထည့်မှသင့်မယ်လို့ ဝိုင်းပြောကြတယ်။ ဒီတော့ အလှူ ဒါယကာက ဖျော့ကို အဖိုးအခ အနည်းငယ်နှင့် ငှားပြီး ထည့် သတဲ့။

ဒီလိုနဲ့ အလှူရက် ရောက်တဲ့အခါ ဦးရွှေလာဆိုတဲ့ ဘုန်းကြီး ပုတီးကိုကိုင်ပြီး ပင့်ဖိတ်ထားသော အလှူမဏ္ဍပ်သို့ တန်းမတ်၍ ကြွလာတော်မူတဲ့အခါ ငှားထားသော ဖျော့ဆရာ ဆိုင်းသမား တို့က လူတကာ ကြည်ညိုလွမ်းအောင် စည်ရွှမ်း၍ပေးမှဟု အချက်ကျ စည်းမယုတ်အောင် တီးမှုတ်လိုက်ကြသတဲ့။

ထိုအခါ ကြွလာနေသော ဦးရွှေလာဟာ ဆိုင်းသံကို ကြားရ လျှင်ပဲ ဇာတ်သမားအထုံကို မပယ်ဖျောက်နိုင်တော့ သင်္ကန်း အစုံကို ဖျက်ပြီး လက်တစ်ဖက်က ပုတီးကိုကိုင်လျက် ပိုင်ပိုင် နိုင်နိုင်ကြီး ဆိုင်းစည်းချက် ဝါးချက်နှင့်အညီ ထ,ကပါလေရော။

ဘုန်းကြီးဦးရွှေလာကြီး ချွေးဒီးဒီးကျ မရပ်မနား စည်းဝါး ကျကျ ကနေတာ ကြာလှမက ကြာတော့ အလှူဒါယကာဟာ ဘုန်းကြီးဦးရွှေလာအနီးသို့ လက်အုပ်ချီ ကပ်သွားပြီး–

"မောလှပါပြီဘုရား၊ သည်းခံတော်မူပါဘုရား" လို့ လျှောက် ထားသတဲ့။

ထိုအခါ ဦးရွှေလာက-

"ငါ့အစရင်ကိုက အတီးအမှုတ် အကအခုန် မထည့်ပါနဲ့၊ ဆိုင်းသံကို လားလားမျှ မကြားချင်ဘူးလို့ ကြိုတင်မှာထားပါသနဲ့ ငါ့စကားကို မနာခံ၊ တီးလိုက်တာ ညံလို့၊ ဆိုင်းသံကြားခဲ့လျှင် အလွန်ပင် ကချင်သည်"

ဟု ဆိုသတဲ့ ဒကာရဲ့။ ယခုလည်း ဤဥပမာလို ဆိုင်းသံကို ကြောက်နေရမှန်း မသိ"

ဟု မိန့်တော်မူသည်။

ထိုအခါ လျှောက်ထားသော ဒါယကာနှင့် ပရိသတ်တို့မှာ တသောသော အတောမသတ်နိုင်အောင် ရယ်မောကြလေသည်။

❖

## ငါ့သမီးစကားလည်း ဟုတ်ဟုတ်ပဲ

တစ်ချိန်သောအခါတွင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် ပုသိမ်မြို့သို့ ရောက်ရှိပြီး ဒကာ ဒကာမ အပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားနေပါသည်။

တရားပွဲအပြီးတွင် ဆရာတော်ထံပါး၌ လာရောက် စုရုံးကြပြီး ဒကာ ဒကာမ အချို့သည် ဆရာတော်နှင့် အာလာပ သလ္လာပစကား ပြောဆို ဆွေးနွေးကြသည်။

လာရောက်ကြသော ဒကာ ဒကာမတို့တွင် ကျောင်းဒါယကာတစ်ဦးလည်း ပါလာပြီး ကျောင်းဒါယကာသည် မိမိ၏ သမီးနှစ်ယောက် ဉာဏ်ကောင်းသည်ကို အကြောင်းပြုလုပ်၍ ဆရာတော်ကို လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်တွင် သမီးကလေးနှစ်ယောက် ပေါ်ပေါက် ဖြစ်ထွန်းသည်မှာ ဉာဏ်စွမ်းဉာဏ်စ အလွန်ကောင်း

လှပါသည်ဘုရား။ အဘယ်အကြောင်းမျိုးမဆို ထိုထိုအရာ၌ာန ဟူသမျှတို့ကို မြင်ရုံဖြင့် တတ်သိ၍ မှတ်မိလှပါသည်ဘုရား"

ထိုအခါ ဆရာတော်ကြီးက လျှောက်ထားသူက လျှောက်ထားလာပါလျက် စကားသေးငယ်သည်ဟု ဂရုမစိုက် အလိုက်အထိုက်မပြော၊ တုဏှိဘာဝေနေပါလျှင် ပုထုဇဉ်ဉာဏ်နုသမားတို့သည်ကား-

'ဆရာတော်ဘုရားက ငါတို့အား အလေးမမှု ဂုဏ်ရှိသူများကိုသာ စကားလက်ခံ၍ ဆက်ဆံပြောဟောလေ့ရှိသည်ဟု နှလုံးသွင်းတတ်သည်။ သို့အတွက် ထိုဒကာအကြိုက် လိုက်လျောညီထွေစွာ စကားဆုံးမ ပြောဆိုရမည်'ဟု စိတ်ကူးပြီးလျှင်-

"ကျောင်းဒကာ၊ သတ္တဝါတို့မည်သည်မှာ ပါရမီလျှင် အရင်းခံရှိကြသဖြင့် မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အခြေခံ ပါရမီဟူသော အကြောင်းကြောင့် ဉာဏ်ကောင်းသော အဖြစ်သို့ ရောက်ကြရသည်။ နောက်နှောင်က ကောင်း၍ ယခုကောင်းသည်ဟု မှတ်ရပါမည်။ မိဘ ဆိုဆုံးမစကား သွန်သင်ပါလျှင် လိမ္မာလောက်သော အခွင့်ရှိလင့်ကစား မိဘများတို့ အသင်အကြား အဆုံးအမလို၍ ကိုယ်ကို မှီ၍ဖြစ်သော သမီးသားတို့သည် မကြီးပွား မလိမ္မာခြင်းဖြစ်ရသည်။

"လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုံဗ္ဗာစရိယ၊ မိနှင့်ဘ" ဟူ၍ ရှေးက ဆိုရိုးရှိသည့်အတိုင်း ရိုင်းစိုင်းမိုက်မဲခြင်း၊ အဖျင်း

အညှဲ့ မဖြစ်ရလေအောင် ကြံဆောင်ဩဝါဒ ပေးရသည်။ ရှေးက သားအဖ သုံးယောက်ရှိရာ သမီးနှစ်ယောက်၏ ဆင်ခြေဆင်လက် စကားကြောင့် ဖခင်က ဟုတ်သေးသားပဲဆိုပြီး လိုက်နာရသည့် သဘော မဖြစ်စေနဲ့ ကျောင်းဒကာ"

ဟု မိန့်တော်မူလေသည်။

ထိုအခါ ကျောင်းဒကာက-

"ဥပမာထုတ်ပြသော သားအဖသုံးယောက်အကြောင်း ကောင်းစွာ မှတ်သားဖို့ရန် အကျယ် အမိန့်ရှိပေးပါဦးဘုရား"

ဟု ထပ်မံပန်ကြား လျှောက်ထားလေသည်။

"အေး . . . ကျောင်းဒကာ မှတ်ထားပါလေ၊ ရှေးက ဒါယကာတစ်ယောက်မှာ သမီးနှစ်ယောက် ရှိသတဲ့။ တစ်နေ့ သောအခါ ထိုဒါယကာသည် သမီးငယ်ကို ခေါ်ပြီး တောသို့ အလည်အပတ် သွားသတဲ့။ လမ်းခရီးမှာ ဝါးရုံပင်တစ်ခု၌ ရာသီ အလျောက် အစို့အညှောက်ထွက်ပေါ်လာသော မျှစ်ကို တွေ့မြင်၍ အဖက-

"ဟောကြည့်စမ်း သမီး၊ ဤမျှစ်ကြီး၏ စနစ်သည် မျှစ်ပင် ဖြစ်ငြားသော်လည်း အပေါ်သို့ ခွဲပြီးလျှင် မြေထဲက ထွက်လာ ရသည်"

ဟု ပြောဆိုသတဲ့။ အဲဒီအခါမှာ သမီးလုပ်သူက-

"အဘရယ် မြေကိုခွဲ၍ လာနိုင်မှာပေါ့။ မျှစ်တို့သဘောမှာ

အချွန်ကြီးနှင့် ဖြစ်သည်။ အချွန်မရှိသော မှိုတို့ပင် ထိပ်တိုနှင့် မြေထဲကခွဲ၍ လာနိုင်ပါသေးသည်”

လို့ ဆိုလိုက်သတဲ့။

အဲဒီအခါမှာ ဖခင်က “အင်း … ငါ့သမီးပြောစကားလည်း ဟုတ်ဟုတ်ပဲ”လို့ဆိုပြီး အိမ်ပြန်လာသတဲ့ကွဲ့။ အိမ်ပြန်ရောက်တော့လည်း သမီးငယ်ပြောသော အခြင်းအရာတို့ကို သမီးကြီးကို ပြောပြလျက် “ငါ့သမီးငယ်ကတော့ သိပ်လိမ္မာ၊ သိပ်တတ်သိနားလည်တာပဲ”ဆိုပြီး ချီးမွမ်းစကား ပြောဆိုသတဲ့။

ဒီလိုနဲ့ တစ်နေ့ကျတော့ သမီးကြီးကိုခေါ်ပြီး တောဖျားသို့ သွားကြပြန်သတဲ့။ တောစပ်မှာ ငှောစ်အမည်ရှိသော ငှက်ရဲ့ သစ်ပင်ထက်ကနေပြီး မြည်သံကို ကြားသတဲ့။ အဲဒီအခါမှာ ဖခင်က “ကြည့်စမ်း သမီး၊ ဤငှောစ်ငှက်သည် လည်တံကြီးပင်ရှည်သော်လည်း အသံကတော့ ကောင်းလှပေသည်”လို့ ပြောဆိုသတဲ့။ အဲဒီအခါမှာ သမီးကြီးက တစ်နည်းကြံဖန်၍ ဉာဏ်နှင့် ပြောဆိုသည်မှာ–

“အို … အဖကလဲ သဝိဉာဏက သက်ရှိသတ္တဝါဖြစ်သော ငှောစ်ငှက်သည် အသက်နှင့်ဖြစ်၍ စင်စစ် အသံကောင်းသည်ကို အကြောင်းတစ်ခုပြု၍ ချီးမွမ်းလောက်သေးသည် မဟုတ်ပါ။ အဝိဉာဏ အသက်မရှိသော နှဲသည်ပင် အသံကောင်းလှပါသည်။ လည်ချောင်းရှိပါ၏”

လို့ ပြောသတဲ့။ အဲဒီအခါမှာ ဖခင်ကြီးက–

"အင်း ... ငါ့သမီးကြီး ပြောစကားလဲ ဟုတ်ဟုတ်ပဲ"

လို့ ဆိုပြန်သတဲ့ ကျောင်းဒကာရဲ့။ ဤအတူ ကျောင်းဒကာမှာလည်း သမီးများ၏ဂုဏ်ကို ဖော်ထုတ်၍ ဟုတ်ဟုတ်ချည်းပဲ လိုက်နေရဦးမယ်နော်"

ဟု မိန့်ကြားတော်မူလိုက်ရာ ကျောင်းဒကာနှင့်တကွ ပရိသတ်မှာ တသောသော ရယ်မောကြရတော့သည်။

❖

## သားဆုံးလို့ တရားတစ်လုံးမှ မမှတ်မိပါ

တစ်ချိန်သောအခါတွင် သင်္ဂဓာဆရာတော်ဘုရားကြီးသည် တရားဓမ္မဒေသနာများကို ဝေနေယျအများတို့အား နာကြားနိုင်စေရန် မြန်မာပြည်အောက်ပိုင်းသို့ လှည့်လည်ကြွတော်မူရာတွင် ကျိုက်ထိုမြို့သို့ ရောက်ရှိတော်မူလေသည်။

ကျိုက်ထိုမြို့အရောက်တွင် ဒါယကာ ဒါယိကာမများကို တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။ ထိုတရားပွဲကို စီမံအုပ်ချုပ်သော မြို့အုပ်ဦးမှတ်ကလေးသည် ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံသောသူဖြစ်၍ အထူးကြပ်မတ်ပြောရဆိုရ၊ ဝေယျာဝစ္စအမှုတို့ကို ကြည့်ရှုဆောင်ရွက်နေရသောကြောင့် ဆရာတော် ဟောကြားသော တရားကို ရံခါလာ၍ နာရသည်၊ ရံခါထ၍ သွားရသည်။ သူတစ်ပါးတို့ လုပ်ကိုင်သည်ကို အားမရ၍ ထလိုက် ထိုင်လိုက်ဖြင့် အလုပ်ရှုပ်နေရသည်။

ထိုသို့ ဦးမှတ်ကလေး အလုပ်ရှုပ်ပြီး တရားကို သေချာစွာ မနာနိုင်သည်ကို သိသော ဆရာတော်ဘုရားက တရားပွဲအပြီးတွင် မိမိအနားသို့ လာရောက်သော မြို့အုပ်ဦးမှတ်ကလေးကို–

"မြို့အုပ်မင်း၊ ယခု ဆရာတော်ဟောကြားသော တရားများကို မှတ်သားမိပါ၏လော"

ဟု မေးတော်မူသည်။

"မှန်လှပါ၊ ဆောင်ရွက်ကြည့်ရှုရသော ကိစ္စတွေက များ၍ တရားကို မမှတ်မိပါဘုရား"

"အင်း ... မြို့အုပ်မောင်မှတ်ကလေးမှာ ရှေးက အမယ်ကြီး တစ်ယောက် သားဆုံးလို့ တရားတစ်လုံးမှ မမှတ်မိတော့ ထပ်ပြီး ဟောပါဦးဆိုသလို ဖြစ်နေတော့သည်"

ဟု ဆရာတော်က မိန့်လေသည်။

"အရှင်ဘုရား မိန့်ကြားသော ဥပမာကို ထင်ရှားအောင် ဟောပေးတော်မူပါဦးဘုရား"

"ဒါယကာတို့၊ ရှေးက ရွာတစ်ရွာမှာ ဒါယိကာမ တစ်ယောက်မှာ သားတစ်ယောက်ရှိတယ်။ တစ်နေ့မှာ ချစ်လှစွာသော သားကလေးက ကွယ်လွန်သွားတော့ သံဃာတော်များကို ပင့်ဖိတ်ဆွမ်းကျွေးပြီး အသုဘရက်လည်တရား နာကြားသတဲ့။ ဆရာတော်ကလည်း ဒါယိကာမကြီး သံဝေဂတရား ပွားများနိုင်ရန် အသုဘဆိုင်ရာ တရားတော်များကို ဟောကြားသတဲ့။ ဒါပေမဲ့

ဒါယိကာမကြီးက သားကို လွမ်းဆွတ်တသ သတိရ အာရုံပြုနေသဖြင့် ဆရာတော်ဟောသော တရားကို နားမဝင် မမှတ်မိဘဲ ရှိနေသတဲ့။ တရားဟော၍အဆုံး နိဂုံးအရပ် အဘိဓမ္မာထပ်ပြီး လျှင် ပရိသတ်အပေါင်းက ဆုတောင်းကြကုန်ဟု အဆိုတွင် ထိုသားသေသော ဒါယိကာမကြီးက "ဆရာတော်လဲ တရား အပြီးသတ်သွားပါပေါ့၊ တရားကိုလဲ တစ်လုံးမျှ မမှတ်မိ၊ ထပ်ပြီး ဟောတော်မူပါဦးဘုရား"လို့ ထပ်မံလျှောက်ထားသတဲ့။ အဲဒီအခါမှာ ဆရာတော်က–

"ဒကာမကြီးမှာ သည်သားသေ၍ ဗျာပါသောအား နှလုံး မထားသောကြောင့် တရားကိုမှ မမှတ်မိ၊ ငါ့မှာလဲ သင်တို့ လျှသည်က နည်းပါး၊ တပည့်ကများသဖြင့် ကျောင်းသား ကိုရင် တို့ မဝေခြမ်းလောက်မည်ကို စိုးရိမ်သောက ဖြစ်နေရသောကြောင့် အဘယ်တရားမျိုး ဟောမိမှန်း မသိတော့ဘူး"

လို့ မိန့်ကြားသတဲ့ မြို့အုပ်မင်းရဲ့။ ယခုလည်း မင်းနှင့်ငါ ခတ်သိမို့ မမှတ်မိတဲ့အတူတူ ချန်ထားကြစို့ကွယ်"

ဟု ဆရာတော်က မိန့်ကြားတော်မူရာ ပရိသတ်တို့မှာ တသောသော ရယ်မောကြကုန်တော့သည်။

❖

## အရည်မှီတင်း နုံးသီချင်း ဆိုမနေကြနဲ့

သင်္ဂဇာဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတောင်၊ မဟာလောက မှန်ကင်းချောင်တွင် မင်းတုန်းမင်းကြီး ဆောက်လုပ်လှူဒါန်းအပ်သောကျောင်း၌ သီတင်းသုံးနေချိန်ကာလ ဖြစ်သည်။

တစ်နေ့တွင် ဆရာတော်သည် မိမိ၏တပည့်များကို ဆိုဆုံးမလိုသည်ဖြစ်၍–

"ငါ့ရှင်တို့ . . . . ယခု စစ်ကိုင်းတောင်ရိုး၌ ခိုကိုးမှီတင်း သီတင်းသုံး နေထိုင်ကြကုန်သော ပုဂ္ဂိုလ်ဟူသမျှတို့ကို အရည ဝါသီ တောမှီပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုပညတ်ခြင်း၏ အရင်းမူလကို ပြောပြ လျှောက်ထားကြစမ်းပါဟု မေးလေသည်။

ထိုအခါ တပည့်တစ်ပါးက–

"ကုလလေးတာ ငါးရာကွာဝေးသော တောအရပ်၌ ဣရိယာပထ မျှတစွာနေထိုင်ကြသောကြောင့် အရညဝါသီပုဂ္ဂိုလ်ဟု ခေါ်ဆိုပညတ်ပါသည်ဘုရား"

ဟု လျှောက်ထားလေသည်။

"ငါ့ရှင်တို့ . . . ကုလလေးတာ ငါးရာကွာဝေးသောအရပ်၌နေကြ၍ အရညဝါသီဟု ခေါ်ဆိုလျှင် ဤကျောင်းတိုက်အနီးတွင် ခိုမှီးနေကြသော ယုန်စသော သတ္တဝါများသည်လည်း အရှင်ဘုရားတို့ကဲ့သို့ မြို့နှင့် ကုလလေးတာ ငါးရာကွာဝေးသောတောအရပ်၌ပင် မပြတ် ပျော်ရွှင်စွာနေသဖြင့် အရညဝါသီပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်သည် မဟုတ်ပါလော။ ငါ့ရှင်တို့နှင့် မည်ရွေ့မည်ပုံ ခြားနားကြပါသလဲ"

ထိုအခါ တပည့်များစွာတို့သည် တစ်စုံတစ်ရာ တစ်ခွန်းမျှပြန်မလျှောက်တော့ဘဲ ငြိမ်သက်စွာ နာခံနေကြလေသည်။

"ငါ့ရှင်တို့ . . . ဘုရားရှင်၏အလို အရညဝါသီမှာ ထိုထိုဤဤ ဗာဟိရက ကာမဝတ္ထု အစုစု အာရုံ ခံ့ခံ့မင်မင် ချစ်ခင်မြတ်နိုး အလိုဆိုးပါပ မိစ္ဆာရှိခဲ့ကြလျှင် အရညဝါသီ တောများနေသော်လည်း ထိုသူသည် တောနေ ယုန်သတ္တဝါကဲ့သို့ပင်သဘောရှိပေသည်။ အရညဝါသီ တောမှီပုဂ္ဂိုလ်ဟူက လူမာတုကာမ, ဝိသဘာဂအာရုံများ တွေ့ကြုံနည်းပါး၍ တည်ကြည်သော စိတ်ထားနှင့် တရားနှလုံးသွင်းနေကြမှသာ အရညဝါသီရဟန်းမည်ပါမည်။ ငါ့ရှင်တို့ . . . ရှေးက တောထွက်ရဟန်းကြီးတောကျောင်းနေသလို မလုပ်ကြလေနှင့်"

"ဆရာတော်ဘုရား . . . တောကျောင်းနေ တောထွက်

ရဟန်းကြီး အကြောင်းစုံကို ရှင်းလင်းမိန့်ကြား ပေးတော်မူပါဘုရား”

“အေး . . . ငါ့ရှင်တို့ နားထောင်ကြ၊ ရှေးက အသက်အရွယ်ကြီးမှ ရဟန်းပြုသော တောထွက်ရဟန်းကြီးတစ်ပါးသည် တပည့်သားမြေးမရှိ၊ မိမိတစ်ကိုယ်တည်းဖြင့် တောကြီးထဲ၌ သက်ငယ်မိုးကျောင်းငယ်နှင့် မှီတွယ်သီတင်းသုံး နေထိုင်သတဲ့။

များစွာသော ဒါယကာ ဒါယိကာမတွေကလည်း တောနေ တရားအကျင့်ကို ကျင့်နေတဲ့ ရဟန်းကြီးဆိုပြီး သဒ္ဓါပသန္န ဗလဝတရား ဖြစ်ကြ၍ နှစ်သက်ချီးမွမ်းကြ၊ ပစ္စည်းလေးပါးတို့ဖြင့် မပြတ်ထောက်ပံ့ လှူဒါန်းကြသတဲ့။

ဒါပေမဲ့ ရဟန်းကြီးက ဝါသနာအလိုက် တေးသီချင်းကြိုက်သဖြင့် လူလစ်သောအခါ သူ့ဘာသာသူ တိတ်တိတ် ကျောင်းတံခါးပိတ်ပြီး စိတ်ရှိတိုင်း သီချင်းဆိုလေ့ရှိသတဲ့။

တစ်နေ့သောအခါမှာ ရွာတစ်ရွာမှ ဒါယကာတစ်ယောက်ဟာ နွားပျောက်လို့ အရှာသွားရင်း ကျောင်းနားသို့ ရောက်လာသတဲ့။ အရှည်ကင် ခုတင်အလေ့ကျင့်နှင့် သိမ်မွေ့သော ရဟန်းကောင်းတို့ ခိုအောင်းနေရာသို့ ငါရောက်လာပါလား ဆိုပြီး နွားပျောက်ရှာသူက တိတ်တိတ်ဆိတ်ဆိတ်ဝင်ပြီး ကျောင်းတလင်းအောက်နားမှာ ကွမ်းစားရင်း ထိုင်နေသတဲ့။

အဲဒီအချိန်မှာပဲ တောထွက်ရဟန်းကြီးက တစ်ကိုယ်တည်း

ငါချည်းတစ်ပါးတည်း ဘယ်သူမှ မရှိဘူးဟု နှလုံးပြုပြီး ပျင်းရိသည့်အလျောက် လက်ဖျောက်နှင့် စည်းချလျက် ခြေမကို ချက်နှင့်နင်းပြီး ဒုံးသီချင်းကို ဆိုသတဲ့။

"ပါပါတဲ့ ညှာညှာ၊ ကျုပ် မီးရှေ့ဝါ တိမ်ကို ထိုးမယ်၊ စိုးရိမ် လှပါ၊ သိကြားမင်းကြီး ခင်ဗျာ၊ ကျုပ် မီးရှေ့ဝါ တိမ်က ဆင်းအောင် နင်းချလိုက်ပါ"

ဤကဲ့သို့ စည်းဝါးချက်ကျကျ သီချင်းဆိုနေသည်ကို နေခိုရင်း နားနေသော ဒါယကာက ကြားသတဲ့။

"လားလားမျှ မလျော်၊ ဤအမှုမတော်လေခြင်း"

ဟု ဒါယကာက ကျောင်းပေါ်က မည်သည့်ပုဂ္ဂိုလ်လဲဟု သိရလေအောင် အပေါ်သို့ တက်သွားသတဲ့။ လှေကားက တက်လာသံကြားတော့ တောထွက်ရဟန်းကြီး ထပြီး တံခါးဖွင့်ပေးရင်း မိမိသီချင်းဆိုနေသည်ကို မသိသေးဘူးအထင်နှင့်–

"ဒါယကာ . . . ယခုမှ ရောက်လာပါသလော"လို့ မေးသတဲ့၊ ဒါယကာကလည်း–

"မှန်လှပါ ယခုမှ ရောက်ပါသည်၊ အရှင်ဘုရား တောကျောင်းသို့ ရောက်လာတော့ များစွာစိတ်နှလုံးညွတ်နူးလျက် တရားကို အထူးအားထုတ်လိုသော စိတ်ထားရှိခဲ့ပါသည်ဘုရား" လို့ လျှောက်ထားသတဲ့။

"ဒီလိုဆို ဒါယကာ၊ ငါ့ကျောင်းသို့ လာလော့၊ ငါနှင့်

အတူနေပြီး တရားအားထုတ်ပါလော့”ဟု မိန့်ကြားသတဲ့။

“မှန်လှပါ နေတော့ နေချင်ပါ၏။ နေမည်ဟု နှလုံးသွင်းသော်လည်း အရှင်ဘုရားကဲ့သို့ ဒုံးသီချင်းက မဆိုတတ်တော့ ခက်သည်”

ဟု လျှောက်ထားလိုက်သတဲ့။

ငါ့ရှင်တို့ရဲ့၊ ထိုအတူ ငါ့ရှင်တို့မှာလဲ အရညာဝါသီ နိမ်းမည်ဟု နှလုံးသွင်းလျက် ဒုံးသီချင်းတော့ ဆိုမနေကြနဲ့”

ဆရာတော်က ဤသို့ မိန့်ကြားအဆုံးသတ်လိုက်ရာ တပည့်ပရိသတ်အပေါင်းမှာ တသောသော ရယ်မောပျော်ရွှင်ကြလေတော့သည်။

❖

# မိပိုးနတ်ကိုးသလို

တစ်နေ့သောအချိန်တွင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဥတုသပ္ပါယ ညီညွတ်ခြင်းနှင့် ပြည့်စုံသော ပျဉ်းမနားမြို့အရပ်၌ ဝါကပ်လိုသဖြင့် မင်းတုံးမင်းကြီးထံသို့ ကိုယ်တိုင်ကြွရောက်တော်မူ၍ ဤသို့ မိန့်ကြားမေးတော်မူသည်။

"ဒကာတော်မင်းမြတ် . . . ဆရာတော် ဥပမာတစ်ခုပြော မည်၊ ဆန်ကောများ ပျက်လျှင် မည်သည့်အကွက်က စ၍ပျက် တတ်ပါသနည်း"

"အရှင်ဘုရား ဆန်ကောပျက်သောအခါ အနားကွက်ကစ၍ ပျက်တတ်ပါသည်ဘုရား"

"ကောင်းလှပါပြီ ဒကာတော်၊ ယခုပြောသော စကား အလားကဲ့သို့ပင် ပျဉ်းမနားအရပ်သည် နယ်စပ်ပယ်ခြား ကျောက် တိုင်ထားသဖြင့် ကုလားနယ်နှင့် နီးကပ်၍ မြတ်စွာဘုရား သာသနာတော်ကြီးသည် ခရီးကောင်းကင် တိမ်မစင်သောလ

သဖွယ်ကဲ့သို့ တင့်တယ်စွာ ထွန်းပမည်မထင်။ သို့အတွက်ကြောင့် ဆရာတော် ကြွ၍ ဘုရားရှင် သာသနာတော်ကို ပြုလိုပါသည် ဒကာတော်"

"အရှင်ဘုရား . . . တပည့်တော်မှာ အရှင်ဘုရား၏ အဆုံးအမ ဩဝါဒပဋိပတ်ကို မပြတ်ကြားနာ မှတ်သားရသဖြင့် အကျိုးများစွာ ရှိပါသည်။ ဆရာတော်နှင့် ဝေးကွာလျှင် ကောင်းစွာကြားနာရတော့မည် မဟုတ်ပါ။ သို့သော်လည်း ဆရာတော်ဘုရား ကြွတော်မူလိုလျှင် ကြွတော်မူပါ။ ပျဉ်းမနားမြို့သို့ ရောက်လျှင် ဖူးပင်၊ ဖရုံပင်ကဲ့သို့ ကျင့်တော်မူပါ၊ ကန်စွန်းပင်ကဲ့သို့ မကျင့်ပါနဲ့ဘုရား"

(ရောက်ရာအရပ်မှာ အမြစ်မတွယ်ပါနဲ့ဟု ပရိယာယ်ဖြင့် လျှောက်ထားခြင်းဖြစ်သည်။)

"ကောင်းလှပါပြီ ဒကာတော်၊ လျှောက်ထားသည့်အတိုင်း ဖူးပင်၊ ဖရုံပင်ကဲ့သို့ ကျင့်ပါမည်၊ သို့သော်လည်း နောက်ပိုင်းက အမြစ်ကိုတော့ ရေမခြောက်ပါစေနဲ့"

(ကျန်ရစ်သော တပည့်သား သံဃာတော်များကို မမေ့ထားရန် ရည်ရွယ်၍ ပြုံးရွှင်စွာ မိန့်ကြားတော်မူသည်။)

မင်းတုံးမင်းကြီးနှင့် မှူးမတ်တို့သည်လည်း ပြုံးတော်မူကြ၍ မင်းတုံးမင်းကြီးက–

"အရှင်ဘုရား ကြွမှာသာ ကြွတော်မူပါဘုရား၊ တိုက်တာရှိ

တပည့်သား သံဃာတော်များအတွက် စိတ်လက်ချတော်မူပါ။ ဒကာတော် ထောက်ပံ့စောင့်ရှောက်တော်မူပါမည်။ ဖူးညွှန့်ကိုသာ မရှည်ပါစေနဲ့ဘုရား"

ဟု ပြုံးရွှင်စွာ ဆက်လက်လျှောက်ထားသည်။

မင်းတုံးမင်းကြီးထံမှ ခွင့်ရပြီးသော သင်္ဃာဆရာတော်ဘုရားကြီးသည် တပည့်အပေါင်း ခြံရံလျက် ပျဉ်းမနားသို့ ကြွတော်မူ၍ သင့်တော်သောကျောင်း၌ သီတင်းသုံးကာ ရဟန်းရှင်လူအများအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။

ထိုအချိန်ဝယ် ပျဉ်းမနားမြို့၌ အချို့သော ပညာဗဟုသုတနည်းပါးသူတို့က "ဘုရား ရဟန္တာတို့မှာ စိတ် စေတသိက်မရှိ၊ အကယ်၍ ရှိခဲ့လျှင် ပုထုဇဉ်တို့နှင့် အာရုံခံစားခြင်း ခြားနားကြတော့မည်မဟုတ်"ဟု အားထုတ်မာန်တင်း အသင်းအဖွဲ့ကြီးတစ်ခု ဖွဲ့စည်းဖြစ်ပေါ်လျက်ရှိသည်။

"ရဟန္တာတို့မှာ စိတ် စေတသိက်ကား ရှိ၏။ ငြိတွယ်သောအားဖြင့် ခံစားခြင်းမရှိ"ဟု ပကတိလမ်းမှန်သူတို့က အာပေါင်အာရင်း မသန်၍ အညံ့ခံနေရလေသည်။

ထိုအခါ နှစ်ဖက်သောအသင်းသားတို့သည် သင်္ဃာဆရာတော်ဘုရားထံ ရောက်လာကြပြီး နှစ်ဖက်အယူကို အသီးသီး လျှောက်ထားပြကြသည်။ ဓမ္မဝါဒီအသင်းသားတို့က–

"စက္ခုဝိညာဏော န သံဝါ သံရာဂ ပုတ္တံ ဝိဓာယတိ အာရမ္မဏ စိန္တေတိ"ဟူသော ပါဠိပါဌ်သားတွေနှင့် ဉာဏ်ရှိသမျှ ထ၍ လျှောက်ထားကြလေသည်။

ထိုအခါ ဆရာတော်ကြီးက–

"အင်း . . . ငါလည်း စိတ် စေတသိက် မရှိဟု ဆိုသော စကားကို သဘောကျသည်။ ဘုရား ရဟန္တာတို့မှာ မင်းတို့ ပြောသည့်အတိုင်း စိတ် စေတသိက်လည်းမရှိ၊ စကားလည်း မပြော၊ တရားလည်းမဟော၊ ဆွမ်းလည်းမစား၊ ကျင်ကြီး ကျင်ငယ်လည်း မသွား"

ဟု မိန့်တော်မူသည်။

ထိုအခါ ဓမ္မဝါဒီ အသင်းသားများက–

"ယခု ဆရာတော်ဘုရားစကားအရ ထောက်ဆ ဆင်ခြင် သော် ယခင်က စိတ် စေတသိက်မရှိ ဟူသော အဓမ္မဝါဒီ အသင်းသားတို့ ဘုရားထက်ပင် ဆိုးနေပါပကော ဘုရား"

ဟု လျှောက်ထားကြသည်။

"အဘယ်ကြောင့် ဆိုးရမလဲကွဲ့၊ သူတို့ပြောသည့် ဘုရားက အသက်ရှိသော ဘုရားမှ မဟုတ်တာ။ ကျောက်ဆင်းတုကို ပြော တာကိုးကွဲ့"

ဟု မိန့်ကြားတော်မူရာ ပရိသတ်အပေါင်းမှာ ပွဲတင်ထပ်မျှ ရယ်မောကြလေသည်။

ထို့နောက် ဆရာတော်ဘုရားကြီးက ငါ . . . ငါ စွဲလမ်းတတ်သော တဏှာအကြောင်းမှစ၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ကိလေသာအဆင့်ဆင့် ပယ်သတ်ပုံတို့ကို အကျယ်တဝင့် ဟောပြောပြတော်မူသည်။

"ရဟန္တာအဖြစ်သို့ ရောက်မှုကား တဏှာသုံးပါး အမြစ်ပြတ်ပြီး ငါ့သပိတ်၊ ငါ့သင်္ကန်းဟူ၍ အစွဲအလမ်းမရှိပြီ။ ထိုသို့ အစွဲအလမ်းဖြင့်လည်း မသုံးဆောင်တော့ပြီ။ တစ်ပါးသူတို့နှင့် မဆန့်ကျင်အောင် ဝေါဟာရ၌ လိမ္မာတော်မူသောအားဖြင့်သာ သုံးစွဲကြသည်။ တေဘူမက တရားတို့ကို အာရုံပြုသော်လည်း ငြီတွယ်သောအားဖြင့် အာရုံပြုသည်မဟုတ်။ အာရုံပြုကာမျှသာ ဖြစ်တော့သည်။ ဤသို့ မှတ်ယူကြပါ။ ယခု မင်းတို့ ဘုရားကိုးကွယ်တာက မိပိုး နတ်ကိုးကွယ်သည်နှင့် တူနေသည်"

ဟု ဆက်လက်မိန့်ကြားတော်မူရာ . . .

"အရှင်ဘုရား၊ ဥပမာထင်ရှားအောင် ပြတော်မူပါဦး ဘုရား"

ဟု ဓမ္မဝါဒီ အသင်းသားများက လျှောက်ထားကြသည်။

"လူအများ နတ်ကိုးကွယ်ကြသည်မှာ နတ်ရုပ်ကို စိတ်၌ အတုမျှသာ သဘောထား၍ ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့ကို ရည်ရွယ်ပြီး ကိုးကွယ်နေကြသည်။ တောရွာတစ်ရွာမှ မိပိုးဆိုသူက ထိုသို့ မဟုတ်။ နတ်စင်၌ရှိသော နတ်ရုပ်ကို အသက်ရှိ အဟုတ်ထင်

မှတ်၍ ကိုးကွယ်သတဲ့။ နတ်ရုပ်၌ ပန်းနံ့သာ အဝတ်တန်ဆာ ဆင်ယင်လိမ်းကျံထားသည်ကိုလည်း လူတွေက လာလုပ်ပေးထား သည်မထင်၊ နတ်ဘာသာနတ် ဝတ်စားဆင်ယင် လိမ်းကျံသည်ဟု ထင်မှတ်နေသတဲ့။

တစ်နေ့တော့ မိပိုးက ဒေါနပန်းတစ်ခက်ကို ယူပြီး နတ်စင် သို့သွားကာ "ပန်ဆင်တော်မူပါ"ဟု ပြောပြီး နတ်ရုပ် လက်ထဲသို့ ထည့်ထားသတဲ့။ ပြီးတော့ နတ်ရုပ်ကို ရှိခိုးသတဲ့။ ရှိခိုးပြီး နတ်ရုပ်ကို ကြည့်လိုက်တော့ ဒေါနပန်းက သူထည့်ထားသည့် အတိုင်း ရှိနေတာကို တွေ့ရတော့–

"နတ် ... နတ်နှင့် တို့အိမ်က ငမှတ်လောက်မှ ဖျတ်ဖျတ် လတ်လတ် မရှိပေဘူး"ဟု ဆိုသတဲ့ကွဲ့."

ဟု ဆရာတော်က မိန့်ကြားလေရာ ပရိသတ်အပေါင်းမှာ တသောသော ရယ်မောမဆုံး ရှိကြလေတော့သည်။

❖

## ဟောမိမလွှဲနိုင်လက်ာနည်း
## ကရင်ဆရာကြီး အယူလွဲသလို

တစ်နေ့သောအခါ သင်္ဂဇာဆရာတော်ဘုရားကြီးသည် ပျဉ်းမနားမြို့တွင် သီတင်းသုံးနေစဉ်အချိန် ဖြစ်သည်။ ပျဉ်းမနားမြို့သား မောင်မဲဆိုသူသည် ဆရာတော်ထံသို့ ရောက်လာပြီး တရားစကား ဆွေးနွေးလျှောက်ထားလေသည်။

"အရှင်ဘုရား သဗ္ဗညုဟ်ပါဠိအရ နိဗ္ဗာန်သည် တစ်ဆယ့်တစ်ပါးသော အပြားမရှိသောကြောင့် ခန္ဓာဟူသော အရေအတွက်မှ လွတ်သည်ဟု ပါရှိပါသည်ဘုရား။ သို့ဖြစ်၍ နိဗ္ဗာန်ဟူကား ကိုယ်တွင်းကိုယ်ပ ရအပ်သော တရားမဟုတ်။ အဝေးအ' ရအပ်သော တရားမျိုးလည်း မဟုတ်။ မြတ်သော ယုတ်သေ. တရားမျိုးလည်း မဟုတ်။ ရုန့်ရင်းကြမ်းတမ်းသော၊ နူးညံ့ သိမ်မွေ့သော တရားမျိုးလည်းမဟုတ်။ အတိတ်၊ အနာဂတ်၊

ပစ္စုပ္ပန် ရအပ်သောတရားမျိုးလည်း မဟုတ်။ စင်စစ် ဘာမျှ မရအပ်သောတရားမျိုး ဖြစ်သည်ဟု သဘောရပါသည်ဘုရား။ ကဗျာလင်္ကာ၌လည်း ဘဝခြုံရာ ပြည်ခေမာဟု သေချာစွာ စပ်ဆိုထားသည် ရှိပါသည်ဘုရား”

ထိုအမေးကို ဆရာတော်ဘုရားက အထူးထူးသောနည်းနာ နိဿယတို့ဖြင့် မောင်မဲ၏အမေးကို ဖြေကြားပေးတော်မူပါသည်။ အတွင်းအပြင်နှစ်ပါးသာ အပြားမရှိလျှင် အလုံးရှိသည်ဟူသော အဥဒ္ဓသိဒ္ဓိစကားမျိုးကဲ့သို့ အပြင်တစ်ပါးသာ ယူရမည်။ ဓမ္မသင်္ဂဏီပါဠိတော်၌ အပြင်(ဗဟိဒ္ဓ)ဟူသော ပုဒ်တွင် နိဗ္ဗာန်ကို ထည့်၍ဟောသည်။ အလားတူ အဝေး အနီး စသည်၌လည်း ထိုကဲ့သို့ အဥဒ္ဓနည်းဖြင့် ယူရမည်။ ဘဝခြုံရာ ပြည်ခေမာဟူသော စကား၌ ကေဝေါဟာရ စသော ဘဝကိုးပါးတို့၏ ဖြစ်ရာ မဟုတ်၍ ဘဝခြုံသည်ဟု ဆိုခြင်းဖြစ်သည် စသည်ဖြင့် အကျယ် ရှင်းလင်း ဟောပြော ပြသတော်မူသည်။

ထိုရှင်းပြသည်ကို မောင်မဲက မကျေနပ်၍ ဘဝခြုံရာ ပြည် ခေမာဟူသော လင်္ကာကိုပင် ထပ်ကာ ထပ်ကာ များများတန်တန် အဖန်ဖန် သွယ်ဝိုက်၍ ကပ်သပ်ကာ လျှောက်ထားလာပြန်သည်။

ထိုအခါ သင်္ဘောဆရာတော်ဘုရားက–

“ဩော် ... မောင်မဲနယ် လင်္ကာစပ်မလွဲဘူးကွဲ့၊ မောင်မဲက မယူတတ်၍ဖြစ်သည်။ မင်းဟာက ဖောဓိမဏ္ဍိုင်လင်္ကာနည်းကို

ကနောင်ဆရာကြီး အယူလွဲသလို ဖြစ်နေချေပြီ”

ဟု မိန့်ကြားတော်မူသည်။

ထိုအခါ အနီးအပါးတွင် ရှိနေကြသော အခြား ဒါယကာ ဒါယိကာမများက–

“ကရင်ဆရာနှင့် တူကြောင်း အကျယ်တဝင့် ရှင်းပြပေးတော်မူပါဦး ဘုရား”

ဟု လျှောက်ထားကြလေသည်။

“ဒါယကာ ... လှိုင်းတက်မြို့နယ်အတွင်းမှ မြင်းကုန်သည်ငါးယောက်တို့သည် ရှမ်းပြည်နယ်သို့ မြင်းဝယ်တက်သွားကြရာ လမ်းခရီး ကရင်ရွာ တစ်ရွာသို့ ရောက်သွားသတဲ့။ ရွာရောက်တော့ ကရင်ဆရာကြီး ဘိုးရွတ်ဆိုသူ၏အိမ်မှာ တည်းခိုကြသတဲ့။ အဲဒီကုန်သည်ငါးဦးထဲမှာ တစ်ယောက်သော ကုန်သည်က အထူးပျင်းရိသည်နှင့်–

“ဇောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်သား၊ ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်တည်း၊ ဆန်စုန်အောက်ထက်၊ ကျော်ဝှန်တက်သား”

စသည်ဖြင့် ပါရမီတော်ပျို့လာ လင်္ကာကို သံနေသံထားနှင့် ဆွဲငင်ရွတ်ဆိုသတဲ့။ ထိုရွတ်သံကို ကြားသော ကရင်ဆရာကြီး ဘိုးရွတ်က–

“ဟော့ ... ယောက်ဖ၊ ဟော့ ... ယောက်ဖ၊ ယခု မင်းရွတ်ဆိုသောစာသည် ဗမာတို့ရေးသောစာ မဟုတ်၊ ငါတို့ကရင်စာ

သက်သက်သာ ဖြစ်သည်”လို့ ပြောသတဲ့။

ထိုအခါမှာ ပါရမီခန်းပျို့ လင်္ကာရွတ်သူ ကုန်သည်က–

“ဖထီး ကရင်စာဖြစ်လျှင် စနစ်တကျ အဓိပ္ပာယ်ရှင်းပြစမ်းပါ”

လို့ မေးသတဲ့။ အဲဒီအခါမှာ ကရင်ဆရာကြီး ဘိုးရွှတ်က–

“ဖောဓိဆိုသည်ကား ကရင်များက သူကြီးကို ဖောဓိလို့ခေါ်သည်။ မဏ္ဍိုင်ဆိုသည်ကား အိမ်တန်းလျားတွင် အလယ်မဏ္ဍိုင်တည့်တည့်က နေရသည်။ ခန်းဝါပိုင် ဆိုသည်ကား မင်းတို့ဗမာတွေ မပီမသဆိုသောကြောင့် ဖြစ်သည်။ ခန်းဝပိုင်ဟုဆိုရမည်။ အခန်းဝပေါက်ရှိ ကရင်အလုံးစုံကို အကုန်ပိုင်သည်ဟုဆိုလိုသည်။

“ချက်ပိုင်ပြည့်စုံ ဆိုသည်ကား ခရိုင်ပြည့်စုံသူဟူ၍ ရွတ်ဆိုရမည်။ တို့ကရင်တွေမှာ ခရိုင်ပြည့်စုံမှ တောင်ဆင်းတောင်တက်သန်သည်။ နဝဂုဏ်တည်းဟု မရွတ်ရ။ နားဝကုန်တည်းဟုရွတ်ရမည်။ နားထောင်သောအခါ နားဝကုန်အောင် ထောင်ရသည်။

“ဆန်စုန်အောက်ထက် ကျော်ဝှန်တက်ဟု မရွတ်ရ၊ ကျောဝန်တက်ဟု ရွတ်ရမည်။ တို့ကရင်များမှာ မင်းတို့ ဗမာလိုပခုံးနှင့် ခေါင်းနှင့် ထမ်းရွက်သည်မဟုတ်။ အစုန်အဆန် ခရီးသွားသောအခါ ကျောပေါ်မှာသာ ဝန်တင်၍ သွားသည်။

ဤသည်မှာ တို့ကရင်စကား အဓိပ္ပာယ်မှန် ဖြစ်ပါသည်"

ဟု ရှင်းလင်းပြလေသည်။

ဗမာမြင်းကုန်သည်က ပါရမီခန်းပျို့လာ လင်္ကာ ကဗျာသည် ကရင်စာမဟုတ်ပါ၊ အဓိပ္ပာယ်လည်း ထိုကဲ့သို့မဟုတ်ပါဟု အထူးရှင်းပြ ပြောဆိုသော်လည်း ထပ်မံရှင်းလင်း အငြင်းပွား နေသောကြောင့် မြင်းသမားကုန်သည် အရှုံးခံလိုက်ရသတဲ့။ ယခုလည်း မောင်မဲကို နှလုံးနာသောကြောင့် အရှုံးသာ ခံလိုက်ချင် တော့သည် ဒါယကာတို့"

ဟု မိန့်ကြားတော်မူရာ ပရိသတ်အားလုံးမှာ တအုံးအုံး ပွဲကျ ရယ်မောကြလေတော့သည်။

◆

# နားလည်ပင်းလက်ကြည့် အထူးထူ ဆေးဆရာပုံနှယ်

တံတားကလေး၊ စံပြကျောင်းဆရာတော် ဦးပညိန္ဒ၏တပည့် ရှင်ကောသလ္လသည် ဆရာတော်ကိုယ်စား ဒါယကာ၊ ဒါယိကာမများနှင့် ဆက်ဆံဆောင်ရွက်ပေးရသော ဆရာတော်၏ ဝေယျာဝစ္စနှင့် ကိုယ်ရေးတာဝန်ခံ ကိုရင်ဖြစ်သည်။ ဆရာတော်မရှိလျှင် သူကပဲ တာဝန်ယူပြီး ပြောရသည်၊ ဆိုရသည်၊ ဆက်ဆံရသည်။

ကိုရင်ကောသလ္လသည် သံဃတက္ကသိုလ်ဥက္ကဋ္ဌ ဆရာတော် ပြောကြားသော စကားကို မှတ်သားထားသည်။ ဆရာတော်က–

"ငါ့ရှင်ရေ . . . ဆင်းရဲသူများက လှူတော့ တစ်ကျပ်၊ သူတို့ပြဿနာတွေ လျှောက်ပြလို့ ဖြေရှင်းရတာက တစ်ရာဖိုးလောက် ရှိတယ်။ ချမ်းသာသူများကျတော့ လှူတာက တစ်ရာ၊ သူတို့ပြဿနာ လျှောက်ပြ ဖြေရှင်းပြရတာက တစ်ကျပ်ဖိုးလောက်ပဲ ရှိတယ်။ ဥစ္စာပစ္စည်း ချမ်းသာသူနှင့် ပေါင်းရတာ တယ်စိတ်ချမ်းသာမှု ရတာများတာပဲ"

ဟု မိန့်ကြားသောစကားကို အသေအချာမှတ်ထားသည်။

ထိုသို့မှတ်ထားပြီး ကိုရင်ကောသလ္လသည် ငွေကြေးဥစ္စာပြည့်စုံသော ဒါယကာ ဒါယိကာမများလာလျှင် ဖော်ရွေပျူငှာစွာ ဆက်ဆံသလောက် ဆင်းရဲသား ဒါယကာ ဒါယိကာမများ လာလျှင် ပျူပျူငှာငှာမရှိ၊ ဝတ်ကျေတန်းကျေသဘောလောက် ဆက်ဆံပြုမူ ပြောဆိုမှုပြုလေ့ရှိသည်ကို ဆရာတော် ဦးပညိန္ဒက အကဲခတ်မိလေသည်။

တစ်နေ့တွင် လက်ဝတ်လက်စား ရွှေငွေအပြည့်အစုံ ဝတ်ဆင်ထားပြီး ဆွမ်းအုပ်လာပို့သော ကားဝပ်ရှော့ပိုင်ရှင် ဦးလှမောင်၏ဇနီးကို ကိုရင်က ဖော်ဖော်ရွေရွေ ပျူပျူငှာငှာနှင့် စကားပြော ဆက်ဆံ မုန့်ချကျွေး ပြုလုပ်သည်။

ထိုအမျိုးသမီး ပြန်သွားပြီး မကြာခင် ဆင်းရဲသော ကျောင်းသားမိဘတစ်ဦးက ဆွမ်းချိုင့်လာပို့သည်။ ကိုရင်ကောသလ္လက ဖော်ဖော်ရွေရွေမရှိတော့။

"ဒါယကာမကြီး . . . အဲဒီစားပွဲပေါ်မှာ တင်ထားခဲ့"

ဟု မိန့်ကြားပြီး သူ့အလုပ်ကိုသာ သူလုပ်နေတော့သည်။

ဆရာတော်ဦးပညိန္ဒက ကိုရင်၏အပြုအမူကို သတိထားမိလိုက်သည်။ နေ့လယ် စာဝါပို့ချသောအခါ ဆရာတော်က–

"ကောသလ္လတို့ကတော့ကွာ . . . နား၊ လည်ပင်း၊ လက်ကြည့် အထူးကု ဆေးဆရာလိုပါပဲကွာ"



သူက ဘယ်လိုကုသပေးသလဲဆိုရင် သူ့ထံ
ရောဂါလာပြတဲ့ လူနာကို

ဟု မိန့်ကြားလေသည်။

စာဝါလိုက် သံဃာတော်များမှာ ဆရာတော်၏ မိန့်ကြားချက် ဆိုလိုချက်ကို သဘောမပေါက်ကြ၊ စာဝါအတူလိုက်နေသော ကိုရင်ကောသလ္လကိုသာ ဝိုင်းကြည့်နေကြသည်။

"ဆရာတော် ... ဘယ်လို အထူးကုဆေးဆရာပါလဲဘုရား၊ အကျယ် မိန့်ကြားဖေးပါဦး"

ကိုရင်တစ်ပါးက လျှောက်ထားသည်။

"အေး ... ရှေးက မြို့ငယ်တစ်မြို့မှာ ဆေးဆရာတစ်ယောက် ရှိသတဲ့။ အဲဒီဆေးဆရာဟာ လောဘသဏ္ဍာရ အလွန်ကြီးသတဲ့။ သတ္တဝါတွေကို သနားကြင်နာရမယ်၊ မေတ္တာထားရမယ်ဆိုတဲ့ ဆေးဆရာတစ်ယောက်ရဲ့ ကျင့်ဝတ်ခံယူချက်ကို သိပ်အလေးအနက် မထားဘူးတဲ့။ သူ ဆေးပညာနှင့် ချမ်းသာဖို့၊ ငွေရဖို့ကိုသာ အဓိကထားပြီး ဆေးဝါး ကုသပေးသတဲ့။

သူက ဘယ်လို ကုသပေးသလဲဆိုရင် သူ့ထံ ရောဂါလာပြတဲ့ လူနာကို နားမှာ နားဒွောင်းပါရဲ့လား၊ လည်ပင်းမှာ ဆွဲကြိုးပါသလား၊ လက်မှာ လက်ကောက်ပါသလားဆိုတာ အရင်ကြည့်သတဲ့။ အဲဒါတွေပါသူဆိုရင် ချမ်းသာသူဖြစ်တာမို့ ကောင်းကောင်းစမ်းသပ် စစ်ဆေးပြီး အကောင်းဆုံးဆေးဝါးတွေနှင့် အထူး ကုသပေးသတဲ့။ နား၊ လည်ပင်း၊ လက်မှာ ဘာမျှမပါတဲ့ လူနာကျတော့ သာမန်စစ်ဆေး ဆေးဝါးပေးပြီး ကုသပေးသတဲ့။

ကြာတော့ အများသူငါက သိလာကြပြီး အဲဒီဆေးဆရာကို နား၊ လည်ပင်း၊ လက်ကြည့် အထူးကုဆရာလို့ မခေါ်ဘဲ နား၊ လည်ပင်း၊ လက်ကြည့် အထူးထုဆရာလို့ ခေါ်ကြသတဲ့။ ယခု လည်း ကောသလ္လက ဒါယကာ ဒါယိကာမကို ဆက်ဆံပြောဆို ဧည့်ခံရာမှာ နား၊ လည်ပင်း၊ လက်ကြည့်ပြီး အထူးထုကိုရင် ဖြစ်နေပြီကွဲ့."

ဟု မိန့်ကြားရာ စာလိုက်ကိုရင်များမှာ ကိုရင်ကောသလ္လကို ကြည့်ပြီး တသောသော ရယ်မောကြလေတော့သည်။

◆

## ဂေါတမဘုရား ဘယ်တဏ္ဍသိလ်က ဘွဲ့ရခဲ့သလဲ

လောကုတ္တရာ မဇ္ဈိမစရိယအောင်ပြီးသော ရှင်ပညိန္ဒသည် ခေတ်ပညာ လောကီဘွဲ့ ဘီအေဘွဲ့ကို ဆက်လက်သင်ကြား ရယူလိုသဖြင့် မိမိ၏ ဆရာရင်းဖြစ်သော ဒက္ခိဏာရုံဆရာတော်ထံ ခွင့်ပန်သည်။

ဆရာတော်က ငယ်ငယ်ရွယ်ရွယ်နှင့် မဇ္ဈိမစရိယအောင်သော ကိုရင်ကို ပခုက္ကူ၊ မန္တလေးသို့ တက်၍ အထက်ကျမ်းစာကြီးများ ဆက်လက် သင်ယူစေလိုသည်။ သို့မဟုတ် ဉာဏ်ကောင်းသူ ဖြစ်၍ တိဗိဋကကို ကျက်၍ တိပိဋကစာမေးပွဲကို ဝင်ဖြေစေ လိုသည်။

ကိုရင်ပညိန္ဒက ထိုသို့မဟုတ်၊ မိမိ၏ရှေ့တွင် မိမိ၏ စာချ ဆရာတော် လူထွက်သွား၍ လက်သမားလုပ်နေရသည်ကို မြင် သည်၊ ရဟန်းဘဝက တတ်ထားသော လောကုတ္တရာစာပေသည် လူလောကတွင် အသက်မွေးဝမ်းကျောင်း ပြုရန်အတွက် လောကီ

စာဘွဲ့ ရထားမှ၊ အကယ်၍ သာသနာ့ဘောင်၌ မပျော်၍ လူထွက်သော် ထိုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရမည်ဟု ခံယူထား၍ ထိုလောကီပညာကို ဆက်လက် သင်ယူလိုခြင်းဖြစ်သည်။

သို့သော် ဆရာတော်က သဘောမတူ။ ဘယ်ပညာတတ်တတ် ပညာရှိလျှင် လောကမှာ အသုံးဝင်သည်ဟု မိန့်ကြားကာ လောကီပညာ သင်ယူခြင်းကို ခွင့်မပြုချေ။

ကိုရင်ပညိန္ဒက ဖွတ်အတင်းလုပ်ပြီး ကျောင်းကနေ တိတ်တဆိတ်ထွက်သွားသည်။ ကိုရင်ပညိန္ဒ ကျောင်းကထွက်သွားသည်နှင့် ကိုရင်ပညိန္ဒ၏ အယူအဆနှင့် ပတ်သက်၍ ဆရာတော်က စာဝါလာတက်သော ရဟန်းသာမဏေတို့ကို–

"အင်း . . . ပညိန္ဒကိုတော့ ပခန်းဆရာတော် မိန့်ကြားသလို ဂေါတမဘုရား ဘယ်တက္ကသိုလ်က ဘွဲ့ရခဲ့သလဲလို့ မိန့်ကြားရမလို ဖြစ်နေတယ်ကွဲ့"

ဟု မိန့်ကြားတော်မူသည်။

"ထိုအကြောင်းကို အကျယ်သိပါရစေဘုရား"

"အေး . . . တို့ ဘာနွားဆန်လောင်းပဝါရဏာဂိုဏ်းမှာ သစ်ဆိမ့်ရွာက ကျောင်းထိုင်ဘုန်းကြီး ပျံလွန်တော်မူသွားလို့ ရပ်ရွာဒါယကာတွေက ကျောင်းထိုင်ဘုန်းကြီးတစ်ပါး အသစ်တင်ပေးဖို့ လာလျှောက်သတဲ့။

ဆရာတော်က ဘယ်လိုဘုန်းကြီး လိုချင်ပါသလဲလို့ မေး

တော့ ဆရာတော်များဆန္ဒအရ ကျောင်းထိုင်အင်္ဂါနှင့်ညီတဲ့ စာတတ် ပေတတ်လေးပေါ့ဘုရားလို့ လျှောက်ထားကြသတဲ့။

အဲဒါနဲ့ ပခန်းဆရာတော်က ပဝါရဏာဂိုဏ်း သံဃာအစည်း အဝေးခေါ်ပြီး သစ်ဆိမ့်ရွာ ကျောင်းထိုင်ဘုန်းကြီး ရွေးချယ်ပွဲကို ညှိနှိုင်းကြသတဲ့။

အဲဒီအခါမှာ တိုက်ဆရာတော်အသီးသီးက သူ့တပည့်၊ ကိုယ့်တပည့် တင်ချင်ကြတော့ တပည့်တို့ရဲ့ သိက္ခာ၊ ဝါ၊ ပညာအရည်အချင်းတွေ တင်ပြပြီး လျှောက်ထားကြသတဲ့။

အဲဒီအထဲမှာ အကျင့်သီလကောင်းပြီး ကျမ်းကြီးပေါက် ပိဋကတ်စာသင်ဖူးပြီး မြမှာစရိယ စသည့်ဘွဲ့တော့ မရတဲ့ ဆင်တဲ ကုန်းဆရာတော်တပည့် ဦးနာရဒကိုယ်တော်လေးကို ကျောင်း ထိုင်အဖြစ် ရွေးချယ်လိုက်ကြသတဲ့။

ဒါပေမဲ့ ငါးဂေါင်းအင်းရွာဆရာတော်က သူ့တပည့် မြမှာ စရိယဘွဲ့ရ ဦးကောဝိဒကို တင်ချင်တယ်။ ဦးကောဝိဒက မြမှာ စရိယဘွဲ့ရပြီး မြောက်ကြွ မြောက်ကြွနှင့် အနေမတတ် အထိုင် မတတ်ရှိလို့မို့ ပတ်ဝန်းကျင်က သိပ်သဘောမကျကြဘူးပေါ့။

ငါးဂေါင်းအင်းဆရာတော်က–

“လောကမှာ ဘွဲ့ကလေးရှိထားတော့ လူရိုသေ ရှင်ရိုသေ ပိုကောင်းတာပေါ့ဘုရား”

လို့ ထပ်မံလျှောက်လိုက်သတဲ့။

ထိုအခါမှာ ပခန်းဆရာတော်က–

"အောင်မယ် ငါးဂေါင်းအင်းဆရာတော် ... ဂေါတမဘုရား ဘယ်တက္ကသိုလ်ကများ ဘွဲ့ရခဲ့သလဲ။ ဘယ်တက္ကသိုလ်ကမှ ဘွဲ့မရခဲ့ပါဘူးဗျာ၊ အကျင့်သီလနှင့် ပညာကြီးတော့ လူနတ်ဗြဟ္မာတို့ ကိုးကွယ်ရာ ဖြစ်တာပါပဲ"

လို့ မိန့်ကြားလိုက်တော့ ငါးဂေါင်းအင်းဆရာတော်က ဘာမျှထပ်မပြောရဲတော့ဘူးတဲ့။ ယခုလည်း ပညိန္ဒက ဘွဲ့ရ ရမယ်လို့ ပြောနေတယ်။ တို့ဘုရား ဘယ်တက္ကသိုလ်ကမှ ဘွဲ့ရလာတာ မဟုတ်ပါဘူးဗျာ"

ဟု မိန့်ကြားလိုက်ရာ စာလိုက်သံဃာတော်များမှာ ရယ်ရယ်မောမော တသောသော ဖြစ်နေကြတော့သည်။

❖

## ပါဠိတော်နှင့်အညီ အရက်သောက်၍ လေးဘက်ထောက်သွားရသည်

သံဃတက္ကသိုလ် ဗုဒ္ဓသာသနာပြုသင်တန်းတွင် သံဃာ ပေါင်း (၃၀)ကျော် စာချစာသင် ပြုလုပ်ပေးလျက်ရှိပါသည်။

ထိုစာသင်သားထဲတွင် အရှင်ဇိနောရသဆိုသော ဦးပဉ္ဇင်း ငယ်သည် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်မှ စာရေးမ မသန်းညွန့် ဆိုသူကို မေတ္တာရှိ၍ မာယာပရိယာယ်တို့ဖြင့် ချဉ်းကပ်သည်။

တစ်နေ့တွင် အရှင်ဇိနောက အလင်္ကာကျမ်းတွင်ပါသော 'ဘောတိကညေ ကညာယမာနံ နကညယတိ'ဟူသော ပါဠိကို ရေးပြီး အဓိပ္ပာယ်ကို သိလိုလျှင် အလင်္ကာကျမ်းနိဿယ ပုဒ်ရေ (၂၀)ကို ရှာဖတ်ပါဟူ၍ ရေးသားပြီး မိမိငှားသောစာအုပ်တွင် ညှပ်ကာ မသန်းညွန့်အား ပေးလိုက်သည်။

စာအုပ်လက်ခံ အထုတ်အသွင်း စာရင်းပြုစုသော မသန်း ညွန့်သည် ထိုစာကိုတွေ့၍ ပါဠိစာပေတတ်ကျွမ်းသော ဆရာ

သမား တစ်ဦးအား သွားပြလေရာ ထိုဆရာက–

"အောင်မယ် ... ဒီရည်းစားစာရေးတဲ့ ပုဂ္ဂိုလ်က ဘုန်းကြီးလူထွက် စာတတ်ပေတတ် ဖြစ်မယ်ကွဲ့။ မင်းကို ပါဠိလို ရည်းစားစကား ပြောတာကွဲ့။ အဓိပ္ပာယ်က– အမျိုးသမီး နင့်အလိုသို့လိုက်၊ နင့်ကို ကြိုက်နှစ်သက် မြတ်နိုးနေသော ငါ့ကို အဘယ်ကြောင့် ပြန်မကြိုက် မချစ် မနှစ်သက်နေပါသနည်းလို့ ဆိုတာကွဲ့."

ဘာသာပြန်စကားကို ကြားရသောအခါ မသန်းညွန့်သည် ဒေါပွပြီး ထိုစာကို တိုက်အုပ်ဆရာတော်အား တိုင်တောရာ ပြဿနာသည် မီးခိုးကြွက်လျှောက် လိုက်လာပြီး ဦးဖိနော၀တွင် ပြဿနာပေါ်ရပါတော့သည်။

ဦးဖိနော၀ကို သံဃာ၀ိနည်းအရလည်းကောင်း၊ တက္ကသိုလ် စည်းကမ်းအရလည်းကောင်း ဘုတ်ဖွဲ့စစ်ဆေးပြီး သံဃတက္ကသိုလ်မှ နုတ်ထွက်စေရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဥက္ကဋ္ဌဆရာတော်က သံဃာတော်များကို ဩ၀ါဒပေးရင်း–

"ဖိနော၀တို့ကတော့ကွာ ပါဠိတော်နှင့်အညီ အရက်သောက်၍ လေးဘက်ထောက်သွားရသည် ဆိုတဲ့ပုံပြင်လို ဖြစ်နေပြီ"

ဟု မိန့်ကြားသည်။

"အကျယ်ကလေး **သိ**ပါရစေဘုရား"

ရဟန်းတစ်ပါးက လျှောက်ထားသည်။

"အေး ... ရှေးက တောရွာတစ်ရွာမှာ စာပေ မတောက် တခေါက် သင်ယူတတ်မြောက်ပြီးတဲ့ ဦးပဉ္စင်းလူထွက်တစ်ဦး ရှိသတဲ့။ လူပြန်တော်ဘဝရောက်တော့ အပေါင်းအသင်းဖျက်လို့ ပျက်ပြီး အရက်သေစာ သောက်စားသတဲ့။

ဒါပေမဲ့ သူက စာလေးပေလေး အနည်းငယ်တတ်သူ ဆိုတော့ အရက်သောက်ခြင်းဟာ ပါဠိတော်နှင့်အညီသောက်ရင် အပြစ်မဖြစ်ဘူးဆိုပြီး ပြောပြီး သောက်သတဲ့။ သူက အဲဒီလို စာလေးပေလေးနှင့် လုပ်,လုပ်နေတော့ သူ့ကို မိဘတွေကလည်း ပြောမရဘူး ဖြစ်နေတာပေါ့။

တစ်နေ့တော့ သူဟာ အရက်မူးလွန်ပြီး အိမ်ပေါ်ကို လေး ဘက်ထောက်ပြီး တက်လာသတဲ့။ ထိုအခါ ဖခင်ကမြင်တော့–

"အောင်မယ် ... ပါဠိတော်နှင့်အညီ အရက်သောက်လာတဲ့ အကောင်၊ ဒီနေ့တော့ ဘယ်လိုဖြစ်ပြီး ပါဠိတော်နှင့်မညီ သောက်မိပြီး ခွေးလို လေးဘက်ထောက် တက်လာရပါလိမ့်"

လို့ လှမ်းပြောလိုက်သတဲ့။

"အောင်မယ် ... အဖေ၊ ဒါကလဲ ပါဠိတော်နှင့်အညီ အရက်သောက်မိလို့ လေးဘက်ထောက် တက်လာရတာပါဗျ"

လို့ ပြန်ပြောသတဲ့။

"အမယ်လေး ... ပါဠိတော်အရက်သမားကြီး၊ ရှင်းပြပါဦး

ဗျာ”

လို့ ဖခင်က ရွဲ့ပြီး မကျေမနပ်နှင့်မေးတော့ ဦးပဥ္စင်း လူထွက်က–

“အဖေနားထောင်၊ ကောဘဝဂ္ဂ–တစ်ခွက်သောက်မိက စိတ်အစဉ်ဟာ ဘဝဂ်ဘုံထိ ရောက်သွားနိုင်တယ်၊ ဒွိန္နပဏ္ဍိတ– နှစ်ခွက်သောက်မိက ပညာရှိများ ကရားရေလွှတ် တတွတ်တွတ် ပြောသလို ပညာရှိစကားပြောတတ်တယ်၊ တြိဒသနိက–သုံး ခွက်သောက်မိရင် ဘယ်သူနှင့်မျှ စကားမပြော၊ ကိုယ့်ဘာသာ ကိုယ် စဉ်းစားတွေးခေါ်နေတတ်တယ်၊ စတုန္နံစတု–လေးခွက် သောက်မိလို့ကတော့ လေးဘက်ထောက် သွားရတဲ့ဘဝ ရောက်ရ ပါသတဲ့။ အရင်က သားက ကောဘ ဒွိန္န တြိ–လောက် သောက် တော့ အေးအေးစဉ်းစား ပြန်လာပြီး အေးအေးပဲ ဝင်အိပ်တာပေါ့။ ဒီနေ့တော့ အပေါင်းအသင်းတွေက အဆွယ်ကောင်းလို့ လေးခွက် သောက်မိတော့ စတုန္န စတု–လေးဘက်ထောက် အိမ်ပေါ်တက်ရ တာပေါ့ဗျာ”

လို့ အဖြေပေးသတဲ့ကွဲ့။ ယခုလည်း ဗိနောတို့ စတုန္နံ စတုလို ကညယယာမာန် နကညယတိ လုပ်လိုက်တော့ တို့တက္ကသိုလ်ကနေ လေးဘက်ထောက် ဆင်းပြေးရတာပေါ့ကွယ်” ဟု မိန့်ကြားရာ သံဃာတော်များမှာ တသောသော ရယ်မောကြရ လေတော့သည်။

(ကောဘာဝင့်၊ ဒွိန္နပဏ္ဍိတ်
တြိဒသသနိကံ၊ စတုန္နစတု)

(ဤပါဠိပျက်ဂါထာကို အကြောင်းပြုပြီး မြန်မာအရက်သမားတို့၏ ဝေါဟာရတွင် တစ်ခွက်သောက်က ဘဝင်ရောက်သည်ဟု ဆိုစကားပြုကြသည်။ ရှေးဆရာတော်ကြီးတစ်ပါးက အရက်သောက်၍ ဘဝင်ရောက်သည်မဟုတ်၊ အရက်သောက်၍ အကြောင်းအကျိုး အကောင်းအဆိုးကို မသိတော့ဘဲ မိဘသတ်ခြင်း စသော ပဉ္စာနန္တရိယကံကို ကျူးလွန်တတ်သဖြင့် အောက်အဝီစိ ရောက်တတ်သည်ဟု ဆိုပါသည်။

မြန်မာစကားပုံ၌ အထက်ဘဝင်၊ အောက်အဝီစိဟု ဆိုရိုးစကား ရှိသည်။)

❖

## လူမိုက်ကိုသာ စိန်ခေါ်တာပါဘုရား

ဖြူးမြို့ ဒက္ခိဏာရုံစာသင်တိုက်တွင် အုတ်သျှစ်ခင်ရှာသား ကျောင်းသားကြီး ဝင်းမောင်ကို လူပေ လူတေ လူမိုက်ဟု အားလုံးသော ကိုရင် ဦးပဉ္ဇင်းများက သတ်မှတ်ထားကြသည်။ တိုက်အုပ်၊ တိုက်ကြပ်ဆရာတော်များကလည်း ဝင်းမောင်ကို ကောင်းကောင်း နှိပ်ကွပ် ဆုံးမထားကြသည်။ သို့သော် တစ်ခါ တစ်ရံ ဒေါသအလျှောက် ထ,ထပေါက်ကွဲတတ်သော အလေ့က ရှိနေသည်။

တစ်နေ့တွင် ကျောင်းထိုင်ဆရာတော်ကြီးက မရှိ၊ စာချ တိုက်အုပ်ဆရာတော်သာရှိ၍ စာသင်သား ဦးပဉ္ဇင်း ကိုရင်များကို ကြီးကြပ် အုပ်ချုပ်နေသောအချိန် ဖြစ်သည်။

ကျောင်းသားကြီးဝင်းမောင်သည် ညနေပိုင်း သောက်ရေ၊ သုံးရေ၊ ကုဋီရေ တာဝန်ကျ၍ ရေခပ်ဖြည့်စဉ် အတူတူ တာဝန်ကျ သော ကျောင်းသားများနှင့် စကားများ ရန်ဖြစ်သည်။

ဝင်းမောင်ကို လူပေ လူတေ လူမိုက်ဟု သိထားကြသော ကျောင်းသားအားလုံးက သူ့ကို အလျှော့ပေးပြီး ရှောင်ခွာသွားကြသည်။

ထိုသည်ကိုပင် မကျေနပ်သော ဝင်းမောင်က–

"ဘယ်ကောင်မှ အရေးမစိုက်ဘူး၊ သတ္တိရှိရင် ထွက်ခဲ့ကွ၊ ဝင်းမောင်အကြောင်း သိစေရမယ်"

စသည်ဖြင့် တုတ်တစ်ချောင်းကိုင်ပြီး ကျောင်းဝင်းထဲလှည့်ကာ ကြိမ်းဝါးနေလေသည်။

မြို့ထဲ ပရိတ်ရွတ်ပွဲမှ ပြန်ကြွလာသော ဝင်းမောင်ကိုနိုင်သော ဆွမ်းစားကျောင်းတာဝန်ခံ ဘုန်းကြီး ဦးတေဇိန္ဒက ဝင်းမောင် ဆဲဆိုဆူသံကို ကြားရ၍ တုတ်တစ်ချောင်းကိုင်ကာ ထွက်လာပြီး–

"ဟေ့ . . . ကျောင်းဝိုင်းထဲမှာ အော်ဟစ်ဆဲဆို ဆူညံနေတာ ဘယ်ကောင်လဲကွ"

ဟု လှမ်းမေးလိုက်သည်။

ဝင်းမောင်သည် ဦးတေဇိန္ဒအသံကို ကြားသောအခါ ဆဲဆိုဆူသံ ရပ်သွားပြီး ဦးတေဇိန္ဒရှေ့ ရောက်လာသည်။

"ဟေ့ကောင် . . . ဝင်းမောင် ဘာဖြစ်လို့ ဆဲဆို ဆူညံနေတာလဲ"

ဟု ဦးတေဇိန္ဒက ခပ်ထန်ထန်မေးသည်။

ဝင်းမောင်သည် ဆရာတော် ဦးတေဇိန္ဒကို ငယ်ကြောက် ဖြစ်၍ ကြောက်သည်။



ဆယ်အိမ်ခေါင်းသား ဖိုးသာဒွန်းက တစ်ရွာကနေ
သူငယ်ချင်းတွေနဲ့ အရက်သောက် အရက်မူးပြီး
ပြန်လာ ရွာထိပ်အဝင်ကနေ

"တပည့်တော် ဟိုကောင်တွေကို မကျေနပ်လို့ ဆဲတာပါ ဘုရား၊ အရှင်ဘုရားကို မဆဲပါဘူး"

ဟု လျှောက်လေသည်။

"အောင်မယ် ... ငါ့ကိုမဆဲဘူး၊ ဟိုကောင်တွေကိုဆဲတာ၊ မင်းက ကျောင်းကိုများ အရက်ဆိုင် အောက်မေ့နေသလား။ သူတော်ကောင်းတွေ စာသင်စာချ ပညာသင်လုပ်ပေးနေတဲ့ ဘုန်းကြီးကျောင်း စာသင်တိုက်ထဲမှာ မကြားဝံ့မနာသာ ဆဲဆိုနေလိုက်တာ၊ လာခဲ့စမ်း"

ဟုဆိုကာ ဆွမ်းစားကျောင်းဘုန်းကြီး ဦးတေဇိန္ဒက ရိုက်နှက်ဖို့ လုပ်လေသည်။

"တပည့်တော်ကို ဟိုကောင်တွေ ဝိုင်းရိုက်မလို့။ အဲဒါ သူတို့က လူမိုက်တွေဖြစ်လို့ တပည့်တော်က ဆဲတာ၊ ရိုက်တဲ့ လူက လူမိုက် မဟုတ်ပါလားဘုရား"

ဟု လျှောက်လေသည်။

ဝင်းမောင်၏စကားကြောင့် ရိုက်မည့်ဆဲဆဲ ဆွမ်းစားကျောင်းဘုန်းကြီးမှာ လူမိုက်ဘဝ ကျရောက်မည်စိုးသဖြင့် မရိုက်ဖြစ်တော့ဘဲ ဟင်းချသွားရသည်။

ထိုအကြောင်းအရာ အဖြစ်အပျက်သည် ဆရာတော်ကြီးနားသို့ ရောက်သွားသည်။

ထိုအခါ ဆရာတော်ကြီးက ဦးတေဇိန္ဒတို့ ဓမ္မာစရိယတန်း

စာဝါလာတက်သောအခါ–

"အင်း ... မနေ့က ဆွမ်းစားကျောင်းဘုန်းကြီး တေဇိန္ဒ အဖြစ်ကတော့ ပိန္နဲကုန်းကျောင်းဘုန်းကြီး ဦးအာစယအဖြစ်နဲ့ တော့ တစ်ထေရာတည်း တူနေပါပကောလားကွဲ့"–

ဟု မိန့်ကြားတော်မူသည်။

"ပိန္နဲကုန်းဘုန်းကြီး ဦးအာစယအဖြစ်နှင့် ဦးတေဇိန္ဒအဖြစ် တူပုံလေး အကျယ်သိပါရစေဘုရား"

စာလိုက်သံဃာတစ်ပါးက လျှောက်ထားသည်။

"အေး . . . တို့ပိန္နဲကုန်းရွာမှာ ကျောင်းထိုင်ဘုန်းကြီး ဦးအာစယက ရပ်ရွာ ဒါယကာ ဒါယိကာမတွေ အပေါ်မှာ အတော်သြဇာညောင်းသကိုးကွဲ့၊ သူ့ဘက်ကလဲ အကျင့်သီလ သိက္ခာ တိကျစွာထိန်းသလို ဒါယကာ ဒါယိကာမတွေကိုလဲ မကောင်းမြစ်တာ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြျူး၊ နာဖူး ထပ်မံ၊ နတ်ထံတရား၊ မေတ္တာလည်းပြု၊ ရဟန်းမှု ခြောက်ခု လွှန်သေချာ ဆိုတဲ့ ရွာဦးကျောင်းဆရာတော် အင်္ဂါနှင့်အညီ ကျင့်တော့ ရွာထဲ ရပ်ထဲမှာ အရက်သမား၊ ဖဲသမား၊ ကြက်သမား မရှိဘူးကွဲ့။ ရပ်ရွာအချင်းချင်း ရန်ဖြစ်ရင်တောင် ဦးအာစယက လက်မခံဘူး၊ ခေါ်ယူဆုံးမတာကိုးကွဲ့။

တစ်နေ့တော့ ဆယ်အိမ်ခေါင်းသား ဖိုးသာထွန်းက တစ်ရွာ ကနေ သူငယ်ချင်းတွေနဲ့ အရက်သောက် အရက်မူးပြီး ပြန်လာ

ကာ ရွာထိပ်အဝင်ကနေ–

"ဒီရွာကလူတွေ ဘယ်ကောင်မှ လူမထင်ဘူး၊ မိုက်တဲ့အကောင် ထွက်ခဲ့"လို့ အော်ဟစ်ပြီး ဝင်လာသတဲ့။ သူက ရွာအဝင် ဘုန်းကြီးကျောင်းဝိုင်းရှေ့က ဝင်ရတော့ ကျောင်းပေါက်ဝမှာ လမ်းလျှောက်နေတဲ့ ကျောင်းထိုင်ဆရာတော်နဲ့ တွေ့တော့တာကိုကွဲ့။

ဖိုးသာထွန်း ဆူညံဆူညံနှင့် စိန်ခေါ်သံကိုကြားတော့ ဆရာတော်က အနားမှာရှိတဲ့ သစ်ကိုင်းချောက် တုတ်တစ်ချောင်းယူပြီး ဖိုးသာထွန်းရှေ့ သွားရပ်တဲ့ပြီး–

"ဘယ်ကောင်လဲကွ၊ မိုက်တဲ့ကောင် ထွက်ခဲ့လို့ ခေါ်နေတာ"

လို့ ဆရာတော်က မိန့်ကြားတော့ ဖိုးသာထွန်းလည်း ဆရာတော်ကိုမြင်ပြီး လန့်ဖျပ်သွားတာပေါ့။

"တပည့်တော် ဆရာတော်ကို စိန်ခေါ်တာမဟုတ်ပါဘူး ဘုရား။ ဆရာတော်က လူမိုက်မှ မဟုတ်တာ၊ တပည့်တော်က လူမိုက်ကိုသာ စိန်ခေါ်တာပါဘုရား။ ဆရာတော် ပြန်ကြွပါဘုရား"

လို့ လျှောက်လိုက်သကွဲ့။

အဲဒီတော့ ပိန္နဲကုန်းဆရာတော်လည်း ဖိုးသာထွန်းကို ရိုက်ရအခက် မရိုက်ရအခက်၊ ရိုက်ရင် လူမိုက်ဖြစ်တော့မှာကိုးကွဲ့။

အဲဒါနဲ့ ဖိုးသာထွန်းရှေ့က အသာလေး လှည့်ပြန်လာရသတဲ့ကွဲ။ ယခု တောဇီနွှလည်း လူမိုက်ဘ၀ဖြစ်မှာစိုးလို့ ဝင်းမောင်ကို မရိုက်ဘဲနဲ့ လွှတ်လိုက်ရသကိုကွဲ့"

ဟု မိန့်ကြားရာ စာလိုက်သံဃာများမှာ ဆရာတော်စကား အဆုံးတွင် ရယ်မောပြုံးရွှင်ကြရလေတော့သည်။

❖

## လူမိုက်ကိုသာ ကြောက်ပါသည်

ကိုရင်ဘာသိတသည် ဘုတလင်မြို့နယ်၊ ခုံကုန်းရွာမှာ ကိုရင်ဝတ်ခဲ့ပြီး ဘကြီးတော်သော ဖြူးမြို့ ဒက္ခိဏာရုံဆရာတော် ဦးစန္ဒိမာထံ လာရောက် ပညာသင်ကြားနေသူ ဖြစ်သည်။

ဆရာတော်က ဆန်ရင်းနာနာဖွပ် ဆိုသည့်အတိုင်း ကိုရင်ဘာသိတကို စာကျက်ရာ၊ ကျောင်းစည်းကမ်း လိုက်နာရာ၊ စာဝါတက်ရာ၊ ကျောင်းဝေယျာဝစ္စ လုပ်ရာတို့တွင် ချွတ်ယွင်းချက်ရှိပါက မျက်နှာသာမပေး၊ အမြဲ နှိပ်ကွပ်ဆုံးမ ထားလေ့ရှိသည်။

ကိုရင်ဘာသိတမှာ မည်မျှပင် နှိပ်ကွပ်ဆုံးမ ထားစေကာမူ ဘကြီးတုန်းကြီးကို စိတ်မထင်လျှင် မထင်သလို ထ၍ ပြန်ပြောလျှောက်ထားလေ့ရှိသည်။

တစ်နေ့တွင် ကိုရင်ဘာသိတသည် ပေးထားသောစာကို

ရအောင်မကျက်နိုင်၍ နေမကောင်းဟု အကြောင်းပြကာ စာဝါ မလိုက်ဘဲ နေသည်။ ဆရာတော်က ကိုယ်တိုင်ကြွသွားပြီး နေ မကောင်းသည်ကို စမ်းသပ်စစ်ဆေး မေးသည်။ ကိုရင်ဘာသိတ လိမ်ညာမှန်းသိ၍ စာဝါထံ ပြန်ခေါ်လာပြီး တက်စေသည်။

စာဝါ ပြန်စ၍ စာဝါချခါနီးတွင် ဆရာတော်က ကိုရင် ဘာသိတ ပြုမူပုံကို ဒေါသအနည်းငယ်ထွက်သဖြင့်–

"ဟဲ့ . . . ဘာသိတ မင်း ကလိမ်ကကျစ်လုပ်ပြီး စာမကျက် ဘူး။ စာမရတော့ နေမကောင်းလို့ဆိုပြီး စာမတက်ဘူး။ မင်း ငါ့ကို မကြောက်ဘူးလား"

ဟု မေးသည်။

"ကြောက်ပါတယ် ဘုရား"

"မင်း ဘာကိုကြောက်တာလဲ"

"ဆရာတော်ရဲ့ အကုသိုလ်စိတ်နဲ့ယှဉ်တဲ့ ဒေါသစိတ်ကိုသာ ကြောက်ပါတယ်ဘုရား။ ဆရာတော်ကိုတော့ မကြောက်ပါဘူး ဘုရား"

ကိုရင်ဘာသိတ၏ လျှောက်ထားမှုကြောင့် ဆရာတော်ရော စာလိုက်သံဃာများပါ ပြုံးစိစိ ဖြစ်ကုန်ကြတော့သည်။

ဆရာတော်သည် အတန်ကြာ စကားမမိန့်ကြားဘဲ ရပ်တန့် ထားသည်။ ပြီးမှ–

"အင်း . . . ဘာသိတက ငါ့ကို တရားနှင့် ပြန်ဆုံးမ

ပြနေပါရောလား။ ရှေးခေတ်က အမတ်ကြီး ဦးပေါ်ဦးက ဘိုးတော်မင်းတရားကြီးကို လူမိုက်ကိုသာ ကြောက်ပါတယ်ဘုရား လျှောက်သလို ဖြစ်နေပြီကွဲ.”

ဟု မိန့်ကြားတော်မူသည်။

အဲဒီအကြောင်းလေး အကျယ်သိပါရစေဘုရား”

စာလိုက်သံဃာတစ်ပါးက လျှောက်ထားသည်။

“အေး . . . ကုန်းဘောင်ခေတ်က အလွန်တရာ ဘုန်းတန်ခိုးကြီးတဲ့ ဘိုးတော်မင်းတရားမှာ ငယ်စဉ်ကတည်းက ငယ်ကျွန်ဖြစ်ခဲ့တဲ့ ပညာရှိ ဦးပေါ်ဦးဆိုတဲ့ အမတ်တစ်ယောက်ရှိတယ်။ ဦးပေါ်ဦးဟာ ဘုရင်နှင့် အလွန်ရင်းနှီးလေတော့ ရယ်ရွှင်ဖွယ်များကို လျှောက်ထားလေ့ရှိသတဲ့။

တစ်နေ့ ညီလာခံမှာ ဦးပေါ်ဦးက ဘိုးတော်မင်းတရားကို အကြောင်းတိုက်ဆိုင်လို့ ရယ်ဖွယ်ရာ လျှောက်ထားသတဲ့။ အဲဒီအခါမှာ ဘိုးတော်မင်းတရားက စိတ်ဆိုးဟန်ဆောင်ပြီး–

“မောင်မင်း ငါ့ကို မကြောက်ဘူးလား”

လို့ မိန့်ကြားသတဲ့။

“မှန်လှပါ . . . မြတ်စွာဘုရားက လူမိုက်ကို ကြောက်ရမည်၊ မပေါင်းသင်းရဘူးဟု ဟောတော်မူထားပါတယ်ဘုရား။ ကျွန်တော်မျိုး လူမိုက်ကိုသာ ကြောက်ပါသည်။ အရှင်ဘုန်းတော်ကြီးဘုရားမှာ ပဏ္ဍိတဂုဏ်းဝင် ပညာရှင်ဖြစ်သောကြောင့် ဘာမျှ

ကြောက်စရာမရှိပါ။ ကြောက်ရမည်မှာ ဘုန်းတော်ကြီးဘုရား မဟုတ်ပါလို့ လျှောက်သတဲ့။ ယခုလည်း ဘာသိတက ငါ့ကို အကုသိုလ်စိတ်နဲ့ယှဉ်တဲ့ ဒေါသစိတ်ကိုသာ ကြောက်ပါတယ်လို့ ပေါ်ဦးက ဘိုးတော်မင်းကို ပညာရှိဆုံးမသလို ငါ့ကို ဆုံးမနေ ပါပကောလားကွဲ."

ဟု မိန့်ကြားတော်မူရာ စာလိုက်သံဃာများမှာ ပျော်ရွှင် ရယ်မော တသောသော ဖြစ်ကြလေတော့သည်။

❖

## ချိုပါသားကလေး စောင့်ကြည့်သလို

သံဃတက္ကသိုလ် ဆရာတော် အရှင်အာဒိစ္စသည် ရှမ်းပြည်နယ်မှ လာရောက် ကိုရင်ဝတ်နေသော အလွန်ရိုးအသော ပအိုဝ်အမျိုးသား ကိုရင်သောပါကဆိုသော ကိုရင်ငယ်တစ်ပါးကို မိမိ၏ ဝေယျာဝစ္စ ဆောင်ရွက်သူအဖြစ် တာဝန်ပေးထားသည်။

တစ်နေ့တွင် ဒိုက်ဦးမြို့မှ ဆရာတော်၏ ဒကာမတစ်ဦးက ဒိုက်ဦးနယ်မှ ထွက်သော ငါးခြောက်ပြား လတ်လတ်ဆတ်ဆတ် ကြီးများကို လာရောက် လှူထားသဖြင့် ငါးခြောက်များ ပိုမိုခြောက်အောင် ကိုရင်သောပါကအား ငါးခြောက်များကို နေပူလှန်းခိုင်းပြီး စောင့်ကြည့်နေဟု မိန့်ကြားထားသည်။ ကိုရင်သောပါကသည် ဆရာတော် ခိုင်းသည့်အတိုင်း ငါးခြောက်များကို စင်တစ်ခုပေါ်တွင် လှန်းထားပြီး စောင့်ကြည့်နေလေသည်။

မကြာခင် ကျီးကန်းတစ်ကောင်သည် ငါးခြောက်ပြားကို ထိုးယူ သုတ်ချီသွားသည်။ ကိုရင်သောပါကက ကျီးကို မခြောက်

လုန့်၊ ကျီးချီသွားသည့်အတိုင်း စောင့်ကြည့်နေသည်။ နောက် ကျီးတစ်ကောင်က လာပြီး ငါးခြောက်ပြားကို ချီပြန်သည်။ ကိုရင် သောပါကက စောင့်သာကြည့်နေသည်၊ ကျီးကိုမခြောက်။

ညနေ ငါးခြောက်များသိမ်းသောအခါ ကိုရင်သောပါက က စာဝါချပေးနေသော ဆရာတော်ထံ ရောက်လာပြီး ငါးခြောက် များ နေပူလှန်းပြီးပြီဖြစ်ကြောင်းနှင့် ငါးခြောက်ပြားနှစ်ပြား ကျီးကန်းချီသွားကြောင်းပါ လျှောက်ထားလေသည်။

"ဟဲ့ . . . ကိုရင် မင်း ငါးခြောက်ပြားတွေကို စောင့်ကြည့် မနေဘူးလား"

"ကြည့်နေပါတယ်ဘုရား"

"ဒါဆို ကျီးကန်းလာချီတော့ ခြောက်မလွှတ်ဘူးလား"

"ခြောက်မလွှတ်ပါဘူး ဘုရား"

"ဘာဖြစ်လို့ ခြောက်မလွှတ်တာလဲ ကိုရင်"

"ဆရာတော်ကပဲ စောင့်ကြည့်နေဆိုလို့ တပည့်တော်က စောင့်ပဲ ကြည့်နေတာပါဘုရား"

"အေး . . . ကောင်းကြရောပေါ့ကွယ်။ ဒီကိုရင်ကတော့ ချိပါသား ကလေး စောင့်ကြည့်ခိုင်းတာထက် ဆိုးနေပါပကော လား"

ဟု ဆရာတော်က မိန့်ကြားသည်။

"ချိပါသား ကလေး စောင့်ကြည့်ခိုင်းပုံအကြောင်းလေး

အကျဲယ်သိပါရစေဘုရား”

စာလိုက်ဃာတစ်ပါးက လျှောက်ထားသည်။

“အေး ... ရှေးအခါက စကားကပ်ပြောရာမှာ ချီပါသား၊ ပုခန်းသားတို့ဟာ အလွန် နာမည်ကြီးကြသတဲ့ကွဲ့။ တစ်နေ့မှာ ဝန်မင်းအိမ်သို့ ချီပါအရပ်က လူတစ်ယောက် လာရောက်နေထိုင်ပြီး ဝန်မင်းထံမှာ ပညာသင် အလုပ်လုပ်ရင်း နေသတဲ့။

တစ်နေ့ ဝန်မင်းကလည်း မင်းထံ ခစားသွား၊ ဝန်ကတော်ကလည်း အရေးပေါ် ဈေးသွားရန်ကိစ္စက ရှိနေလေတော့ ဝန်ကတော်က မိမိရင်သွေးငယ်ကလေးကို ပုခက်ထဲထည့်သိပ်ထားခဲ့ပြီး ချီပါသားလူငယ်ကို ကလေးကို စောင့်ကြည့်နေဖို့ မှာကြားပြီး ဈေးဝယ်ထွက်သွားသတဲ့။

ချီပါသားကလည်း ဝန်ကတော် မှာသည့်အတိုင်း ကလေးကို စောင့်ကြည့်နေသတဲ့။ အတန်ကြာတော့ ကလေးက အိပ်ရာနိုးပြီး ငိုသတဲ့။ ကလေးကို အိပ်ရာကနိုးလျှင် ချီပွေ့ရမယ် မဟုတ်လား။ ဒီလို လုပ်မပေးတော့ ကလေးက လူးလိမ့်အော်ဟစ်ငိုရင်း ပုခက်ပေါ်က လိမ့်ကျသတဲ့။ အဲဒါကို ချီပါသားက ကလေးကို ဘာမျှ လုပ်မပေးဘဲ လက်ပိုက်ပြီး ကြည့်နေသတဲ့။

မကြာခင် ကလေးက ငိုရင်း အော်ရင်း ပုခက်ပေါ်ကကျပြီး လူးလိမ့်ရာကနေ လှေကားထစ် တစ်ထစ်ပြီးတစ်ထစ် လိမ့်ကျသွားသတဲ။ ချီပါသားက အဲဒါကို လက်ပိုက်ပြီး စောင့်ကြည့်နေ

သတဲ့။

ဝန်ကတော် ဈေးကပြန်လာတော့ ကလေးက လှေကား ခြေရင်းမှာ လူးလှိမ့်ငိုနေပြီး ချီပါသားကတော့ လှေကားပေါ်ကနေ လက်ပိုက်ပြီး ကြည့်နေသတဲ့။

ဝန်ကတော်ကလည်း ကလေးအခြေအနေနှင့် ချီပါသား အခြေအနေကို တွေ့ရတော့ ပထမ အံ့အားသင့်ပြီး နောက်တော့ ဒေါသထွက်ပြီး–

"နင် ဘာပြုလို့ ကလေးကို မကြည့်တာလဲ"

လို့ မေးသတဲ့။

"ဝန်ကတော် ခိုင်းတဲ့အတိုင်း ကျွန်တော်မျိုး ကလေးကို ကြည့်ပါတယ်၊ ပထမ နီးပါတယ်၊ အိပ်ရာထဲမှာ ငိုပါတယ်၊ ပုခက်ထဲမှာ လူးလှိမ့်ရင်း ပုခက်ထဲကနေ အောက်သို့ပြုတ်ကျပါ တယ်။ အဲဒီကနေ ဆက်လက်လူးလှိမ့်ငိုပြီး လှေကားပေါ်က ကျပါတယ်"

လို့ ကလေးကျပုံ အလုံးစုံကို ပြောပြသတဲ့။

"အဲဒါ နင် ဘာဖြစ်လို့ ကလေးချီမ ချော့မော့ပြီး မလုပ် သလဲ"

လို့ ဝန်ကတော်က မေးတော့–

"ဝန်ကတော်ကပဲ ကျွန်တော့်ကို ကလေးကို စောင့်ကြည့် ထားပါဆိုလို့ ကျွန်တော်မျိုး မျက်ခြည်မပြတ် လိုက်ပြီး စောင့်

ကြည့်ထားပေးပါတယ်"

လို့ ပြန်ပြောသတဲ့ကွဲ့။

ယခုလည်း မောင်သောပါကက ငါ့ငါးခြောက်ပြားကို ချိပါ သား ကလေး စောင့်ကြည့်သလို စောင့်ကြည့်တော့ ကျိုးချိလို့ ငါးရဲ့ခြောက်နှစ်ပြား ပါသွားတာပေါ့ကွယ်။ နောက်နေ့ ဆက် စောင့် ဆက်လှန်းပြီး ဆက်ကြည့်ခိုင်းရင်တော့ ငါ့ငါးခြောက်ပြား တွေတော့ ကုန်တော့မှာပါပဲ။ တော်ပါပြီ၊ မောင်သောပါကရယ်။ နောက်နေ့ ငါးခြောက်လည်း မလှန်းပါနဲ့၊ စောင့်လည်း မကြည့် ပါနဲ့တော့"

ဟု မိန့်ကြားရာ စာလိုက်သံဃာများမှာ ကိုရင်သောပါကကို ကြည့်ပြီး တသောသော ရယ်မောကြလေတော့သည်။

❖

## အပျိုကြီး ယောကျ်ားဘဝရောက်ဖို့ ပါရမီဖြည့်သလို

ဖြူးမြို့ ဒက္ခိဏာရုံ ဆရာတော်ဘုရားကြီးသည် ရဟန်း သာမဏေများကို စာဝါပို့ချနေစဉ် ဇုံတဲရွာတွင် ကျောင်းစောင့် ထားသော မိမိ၏တပည့် ဦးဇဝနသည် လူထွက် မိန်းမယူပြီး ဆရာတော်ကို လာကန်တော့သည်။ ဆရာတော်က ကျောင်းပေါ် တက်လာသော လင်မယားကို လှမ်းကြည့်၍ စာချမှုကို ခဏ ရပ်လိုက်သည်။ မိမိရှေ့တွင် ရှိခိုးလာသော ဇနီးမောင်နှံ လင် မယားကို ကြည့်ရင်း–

"အောင်မယ် . . . ဘယ်သူများလဲမှတ်တယ် ငါ့တပည့် မောင်ဇဝနပါလား၊ ဘယ်လိုလုပ် လူထွက် မိန်းမရလာပါသလဲ"

ဟု မေးသည်။

"မှန်လှပါ . . . တပည့်တော်က လူမထွက်ချင်ပါဘူး ဘုရား၊ ခင်စိန်ကို ပါရမီ ဖြည့်ရမယ့်တာဝန်က ပေါ်လာတာနဲ့

လူထွက်ပြီး သူ့ပါရမီဖြည့်တဲ့အနေနဲ့ လူထွက်ပြီး သူနဲ့ယူလိုက်ရတာပါ ဘုရား"

ဟု ဦးဇဝနလူထွက်က လျှောက်ထားသည်။

"အောင်မယ် . . . ပါရမီဖြည့်ဘက် ပါရမီဖြည့်ဖို့ ယူလိုက်ရတယ်၊ ဘယ်လိုပါရမီအကြောင်းတွေလဲကွဲ့၊ ရှင်းစမ်းပါဦး"

"ခင်စိန်က မိဘဆွေမျိုးကလည်း မရှိ၊ တစ်ကောင်ကြွက်ဖြစ်နေပါတယ်ဘုရား။ ယခင်က တပည့်တော်အမေနှင့် အတူနေပါတယ် ဘုရား။ ယခု တပည့်တော်အမေကလည်း ဆုံးပြန်တော့ သူ့မှာ တပည့်တော်မှတစ်ပါး အခြားအားကိုးစရာလည်း မရှိတော့ပါဘူးဘုရား။ ဒါကြောင့် တပည့်တော်က သူ့ဘဝ အားကိုးရာအဖြစ် ပါရမီဖြည့်လိုက်ရတာပါ ဘုရား"

"ဩော် . . . ဩော် . . . အေး . . . အေး ကောင်းပါပေ့ကွယ်။ မင်းဟာက အပျိုကြီးအေးကြည် ယောကျ်ားဘဝ ရချင်တာနဲ့ ဘုန်းကြီးလူထွက်ကို ပါရမီ ဖြည့်ရတယ်ဆိုတဲ့ပုံလို ဖြစ်နေပါပကောလားကွဲ့"

ဟု ခပ်ပြုံးပြုံး မိန့်ကြားတော်မူပါသည်။

"မှန်လှပါ . . . ထိုပုံကလေးကို အကျယ်တဝင့် မိန့်ကြားပေးပါဦး ဘုရား"

"အေး . . . ညောင်ပင်သာမှာ အလွန်ချော အလွန်လှပပြီး ဥစ္စာပစ္စည်းကလည်း ပြည့်စုံတဲ့ အေးကြည်ဆိုတဲ့ သူငယ်မတစ်

ယောက် ရှိသတဲ့။

သူမက သူ့ကိုယ်သူ ဖြဟ္မာပြည်က လာတယ်လို့ ယုံကြည်ပြီး ကံဆိုးလို့ ယခုဘဝ မိန်းမဖြစ်ရတာ၊ နောက်ဘဝ ယောကျ်ားဖြစ်ရမယ်ဆိုတဲ့ စိတ်ဆန္ဒက အမြဲရှိပြီး ကုသိုလ်ပြု သီလဆောက်တည်ကာ ယောကျ်ားဘဝရအောင် အမြဲဆုတောင်းသတဲ့။

ချောကလည်းချော၊ လှကလည်းလှ၊ ဥစ္စာပစ္စည်းပြည့်စုံတဲ့တစ်ဦးတည်းသော သမီးဆိုတော့ လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတာပေါ့ကွယ်။ ဒါပေမဲ့ အေးကြည်က ဘယ်သူ ချစ်ရေးဆိုတာကိုမှ လက်မခံသလို မိဘပေးစားတာကိုလည်း လက်မခံဘူးတဲ့။

အဲဒီအချိန်မှာ စာတော်တော်များများ သင်ယူခဲ့ဖူးတဲ့ ဦးပဥ္ဇင်းလူထွက်တစ်ယောက်က ထိုအေးကြည်ကို ကြိုက်နစ်သက်မိသတဲ့။ ရိုးရိုးပြောလို့ရမှာမဟုတ်ဘူး ဆိုတာကိုလည်း သိသတဲ့။ အဲဒါနဲ့ သူက မအေးကြည်ထံကို စာတစ်စောင် ရေးပို့သတဲ့ကွဲ့။ သူရေးတဲ့ စာက မအေးကြည် ယောကျ်ားဘဝဆုတောင်းတာ အလွန်မြတ်ပါတယ်။ ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါဖြစ်ဖို့ အကြောင်းအထောက်အပံ့ပါပဲ။ ဒါပေမဲ့ မိန်းမဘဝကနေ ယောကျ်ားဘဝ ရဖို့ ရောက်ဖို့ဆိုတာက အင်္ဂါ (၃)ချက် ညီမျှရပါတယ်။ တစ်အချက်က ဒါန သီလ ဆောက်တည်ရပါမယ်။ နှစ်အချက်က ဆုတောင်းရပါမယ်။ သုံးအချက်က လင်ယောကျ်ားကို ရိုသေစွာ ပြုစုရပါမယ်။ အဲဒီအင်္ဂါ(၃)ချက် ညီမှ မိန်းမဘဝကနေ ယောကျ်ားဘဝ

ကို ပြောင်းပြီး ရပါမယ်။ မအေးကြည်ရဲ့ အလွန်မွန်မြတ်တဲ့ဘဝ ရောက်ဖို့ ကျွန်တော် ပါရမီဖြည့်ပေးပါရစေလို့ ပန်ကြားသတဲ့ကွဲ့။ စာမတတ် ပေမတတ် ယောကျ်ားဘဝကိုသာ တမ်းတမ်းစွဲလိုချင်နေတဲ့ အေးကြည်တစ်ယောက် ပါရမီဖြည့်ဘက် ဦးပဥ္စင်းလူ့ထွက်သောထွန်းနဲ့ ညားရပါသတဲ့ကွယ်။ ယခုလည်း မောင်ဇဝနခင်စိန်ကို ကြိုက်တာနဲ့ ပါရမီဖြည့်လိုက်ရတာပေါ့ကွယ်"

ဟု မိန့်ကြားလိုက်ရာ စာလိုက်သံဃာများနှင့် ဦးဇဝနလူပြန်တော်တို့ လင်မယားမှာ တသောသော ရယ်မောကြရတော့သည်။

❖

## အသဘောရိုကနှင့် ပြောသလား သသဘောရိုကနှင့်ပြောသလား

ဖြူးမြို့၊ ခမ္မိကာရုံစာသင်တိုက်ကြီး၏ ဒုတိယပဓာနဆရာတော် အရှင်သုန္ဒရသည် မိမိ၌ အနီးကပ် ဝေယျာဝစ္စ ဆောင်ရွက်ပေးရန် သာမဏေတစ်ပါး ထားလိုသည်။ ထိုသို့ထားရာတွင် မိမိအပေါ်၌ ဆရာသမားသဖွယ် သဘောထားပြီး စိတ်လက်ချမ်းသာစွာနှင့် ဆောင်ရွက်လိုသော သာမဏေ၊ မိမိအပေါ်၌ အနွံတာခံနိုင်သော သာမဏေကိုသာ အလိုရှိသည်။

သို့အတွက် နေ့လယ် ကိုရင်များကို သင်္ဂြိုဟ်စာဝါချစဉ် မိမိအနီးအနား၌ ဝေယျာဝစ္စ ဆောင်ရွက်ပေးလိုသော ကိုရင်သာမဏေတစ်ပါး လိုသည်၊ မည်သူ လာလုပ်ပေးနိုင်မည်နည်းဟု မိန့်ကြားသည်။

ထိုအခါ ကိုရင်သုမနနှင့် ရှမ်းတိုင်းရင်းသား ဖြစ်သော ကိုရင်ဂန္ဓမာတို့သည် ရပ်၍နေရင်း သူ့ကိုတံတောင်နှင့်တွက်လိုက်၊ ငါ့ကိုတံတောင် နှင့်တွက်လိုက်၊ မေးငေါ့ပြလိုက် လုပ်နေသည်ကို

ဆရာတော် ဦးသုန္ဒရက မသိမသာ အကဲခတ်ရင်း မြင်တော်မူသည်။

အတန်ကြာသောအခါ ရှမ်းကိုရင်သာမဏေ ဂန္ဓမာက–

"ဆရာတော် ဝေယျာဝစ္စကို တပည့်တော် ဆောင်ရွက်ပါမည်"

ဟု လျှောက်ထားသည်။

ထိုအခါ ဆရာတော်က–

"ဂန္ဓမာ ... မင်းလျှောက်ထားချက်ကို ပုဂံခေတ် မိန်းမပျိုကသူ့ကို ချစ်စကားဆိုလာတဲ့ ယောကျ်ားလေးကို မေးသလို မေးရဦးမယ်ကွဲ့"

ဟု မိန့်ကြားသည်။

"မှန်ပါ ... အကျယ်ကလေး ရှင်းပြပြီး မိန့်ကြားပေးပါဘုရား"

"အေး ... ပုဂံခေတ်က မိန်းကလေးတွေကလည်း အခြေခံသဒ္ဒါ၊ သင်္ဂြိုဟ် တတ်မြောက်ကြသတဲ့ကွဲ့။

တစ်နေ့တော့ ကိုရင်လူထွက်ကာလသားက အပျိုတစ်ယောက်ကို ချစ်မြတ်နိုးလေတော့ သူငယ်ချင်းတစ်ယောက်နှင့် တိုင်ပင်ပြီး ရေခပ်သွား အပြန်မှာ ချစ်ရေးဆိုဖို့ ကြိုးစားသတဲ့။

မိန်းပျိုလေးကလည်း သူတို့နှစ်ယောက် တွတ်ထိုးပြီး သူမပြန်အလာ စောင့်နေတာကို ရိပ်မိသတဲ့ကွဲ့။

မိန်းမပျိုလေး ရေခပ်ပြန်လာတဲ့အခါကျတော့ လူပျိုက စောင့်နေတဲ့ သစ်ပင်ရိပ်က ထွက်ပြီး ချစ်ကြိုက်စကား ပြောဆိုသတဲ့။

အဲဒီအခါမှာ မိန်းမပျိုက ကိုရင်လူထွက် ကာလသားကို–

"နေပါဦး . . . ရှင်လာပြီး ကျွန်မကို ချစ်ရေးဆိုတာ အသုခ်ါရိကစိတ်နှင့် လာပြောသလား၊ သသခ်ါရိကစိတ်နှင့် လာပြောသလား"

လို့ မေးသတဲ့ကွဲ့။

(အသခ်ါရိက – သူတစ်ပါး တိုက်တွန်းမှုမရှိ ပြောဆိုမှု

သသခ်ါရိက – သူတစ်ပါးက တိုက်တွန်း၍ ပြောဆိုမှု)

အဲဒီအခါမှာ ကိုရင်လူထွက် ကာလသားလည်း ပထမတော့ သဘောမပေါက်ဘူးတဲ့။ နောက်တော့ မိမိသင်ထားခဲ့ဖူးတဲ့ သင်္ဂြိုဟ်ကို သတိရပြီး အသခ်ါရိကနှင့် ချစ်စကားပြောတာပါနှမရယ်လို့ ပြောသတဲ့။ ယခုလည်း ဂန္ဓမာဟာ ငါ့ဝေယျာဝစ္စ လုပ်မယ်ဆိုတာ အသခ်ါရိကနှင့် ပြောတာလား၊ သုမနပယောဂနှင့် သသခ်ါရိကနှင့် ပြောတာလားလို့ မေးလိုတာကွဲ့."

ဟု မိန့်ကြားရာ စာလိုက်ကိုရင်များမှာ တသောသော ရယ်မောကြလေတော့သည်။

◆

# ဒေါ်အေး၏ အရက်ထဲက မေတ္တာရေ

စာသင်တိုက်ကြီးတစ်ခု၏ ဆွမ်းချက်တာဝန်ခံခေါင်းဆောင်ကို ဆွမ်းစားကျောင်းဆရာတော်က သံဃာတော်များအတွက် ဆွမ်း၊ ဆွမ်းဟင်းချက်ပြုတ်ရာ၌ သံဃာအရေအတွက်နှင့် ထုတ်ယူထားသော ဆန်၊ ဆီ၊ ဆားတို့ကို အပြည့်အစုံ အသုံးချပြီးချက်ရန် 'သံဃာ့ပစ္စည်း အဆိပ်သီး၊ သုံးနည်းမှားက၊ ငရဲရ' ဆိုသလို မဖြစ်စေရန်၊ မိမိဘဝ ယခုဘဝသာ ကောင်းစားရေးကိုသာ မကြည့်ဘဲ သံသရာမနစ်မွန်းရေးကိုပါ ကြည့်ရန်၊ ယခု ဆွမ်းချက်တာဝန်ခံသည် အစိမ်းကြော် စသည်ကြော်ရာတွင် ဆီ စသည်ကို ခိုးပြီးထည့်ကြောင်း၊ ပိုသောဆီများကို မိမိကိုယ်ကျိုးအတွက် သုံးနေသဖြင့် တီဗွီတွေ အောက်စက်တွေနှင့် ကြီးပွားနေသည်ဟု အောက်လက်သားများကရော စာသင်သား သံဃာငယ်များကပါ ပြောနေကြောင်း စသည် ဩဝါဒပေးသည်။

ထိုအခါ ဆွမ်းချက်တာဝန်ခံက–

"မိမိကို မနာလို၍ ဆန်ခို ဆီခိုသည်ဟု ပြောနေကြခြင်း ဖြစ်ပါသည်။ တပည့်တော်သည် သံဃာ့ပစ္စည်းကို ကိုယ်ကျိုးအတွက် မသုံးဆောင်ပါဘုရား။ ဆီသုံးလျှော့သည်မှာ ကျန်းမာရေး အရ ဆီစားသုံးမှုလျှော့ဖို့ သတင်းစာတွေမှာ လှုံ့ဆော်နေတာမို့ သာသနာပြုကြရမယ့် ရဟန်းတော်ကလေးများအတွက် အန္တရာယ်ကင်းစေရန် ဆီကို လျှော့သုံးရခြင်း ဖြစ်ပါတယ်ဘုရား"

ဟု လျှောက်ထားလေသည်။

ထိုအခါ ဆွမ်းစားကျောင်းဆရာတော်က–

"အင်း . . . ဆွမ်းချက်ဒါယကာ လျှောက်ပုံကတော့ 'အရက်ရောင်းသူ ဒေါ်အေး အရက်သောက်သူများအပေါ်ထားတဲ့ မေတ္တာရေအေး' ဆိုတဲ့ပုံလို ဖြစ်နေပြီ"

ဟု မိန့်ကြားသည်။

ထိုအခါ အနီးအနားရှိ သံဃာများက–

"ဒေါ်အေးရဲ့ မေတ္တာရေအေး အကျယ်ကလေး သိပါရစေဘုရား"

ဟု လျှောက်ထားကြသည်။

"အေး . . . တို့ဇာတိရွာမှာ ဒေါ်အေးဆိုတာ အရက်ပုန်းရောင်း စားပြီး အသက်မွေးသကွဲ့။ သူက အရက်ပုန်းရောင်းရင်း ကြီးပွား ချမ်းသာလာသတဲ့။ အဲဒီအခါမှာ ရွာသူရွာသားတို့က ဒေါ်အေးတို့က အရက်ထဲကို ရေရောရောင်းပြီး ချမ်းသာလာ

တာပဲ–လို့ ပြောဆိုဝေဖန်လာကြသတဲ့။

အဲဒီစကားကို ဒေါ်အေးက ကြားတော့ အော်ကြီးဟစ်ကျယ်နဲ့–

"ဟဲ့ . . . လောကမှာ လူမိုက်ဆိုတာ အကောင်းအဆိုး ခွဲခြားသိကြတာ မဟုတ်ဘူး၊ ရူးရူးမိုက်မိုက် လုပ်တတ်ကြတာ။ အဲဒီလိုလုပ်ကြလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေကြရတာ။ အရက်သမားဆိုတာကလည်း လူမိုက်နဲ့ ဘာမှုမထူးဘူး။ အရက်ဆိုရင် ချဉ်ချဉ်တူးတူး ရူးရူးမိုက်မိုက် သောက်ကြတာ။ ချက်အရက်ဆိုတာ အလွန်ပြင်းတာ။ ဒီပြင်းတဲ့အရက်သောက်ရင် အသက်တိုကြမှာ။ သူတို့အသက်ရှည်အောင် ငါက မေတ္တာထားပြီး အရက်ထဲ မေတ္တာရေထည့်ပေးတာဟဲ့"

လို့ ပြောသတဲ့။

ယခုလည်း ဆွမ်းချက်တာဝန်ခံက ကိုယ်တော်တို့အပေါ် မေတ္တာထားပြီး ဆီကို လျှော့သုံးပေးတာဖြစ်တယ်လို့ ပြောတာပေါ့ကွဲ့"

ဟု မိန့်ကြားရာ သံဃာတော်လေးများ ဆွမ်းချက်တာဝန်ခံကို ကြည့်ပြီး ပြုံးရယ်ကြလေသည်။

❖

## အသင်မတတ် ကိုယ့်ရှူးကိုယ်ပတ်

ညောင်ပင်သာစက်ရုံကျောင်းတွင် ဆရာတော်က တိုင်းရင်းသား ရှမ်း၊ ပအိုဝ်၊ လီဆူး စသည့် မိဘမဲ့ကလေးများကို လက်ခံပြီး ကိုရင်ဝတ်ပေးထားလေ့ရှိပြီး ကိုရင်ကြီးသာသနကို စီမံအုပ်ချုပ်ခိုင်းထားသည်။

ကိုရင်ကြီးသာသနသည် အရှန်းအနောက် ဝါသနာပါသူ ဖြစ်သည်။ တစ်ဖက်ကလည်း တိုင်းရင်းသား ကိုရင်လေးများကို မြန်မာစကား၊ မြန်မာစာပေ သင်ကြားပေးရသည်။

လီဆူး ကိုရင်လေးတစ်ပါးသည် ဥပမိသမ္ဘတ္တိ အလွန်ကောင်း၍ ကလေးမလေးများက ကျောင်းဥပုသ်စောင့်လာလျှင် ထိုလီဆူး ကိုရင်လေးကို အထူး ပေးလှူကြလေ့ရှိသည်။

ကိုရင်ကြီးသာသနသည် ထိုလီဆူးကိုရင်လေးကို အရှန်းအနောက်သဘောဖြင့် ကောင်မလေးတွေ လာလှူလျှင် ဆုပေးရ

သည်ဟု ပြောထားပြီး–

"မမ ပိယော ဟောတု၊ မမ ဘရိယော ဟောတု"

ဟု ဆုပေးရန် ပါဠိလို သင်ပေးထားသည်။

လီဆူးကိုရင်လေးကလည်း အဓိပ္ပာယ်မသိ။ မိမိ၏ဆရာ ကိုရင်ကြီးသင်ပေးထားသည့်အတိုင်း ရအောင်ကျက်ထားပြီး မိမိအား လာလှူသော မိန်းကလေးပျိုများကို ထိုအတိုင်း ဆုပေးလေ့ရှိသည်။

တစ်နေ့တွင် ကိုရင်ကြီးသာသန၏ညီမတော်သည် ထိုကိုရင်ငယ်ကို ကိုရင်ကြီးသာသနရှေ့မှာပင် ခဲတံတစ်ချောင်း လာလှူလေသည်။ ကိုရင်ငယ်က သင်ထားသည့်အတိုင်း မမ ပိယော ဟောတု၊ မမ ဘရိယော ဟောတု–ဟု ဆုပေးလိုက်ရာ ကိုရင်ကြီးသာသနမှာ အံ့ဩထိတ်လန့် ဒေါသဖြစ်ပြီး သူ၏ညီမငယ်လည်း ပြန်ရော လီဆူးကိုရင်ငယ်ကို ခေါ်ကာ–

"ငါ့ညီမကို မင်း ဒီလိုပြောရသလား"

ဟုဆိုပြီး ရိုက်လေသည်။

ကိုရင်ငယ်မှာ ဘုမသိ ဘမသိ အရိုက်ခံရပြီး ငိုရတော့သည်။ ထိုကိစ္စသည် ကျောင်းထိုင်ဆရာတော်ထံ သတင်းရောက်သွားပြီး အကျိုးအကြောင်း ခေါ်မေးလေသည်။

ဆရာတော်က အဖြစ်မှန်ကို သိသောအခါ ကိုရင်ကြီး သာသနကို ကြည့်ပြီး ပြုံးရယ်ကာ–

"အင်း ... သာသန ... သာသန ... မင်းကတော့လေ အသင်မတတ် ကိုယ့်ရှုးကိုယ်ပတ် ခံရတဲ့ အုန်းပင်စုဘုန်းကြီးလို ဖြစ်နေပြီ"

ဟု မိန့်ကြားကာ ကိုရင်ငယ်ကို ရိုက်သည့်အတွက်လည်း ဆူပြီး နောက် ဤကဲ့သို့ မပြုလုပ်ရန် ဆိုဆုံးမလွှတ်လိုက်လေသည်။

ဆရာတော်သည် ညနေ ကိုရင်များ စာဝါဆိုသောအခါ ထိုကိစ္စကို စကားစပ်မိရင်း တိုင်းရင်းသားကိုရင်ငယ်များကို မဟုတ်က ဟုတ်ကတွေ မသင်ရန်၊ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲတာမျိုး မပြုလုပ်ရန်၊ အချင်းချင်း ချစ်ခင်ရန် စသည်တို့ကို ဆုံးမရင်း အသင်မတတ်ရင် အုန်းပင်စုဘုန်းကြီး ဖြစ်သလိုယခု သာသနလည်း ဖြစ်ရပုံတို့ကို မိန့်ကြားဆုံးမသည်။

"အုန်းပင်စုဘုန်းကြီး ကိုယ့်ရှုးကိုယ်ပတ်ရသည့်အကြောင်းလေး အကျယ်သိပါရစေ ဘုရား"

ဟု တစ်ပါးက လျှောက်ထားသည်။

"အေး ... သစ်ပတ်ချောင်းဘေးမှာ အုန်းပင်စုရွာ ဆိုတာ ရှိတယ်။ ဒီရွာမှာ ဦးဂန္ဓမာဆိုတဲ့ တောထွက်ဘုန်းကြီးက ကျောင်းထိုင်တယ်။ ဘုန်းကြီးဦးဂန္ဓမာက စားပင် သီးပင် စိုက်ပျိုးရေး ဝါသနာပါတော့ ကျောင်းထဲမှာ မာလကာ၊ ငှက်ပျော၊ ပိန္နဲ၊ သရက်၊ မန်ကျည်း စသည့် သီးပင် စားပင်မျိုးစုံ စိုက်ထား

သတဲ့။

တပေါင်း၊ တန်ခူးမှာ သရက် ပိန္နဲ သီးစုံတွေ သီးလာတော့ ပတ်ဝန်းကျင်က လူတွေက ကျောင်းထဲဝင်ပြီး ခိုးယူ ဆွတ်ခူး စားကြသတဲ့။ ဒါကို ဘုန်းကြီးဦးဂန္ဓမာက မကျေနပ်ဘူး။ ရွာထဲရှိ ဒါယကာ ဒါယိကာမတွေကို မှီခိုပြီး ကျောင်းထိုင်ရတဲ့ ကျောင်းထိုင်ဘုန်းကြီးဆိုတော့လည်း ရပ်ရွာကိုလည်း ပြင်းပြင်းထန်ထန် ကိုယ်တိုင် မပြောရဲဘူးတဲ့။

တစ်နေ့တော့ မိမိရဲ့ ပေပေတေတေနေတဲ့ တပည့်တစ်ယောက်ကို ခေါ်ပြီး သစ်သီးခိုးစားတဲ့လူတွေကို ကျောင်းပေါက်ဝကနေ အော်ဆဲစေရန် အကြံရသတဲ့။

ဒါနဲ့ အဲဒီတပည့်ကို ခေါ်ပြီး မိမိအကြံကို ပြောပြသတဲ့ကွဲ့။ အဲဒီအခါမှာ တပည့်က "တပည့်တော် ဒီအတိုင်း အလွတ်တော့ မဆဲရဲဘူးဘုရား၊ ရဲဆေးလေးတင်ပြီးမှ ဆဲနိုင်ပါမယ် ဘုရား"

လို့ လျှောက်သတဲ့။

"အေး . . . ဒါဆိုလည်း ရဲဆေးတင်ပေါ့ကွာ၊ ဘာဆေး သောက်ဖို့လိုသလဲ"လို့ မေးသတဲ့။

"အရက်ကလေး အနည်းငယ်သောက်ရရင် ရဲပါတယ် ဘုရား"

လို့ လျှောက်တော့ ဘုန်းကြီးဦးဂန္ဓမာကလည်း သူ့တပည့် အရက်သောက်ဖို့ ငွေထုတ်ပေးလိုက်သတဲ့ကွဲ့။

သူ့တပည့် လူပေ လူတေက အရက်သောက်ပြန်လာပြီး ကျောင်းပေါက်ဝကနေပြီး ငါနှင့်ကိုင်တုတ်ပြီး ဆဲသတဲ့။ ဘုန်းကြီး ဦးဂန္ဓမာက-

"အေး . . . ဟုတ်ပြီ၊ ဆက်ဆဲ . . . ဆက်ဆဲ"

လို့ တစ်နေရာကနေ ပုန်းနေပြီး အားပေးနေသတဲ့။ နောက်တော့ ငတေ ငမူးက-

"မင်းတို့တစ်တွေ အဲဒီလို လာလာပြီး ခိုးစားနေရင် ဒီသစ်ပင်စိုက်တဲ့ ဘုန်းကြီးက 'ချေး'စားနေရမှာလားကွ"

လို့ အော်ဟစ်ဆဲတော့ ဘုန်းကြီးဦးဂန္ဓမာလည်း အံ့အားသင့်ဒေါသထွက်ပြီး ငမူး ငတေကို နောက်ကနေ ဆောင့်ကန်ရင်း-

"ဒီလို ငါ့ကိုပါ ထိခိုက်ဆဲရသလား ဟဲ့"လို့ ဆိုသတဲ့။ အဲဒီအခါမှာ ငမူးက ကပျာကယာထလာပြီး-

"အရှင်ဘုရား ဆဲခိုင်းတိုင်း ဆဲတာပဲလေ၊ အရှင်ဘုရား ပြောတဲ့အတိုင်း ဆဲတာပဲ ဘုရား၊ ဘာဖြစ်လို့ တပည့်တော်ကို ကန်ကျောက်ရတာလဲ"

လို့ ငဆော ငမူးက မူးမူးရူးရူးနှင့် လျှောက်ပြီး မကျေမနပ်နှင့် ထွက်သွားသတဲ့။ ယခုလည်း သာသနက ကိုရင်ငယ်ကို မဟုတ်က ဟုတ်က သင်ထားပြီး သူ့ညီမထိတော့ ကိုရင်ကို ဒေါသထွက် ရိုက်တော့တာပေါ့ကွဲ့"

ဟု မိန့်ကြားရာ စာလိုက်ကိုရင်များမှာ တသောသော

ရယ်မောကြတော့သည်။

ကိုရင်ကြီးသာသနက လီဆူးကိုရင်ကို သင်ပေးသော ဆုတောင်းအနက်အဓိပ္ပာယ်မှာ–

(မမ – ကျွန်ုပ်၏၊ ပိယော–ချစ်သူသည်၊ ဟောတု–ဖြစ်ပါစေ။

မမ–ကျွန်ုပ်၏၊ ဘရိယော–မယားသည်၊ ဟောတု–ဖြစ်ပါစေ ဟူ၍ ဖြစ်ပါသည်။)

❖

## အရှေးဟောင်းသောင်း သူကြီးလောင်းခန့်မိသည့်နယ်

ဖြူးမြို့ တာခြားရပ်ရှိ ဓမ္မကာရုံကျောင်းသို့ ဒက္ခိဏာရုံ စာသင်တိုက်မှ စာချဘုန်းကြီး ဦးဥတ္တမကို ကျောင်းအပ်စေပြီး စာသင်တိုက်ဖွင့်စေသည်။ ဆရာတော်ဦးဥတ္တမသည် ကျောင်းကို လက်ခံပြီး လက်ရှိဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားများကို စုရုံးပြီး မိမိ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စည်းကမ်းများကို လမ်းညွှန်ဩဝါဒပေးသည်။

ထို့နောက် ကျောင်းနှင့် ကျောင်းဝင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ရန် ကျောင်းသားကြီးတစ်ယောက်ကို အကြီးအကဲ ခေါင်းဆောင် ရွေးချယ်ခန့်ထားပေးရန် မိန့်ကြားသည်။

ထိုအခါ ကိုရင်ကျောင်းသားများက ငရုံးငပေါ ကြောင်တောင်တောင် ကိုဝင်းမောင်ကို ချောက်တွန်းချသော သဘော၊ ကိုဝင်းမောင်ကို ထိုအလုပ်များကို လုပ်စေသော သဘောဖြင့် ကိုဝင်းမောင်ကို အကြီးအကဲခေါင်းဆောင်အဖြစ် ရွေးချယ်ပေးကြသည်။

ဆရာတော်ဦးဥတ္တမသည် ဤကျောင်းရောက်စ ဦးပဋ္ဋင်းကိုရင်ကျောင်းသားတစ်ဦးချင်းစီ၏ စိတ်သဘော အခြေအနေကို သေချာကျန ဃနစွာ မသိသေးသဖြင့် သူတို့ရွေးချယ်ပေးသော ဝင်းမောင် ကိုပင် ကျောင်းသားခေါင်းဆောင် အကြီးအကဲခန့်ပြီး ကျောင်းနှင့် ကျောင်းဝင်းသန့်ရှင်းရေး၊ ရေခပ်၊ အမှိုက်ရှင်း၊ ထင်းခွဲ ထင်းဖြတ်၊ ဆွမ်းခံ၊ ဆွမ်းဝတ်လှည့် လုပ်ငန်းတာဝန်များကို ပြုလုပ်စေရန် တာဝန်ပေးလေသည်။

ဝင်းမောင်သည် ဆရာတော်က မိမိအား အကြီးအကဲ ခေါင်းဆောင်ခန့်ပြီးသောအခါ ကျောင်းသားများကို ကျောင်းအောက်တွင် စုဝေးရန် လက်ကွင်းမှုတ် အချက်ပေးပြီး ခေါ်သည်။ ကျောင်းသားများ ရောက်လာသောအခါ မိမိက လက်ကွင်းမှုတ်လျှင် မိမိရှိရာနေရာသို့ စုရုံးလာရမည်၊ ပြီးလျှင် မိမိစကားနားထောင်ရမည်၊ မိမိခိုင်းရာ ကျရာတာဝန်ကို ဆင်ခြေပေးခြင်းမရှိ လုပ်ရမည်၊ နားမထောင်သူ၊ မလုပ်သူကို ဟောဒီတုတ်က ဆုံးမလိမ့်မည်ဟု လမ်းညွှန်မှုပေးပြီး ကျောင်းသားများကို အသီးသီးတာဝန်ခွဲပေးလေသည်။

ကျောင်းသားများသည် အရှုးအပေါ ဝင်းမောင်၏ စကားနှင့် စေခိုင်းမှုကို မကျေနပ်ကြသော်လည်း ဆရာတော်က တာဝန်ပေးထား၍ သီးခံပြီး သူ၏အမိန့်ကိုနာခံပြီး လုပ်ကြရလေသည်။

သူအမိန့်ပေးပြီး၍ ကျောင်းသားများက မိမိတို့တာဝန်ကျရာ



ရွာထိပ်ရောက်တော့ မောင်းထုပြီး သေနတ်တစ်ချက်
ပစ်ဖေါက်စေသတဲ့၊ ရွာသူရွာသားတွေကလည်း ...

အသီးသီးသို့ သွားနေစဉ်ပင် ဝင်းမောင်က လက်ခေါက်မှုတ်ပြန်သဖြင့် ကျောင်းသားများ ဝင်းမောင်ရှိရာသို့ ပြန်စုရုံးရောက်ရှိလာကြပြီး ဘာများအမိန့်ပေးဦးမလဲဟု နားစွင့်နေကြသည်။

'ဘာမှမဟုတ်ဘူး၊ မင်းတို့တစ်တွေ ငါ့အမိန့်ကို နာခံမခံသိအောင် စမ်းကြည့်တာ၊ သွား အလုပ်လုပ်ကြ'ဟု အမိန့်ပေးသဖြင့် ကျောင်းသားများမှာ ပေါတောတော အရူးဝင်းမောင်၏ လုပ်ရပ်ကို မကျေမနပ်နှင့် ထွက်ခွာပြီး အလုပ်သွားလုပ်ကြရသည်။

ကျောင်းသားကြီး ဝင်းမောင်၏ ပေါတောတော ကြောင်တောင်တောင် ပြုမူစေခိုင်းမှု၊ အာဏာပြမှုတို့ကို ကျောင်းသားအချို့က မကျေနပ်၍ ဆရာတော်ထံ သွားရောက်ပြီး အကျိုးအကြောင်းပြ လျှောက်ထားကြလေသည်။

ထိုအကြောင်းကို ဆရာတော်က မှတ်ထားပြီး ဝင်းမောင်၏ ပြုမူပြောဆိုပုံများကို လေ့လာအကဲခပ် သုံးသပ်ကြည့်မိသည်။ ဝင်းမောင်၏အခြေအနေသည် ကျောင်းသားကိုရင်အများ လျှောက်ထားသလို ပေါတောတော ကြောင်တောင်တောင်လုပ်ရပ်များ လုပ်နေသည်ကို တွေ့ရှိသဘောပေါက်မိလေသည်။ သို့အတွက် ဝင်းမောင်ကို ခေါင်းဆောင်နေရာက ဖြုတ်ချပြီး ညနေဘုရားရှိခိုးပြီး ဩဝါဒပေးသောအခါ...

"အင်း...ငါတော့ လူကိုမလေ့လာဘဲ ဝင်းမောင်ကို လူကြီး

ခေါင်းဆောင်ခန့်မိတာတော့ အင်ပင်သာရွာက ရွာသားတွေက ရွာကမောင်သောင်း ငပေါငရူးကို သူကြီးလောင်း ရွေးလွှတ်ခန့် သလို ဖြစ်နေပါပကောလားဟု မိန့်ကြားသည်”

“အင်ပင်သာရွာသားတွေက အရူးငသောင်း သူကြီးလောင်း ရွေးခန့်ပုံအကြောင်းကလေး အကျယ်သိပါရစေဘုရား”

ဟု ရဟန်းတစ်ပါးက လျှောက်ထားသည်။

“အေး…ဂျပန်အပြေး အင်္ဂလိပ်ပြန်အဝင် စစ်ကျူဖြူအစိုးရ ဆိုတဲ့ အစိုးရအုပ်ချုပ်ရေး စတင်စကာလကပေါ့ကွယ်။ အင်္ဂလိပ် အရေးပိုင်မင်းက ကျေးလက်ဒေသရွာတွေမှာ သူကြီးတွေခန့်ဖို့ လူရွေးပေးပါလို့ အမိန့်ထုတ်တော့ ရွာအသီးသီးက သူကြီး လုပ်မည့်သူတွေ ရွေးပေးကြရတာပေါ့ကွယ်။ အဲဒီခေတ်က ခေတ် ပျက်ကာလကြီးဆိုတော့ လုံခြုံရေးက မကောင်းတော့ သူကြီး လုပ်ချင်တဲ့သူက ခပ်ရှားရှားကိုကွဲ့။ ဆွေဂုဏ်မျိုးဂုဏ်နှင့် အသိုင်း အဝိုင်းကောင်းသူလောက်ကသာ သူကြီးလုပ်ရဲကြတဲ့ကာလကို ကွဲ့။ အဲဒီတော့ အင်ပင်သာရွာမှာ သူကြီးလုပ်မည့်သူ မရှိဘူး ဖြစ်နေတယ်။ မြို့က အရေးပိုင်ရုံးကလည်း ခဏခဏ လူတောင်း နေတယ်။ နောက်ဆုံး မရွေးပေးနိုင်လျှင် တစ်ရွာလုံး ဒဏ်တပ် မယ်လို့ အမိန့်ချလာတော့ ရွာကလူကြီးတွေက ရွာဒဏ်တပ်ခံရမှာ ကြောက်ပြီး ရူးတူးတူး ပေါတောတော ငသောင်းကို သူကြီး လောင်း ရာထားပြီး ရွာထဲမှာ အလုပ်မရှိ အကိုင်မရှိ ဝေလေလေ

(၂) ယောက်ကိုပါ စောင့်ရှောက်သူအဖြစ် ထည့်ပေးပြီး မြို့အရေးပိုင်ရုံးသို့ အင်ပင်သာရွာသူကြီးလောင်းဆိုပြီး ပို့စေသတဲ့။

အဲဒီအခါမှာ အရေးပိုင်ရုံးကလည်း ဘာမျှ အထွေအထူး စစ်ဆေးမေးမြန်းခြင်း စုံစမ်းခြင်းမရှိတော့ဘဲ မောင်သောင်းကို အင်ပင်သာ ရွာသူကြီးလောင်းခန့်ပြီး ရွာသားများစုဝေးခေါ်ရန် မောင်းကြီးတစ်လုံးနှင့် သူကြီးအဆောင်အယောင် နှစ်လုံးပြူး သေနတ်တစ်လက် ပေးလိုက်သတဲ့။

မောင်သောင်းလည်း တပည့်တစ်ယောက်ကို မောင်းထမ်း၊ တပည့်တစ်ယောက်က သေနတ်ထမ်းစေပြီး ရွာသို့ပြန်လာသတဲ့။

ရွာထိပ်ရောက်တော့ မောင်းထုပြီး သေနတ်တစ်ချက် ပစ်ဖောက်စေသတဲ့။ ရွာသူရွာသားတွေကလည်း မောင်းသံ၊ သေနတ်သံကြားတော့ အထူးအဆန်းဖြစ်ပြီး ရွာထိပ်သို့ ဘာလဲဆိုတာ သိချင်ဇောနဲ့ ပြေးလာ စုရုံးကြသတဲ့။ အရှုးမောင်သောင်းနဲ့ တပည့်(၂)ယောက် မောင်းတွေ၊ သေနတ်တွေနှင့် ဖြစ်နေတော့ အံ့သြကြပြီး ဘာလဲ၊ ဘယ်လိုလဲဆိုတာ ပိုသိချင်လာကြသတဲ့။

လူတွေလည်း အတော်စုမိတဲ့အခါ မောင်သောင်းက

"ယခု အရေးပိုင်မင်းက ငါ့ကို ဒီရွာရဲ့ သူကြီးအဖြစ် ခန့်လိုက်ပြီ။ ခင်ဗျားတို့တစ်တွေအားလုံး ဟောဒီမောင်း ထုလိုက်ရင် ကျုပ်ဆီ အားလုံး စုဝေးရောက်လာရမယ်။ ပြီးတော့ ကျုပ်ပြောသမျှ နားထောင်ရမယ်။ ခိုင်းသမျှ လုပ်ရမယ်။ ကျုပ်ကို

ရှာသူကြီးပြုလုပ်ခအတွက် ကျူပ်နှင့် ကျူပ်တပည့် (၂)ယောက်အတွက် စားဖို့သောက်ဖို့ စီမံပေးကြရမယ်။ နားမထောင်သူ၊ ခိုင်းတာမလုပ်သူ၊ တာဝန်မကျေသူကို ဟောဒီသေနတ်နဲ့ ဆုံးမမယ်"

လို့ အမိန့်ဩဝါဒပေးသတဲ့။ ရွာသူရွာသားတွေကလည်း အံ့ဩကြပြီး ကိုယ်တင်တဲ့မျောက် ကိုယ်ကြောက်နေရပါကလားဆိုပြီး မထူးတော့သည့်အဆုံး "ကောင်းပါပြီ၊ ကောင်းပါပြီ၊ သူကြီးအမိန့်အတိုင်း ဆောင်ရွက်ပါမယ်"ဆိုပြီး ကတိပေးပြီး ပြန်ကြသတဲ့။ ပြန်၍ အိမ်ပေါက်ဝ ခြံစည်းရိုးပေါက်ဝ ရောက်ခါရှိသေး၊ သူကြီးမောင်သောင်းက မောင်းတစ်ခါထုပြန်သဖြင့် ရွာသူရွာသားများ စုဝေးသွားရောက်ရပြန်သတဲ့။ အားလုံးစုဝေးမိပြီးတော့ "ဘာကိစ္စရှိပါသေးသလဲ သူကြီး"လို့မေးတော့ ကိစ္စအထွေအထူးမရှိဘူး၊ ခင်ဗျားတို့ရွာသားတွေ ကျူပ်နှင့် ကျူပ်မောင်းသံ အမိန့်နာခံမခံသိအောင် စမ်းသပ်ကြည့်တာ၊ ပြန်ကြတော့လို့ ပြောသတဲ့။

ရွာသူရွာသားတွေလည်း တည်မိတဲ့ဘုရား လင်းတပဲနားနားဆိုတဲ့သဘောနဲ့ သည်းခံပြီးပြန်ကြရသတဲ့။

နောက်တော့ သူကြီးငရူးမောင်သောင်းက မောင်းတဒူဒူ ခဏခဏထု၊ အစည်းအဝေးခေါ်ပြီး အမိန့်တွေ ခဏခဏ ထုတ်သတဲ့။ သူ့ဆီကအမိန့်မရဘဲ လက်မထပ်ရ၊ သူ့ဆီကအမိန့်မရဘဲ

ငါးမပက်ရ၊ ဝက်မသတ်ရ၊ ကြက်မသတ်ရ၊ အသုဘရက် ထား တာကို သူ့အမိန့်ရမှ ထားရမည်၊ ဘယ်သူက ဆယ်အိမ်ခေါင်း၊ ဘယ်သူက ကာလသားခေါင်း စသည်ဖြင့် သူထင်ရာသူလုပ်လာ တော့ ရွာသားတွေက မခံမရပ်နိုင်ဖြစ်ပြီး ရွာလူကြီးလေးငါး ယောက်စုပြီး မြို့တက်ပြီး အရေးပိုင်မင်းထံ သွားရောက်တွေ့ဆုံပြီး အကျိုးအကြောင်းပြော တင်ပြကြသတဲ့။ မောင်သောင်းသည် စိတ်မမှန်သူဖြစ်၍ သူကြီးအရာက ဖြုတ်ပေးဖို့ ပြောကြသတဲ့။ အဲဒီအခါမှာ အင်္ဂလိပ်အရေးပိုင်မင်းက...

"မောင်မင်းတို့ရွာကို အုပ်ချုပ်ဖို့ လူကြီးလူကောင်းတွေ ပေးပါလို့ ကျွန်ုပ် ခဏခဏပြောသည်၊ သင်တို့ အတော်ကြာကြာ နှင့်မပေး၊ ဒဏ်ခတ်မည်ဆိုမှ မောင်သောင်းကို ပေးသည်။ မောင်မင်းတို့ ရွေးပေးထားသော သူကြီးကို လုပ်ထုံးလုပ်နည်း စည်းမျဉ်းအရ ယခုချက်ချင်း ဖြုတ်၍မရ။ တစ်နှစ်တိတိ ထားရ မည်။ မောင်မင်းတို့ရွေးပေးသော သူကြီး ကောင်းလျှင်လည်း မောင်မင်းတို့စံ၊ မကောင်းလျှင်လည်း မောင်မင်းတို့ ခံပေတော့" လို့ ပြောလွှတ်လိုက်သတဲ့ကွဲ့။

အဲဒီတော့ ရွာသားလူကြီးတွေလည်း အရူးမောင်သောင်း သူကြီးဒဏ်ကို ခါးစည်းခံရတာပေါ့ကွယ်။ ယခုလည်း ငါက ရောက်စဖြစ်လို့၊ မင်းတို့အကြောင်း မသိသေးလို့ သန့်ရှင်းရေး လုပ်ဖို့ ကျောင်းသားအကြီးအကဲတစ်ယောက် ရွေးပေးပါလို့ ပြော

တော့ ဝင်းမောင်ကို မင်းတို့ပဲရွေးပေးတာလေ။ ယခုတော့ မင်းတို့လည်း ဝင်းမောင် ကောင်းရင်စံ၊ ဝင်းမောင် မကောင်းရင် ခံကြပေတော့ပေါ့!"ဟု မိန့်ကြားရာ ကျောင်းသား ကိုရင်များမှာ တသောသော ရယ်မောကြရလေတော့သည်။

❖

## သိကြားမင်း နှစ်ခါရှိခိုးခံရအောင် မယား(၂)ယောက်ယူရသည်

ဓမ္မိကာရုံဆရာတော် ဦးသုန္ဒရ၏ ဝေယျာဝစ္စကို ပြုစုလုပ်ကျွေးနေသူမှာ ကိုရင်လာဘ ဖြစ်သည်။

ကိုရင်လာဘသည် တစ်နေ့တွင် ကျောင်းသို့ ဥပုသ်လာစောင့်သူ မတင်လှနှင့် ပထမတော့ ထိကပါးရိကပါး ပြောဆိုနေရာမှ နောက်တော့ သဒ္ဒါလွန်ကြပြီး တဏှာကျွန်ဘဝရောက်ရန် အခြေအနေဖြစ်လာသည်။

ကိုရင်လာဘသည် မတင်လှကိုလည်း ချစ်မိသည်၊ ကိုရင်ဘဝက ထွက်ပြီးယူလိုသည်။ ဆရာတော်ကိုလည်း မလျှောက်ရဲ၊ အိမ်က မိဘကိုလည်း မပြောရဲ၍ သည်းခံအောင့်အည်း နေခဲ့ရသည်။

သူသည် တစ်ဖက်ကလည်း ကျောင်းသားသစ်များကို မင်္ဂလသုတ် ပရိတ်ကြီး သင်အံကျက်မှတ်မှုကို သင်ပေးရသည်။

စာတက်ပေးရသည်။ စာကျက်ရသော ကျောင်းသားကိုရင်များကို မိမိထံ စာအလွတ် ပြန်ပြသည်ကို နားထောင်ပြီး မှန်၊မမှန် စစ်ဆေးပေးပြီး မှန်သူများကို ရှေ့တစ်ပုဒ် ဆက်တက်ပေးရသည်။

တစ်နေ့တွင် ကျောင်းသား မောင်ဝင်းမောင်သည် မာတာ ပိတု ဥပဋ္ဌာနံ ပုတ္တဒါရဿသင်္ဂဟော ဟူသော မင်္ဂလာဂါထာကို ပါဠိအနက် လာပြန်ဆိုပြရာ "ပုတ္တဒါရဿသင်္ဂဟော-သားမယား တို့ကို ပြုစုလုပ်ကျွေးရခြင်းသည် မင်္ဂလာမည်"၏ဟု ဆိုပြသည် ကို သဘောကျပြီး လူထွက်ပြီး မတင်လှကိုယူရန် ဆုံးဖြတ်ပြီး ဆရာတော်ထံ လူထွက်လိုကြောင်း လျှောက်ထားသည်။

ထိုအခါ ဆရာတော်က မိန်းမယူတာ မကောင်းကြောင်း၊ မိန်းမဒုက္ခ၊ အိမ်ထောင်ရေး၌ သားမယားလုပ်ကျွေးရမှုအတွက် အကုသိုလ်ဒုစရိုက်တွေသာများကြောင်း ဟောပြောပြရာ ဆရာ တော်၏ ဆုံးမချက်ကို ကိုရင်လာဘသည် နားမဝင်ဘဲ...

"ပုတ္တဒါရဿသင်္ဂဟော-သားမယားကိုပြုစုလုပ်ကျွေးခြင်း သည် မင်္ဂလာမည်၏လို့ ဘုရားဟောထားပါတယ်ဘုရား၊ မင်္ဂလာ အလုပ်ဟာ ကုသိုလ်ရပါတယ်ဘုရား"

ဟု ကိုရင်လာဘက အထွန့်တက် လျှောက်ထားသည်။

ထိုအခါ ဆရာတော်က "အင်း...မောင်လာဘတို့ကတော့ သိကြားမင်း နှစ်ခါရှိခိုးခံချင်လို့ မယားနှစ်ယောက်ယူရသည် ဆိုတဲ့ ဘုန်းကြီးတူ မောင်အောင်သန်းထက်ပင် ဆိုရပြောရ

ခက်နေပါပကောလား”ဟု မိန့်ကြားသည်။

“သိကြားမင်း နှစ်ခါရှိခိုးခံချင်လို့ မိန်းမနှစ်ယောက်ယူရပုံ မောင်အောင်သန်း အကြောင်းကို အကျယ် ဟောပြောပြပါဦး ဘုရား”

ဟု စာသင်သားတစ်ဦးက လျှောက်ထားသည်။

“အေး...ရှေးက လိပ်သောင်ဆိုတဲ့ရွာမှာ မောင်အောင်သန်း ဆိုတဲ့သူတစ်ယောက် ရှိသတဲ့။ သူက မိန်းမကို ရိုးရိုးသားသား ကြိုးစားပြီး လုပ်ကျွေးသတဲ့။ ရပ်ရွာကလည်း မိန်းမကို ရိုးသားစွာ လုပ်ကျွေးသူအဖြစ် ချီးကျူးကြသတဲ့။

တစ်နေ့မှာတော့ အလှူပွဲတစ်ခုမှာ ရွာဦးကျောင်းဆရာတော် ဘကြီးတော်သူက သိကြားမင်းက ရှိခိုးခံရအောင် ကျင့်ကြ၊ သိကြားမင်းက မယားကို ရိုသေစွာလုပ်ကျွေးသူများကို ရှိခိုးသတဲ့လို့ ဟောပြောတော့ မောင်အောင်သန်းက ဒါကိုမှတ်ထားပြီး...

“အင်း...မယားတစ်ယောက်ယူ၍ လုပ်ကျွေးလျှင် သိကြားမင်းက တစ်ခါရှိခိုးလျှင် မယားနှစ်ယောက်သာယူပြီး လုပ်ကျွေးလျှင် သိကြားမင်းနှစ်ခါရှိခိုးခံရမှာပဲ။ သိကြားမင်းရှိခိုးခံရတဲ့ ဂုဏ်ဟာ နည်းတာမှတ်လို့”ဆိုပြီး မုဆိုးမတစ်ယောက်ကို ဒုတိယ မယားအဖြစ် ကောက်ယူလိုက်သတဲ့။

အဲဒီလိုကောက်ယူလိုက်လို့ ပထမ မယားနှင့် စကားများရန်ဖြစ်ကြပြီး ပထမ မယားက မခံမရပ်နိုင်ဖြစ်ပြီး ရွာဦးကျောင်း

ဘကြီးဘုန်းကြီးကို သွားလျှောက်ပြီး တူတော်မောင်ကို ဆုံးမပေးရန် လျှောက်ထားသတဲ့။

အဲဒီအခါမှာ ဆရာတော်က တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ ဓလေ့စရိုက်ဟာ တစ်လင်တစ်မယားစနစ်နှင့် အေးချမ်းသာယာနေတတ်တာကို မောင်မင်းက အဘယ်ကြောင့် နောက်မိန်းမတစ်ယောက် ထပ်ယူရပါသလဲလို့ မေးသတဲ့။

အဲဒီအခါမှာ တူတော်မောင် မောင်အောင်သန်းက မှန်လှပါအရှင်ဘုရားပဲ ဟောထားတာ၊ မယားကို ကောင်းစွာ ပြုစုလုပ်ကျွေးတဲ့သူ သိကြားမင်းက ရှိခိုးတယ်လို့ ဟောထားတော့ တပည့်တော် သိကြားမင်းက (၂)ကြိမ်ရှိခိုးခံရအောင် မယားနှစ်ယောက်ယူပြီး ပြုစုလုပ်ကျွေးလိုတာပါဘုရား။

လို့ လျှောက်သတဲ့။

အင်း...တဏှာရှူးကို တရားအထူး မယားလုပ်ကျွေးသူကို သိကြားမင်းရှိခိုးတာ ဟောမိတာ မှားပါပကောလားလို့ ညည်းတွားသတဲ့ကွယ်။ ယခုလည်းပဲ မောင်လာဘက ပုတ္တဒါရဿ သင်္ဂဟော ဘုရားဟောမင်္ဂလာကို ဆင်ခြေကန်ပြီး မယားကျွန်ဒဏ်ခံဖို့ လာလျှောက်နေတာကိုးကွဲ့.”

ဟု မိန့်ကြားရာ စာလိုက်သံဃာများမှာ တသောသောရယ်မောကြလေသည်။

❖

## ဒါနနည်းတယ်မွဲသကိုးကွဲ့

ဆရာတော်ဦးအာဒိစ္စသည် ရန်ကုန်တွင် ကျောင်းထိုင်ဘုန်းကြီးဖြစ်နေပြီး ဆရာတော်၏ အပြောအဟော ကောင်းမှုကြောင့် ဘုန်းတန်ခိုးကြီး လာဘ်လာဘ ပေါများနေကြောင်း စလင်းအညာမှ သူ့အစ်ကို ဦးတင်အောင်က ကြားသိရသဖြင့် သူ့ညီဘုန်းကြီးထံ အကူအညီတောင်းရန် ရောက်လာသည်။

"တပည့်တော်တို့အညာ ယခုနှစ် မိုးခေါင်လေတော့ ပဲမရ နှမ်းမရနှင့် အရှင်ဘုရားရဲ့အမေရော၊ တပည့်တော်တို့ပါ အလွန် ပင် ဆင်းရဲရောက်နေကြရတယ်ဘုရား၊ အဲဒါ အရှင်ဘုရား အနေနှင့် တတ်နိုင်သလောက် ကူညီစောင့်ရှောက်ပေးပါဦးဘုရား"

ဟု လျှောက်ထားသည်။

"အင်း...အစ်ကိုတို့ကတော့ ဆရာတော်ဦးဗုဓ်ပြောသလို ဒါနနည်းတယ်မွဲသကိုး ဆိုတာမျိုး ဖြစ်နေပြီ။ အဲဒီတော့ ဆရာ

တော် ဦးဖုမ်က သူ့အမေကို ဒါနများအောင် ပြုလုပ်ပေးသလို ကျုပ်ကလည်း အစ်ကို့အတွက် လုပ်ပေးရတော့မှာပေါ့"

ဟု မိန့်ကြားပြီး ကိုရင်တစ်ပါးကို စာသင်သံဃာလေးပါး ပင့်ခိုင်းလိုက်သည်။ သံဃာတော်များ ကြွရောက်လာသောအခါ ဆရာတော်က သူ့အစ်ကို ခေါင်းပေါင်းပေါင်းထားသော အညာ တဘက်၊ အိတ်ထဲတွင်ပါသော အညာဖျင်စောင်အသစ်ပိုင်း ကလေးနှင့် ပုဆိုးကလေးကို ထုတ်ယူပြီး...

"ကဲ...အရှင်ဘုရားတို့ ဟောဒါ အညာက တပည့်တော် အစ်ကိုအရင်းပါပဲ။ ဒါနကနည်း တယ်မွဲတော့ ယခု တပည့်တော် ထံ အကူအညီလာတောင်းခံပါသည်။ ဒါနနည်းလို့ မွဲနေသမျှ တပည့်တော်က ပေးလည်း ခဏသာ ချမ်းသာမည်၊ ဆင်းရဲမြဲ ဆင်းရဲမည်။ သို့အတွက်-တပည့်တော်အစ်ကို နောင်ချမ်းသာဖို့ အတွက် ဆရာတော်ဦးဖုမ်က သူ့အမေကို ကုသိုလ်ကနည်း တယ်မွဲသကိုးလို့ မိန့်ကြားပြီး ကုသိုလ်ရအောင် လုပ်ပေးသလို လုပ်ပေးလိုသည်။ အရှင်ဘုရားတို့ တပည့်တော်အစ်ကိုကို သနား ချီးမြှင့်သောအားဖြင့် သူ့ရဲ့ပစ္စည်းကို အဖိုးမထိုက်ပေမယ့် သူ့ဘဝ ကုသိုလ်အကျိုး ခံစားရအောင် ချီးမြှင့်စောင့်ရှောက်ပေးကြပါ ဘုရား"

ဟု လျှောက်ထားပြီး သူ့အစ်ကိုကို ပါလာသော နဝကမ္မ ငွေလေးနှင့် တဘက်၊ စောင်၊ ပုဆိုးတို့ကို သံဃာများအား

လှူစေသည်။ အစ်ကိုလည်း ညီဘုန်းကြီးပြောသည့်အတိုင်း မည်သို့မျှ ပြန်မပြောရဲဘဲ မိမိပစ္စည်းလေးများကို မလှူချင့်လှူချင်နှင့် လှူလိုက်ရလေသည်။

အလှူပြီးသောအခါ အလှူခံဦးပဉ္ဇင်းတစ်ပါးက ဆရာတော် ဦးဗုဓ်ရဲ့ဒါနကနည်း တယ်မွဲသကိုးဆိုပြီး သူ့အမေကို ဒါနပြုပေးပုံလေး အကျယ်ရှင်းပြပါဦးဘုရားဟု လျှောက်ထားသည်။

"အေး...ဆရာတော်ဦးဗုဓ်ဆိုတာက ပိဋကတ်စာပေတတ်တဲ့နေရာမှာ ဗုဓ်အစ၊ ဗုဓ်အလယ်၊ ဗုဓ်အဆုံးလို့ ရှိရာမှာ ပထမက ဗုဒ္ဓ၊ ဒုတိယက အဋ္ဌကထာကျမ်းပြုဆရာတော် ရှင်မဟာဗုဒ္ဓဃောသ၊ ဗုဓ်အဆုံးက ယခု ဦးဗုဓ်လို့ ထင်ရှားတဲ့ ဆရာတော်ပေါ့။ ဆရာတော်ကို ဘကြီးတော်မင်းရဲ့ မိဖုရားကြီး နန်းမတော်မယ်နုက အုတ်ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းပြီး ကိုးကွယ်ခံရတော့ ညောင်ကန်ရွာမှာရှိတဲ့ ဆင်းရဲလှတဲ့ မိခင်ကြီးက သားက ဘုန်းတန်ခိုးကြီးပြီး မိဖုရား ကိုးကွယ်ခံဆရာတော် ဖြစ်နေလေတော့ သားဘုန်းကြီးထံက အကူအညီ ရလိုရငြား ညောင်ကန်ကနေ အမရပူရကို လိုက်လာပြီး သားကို လာတွေ့သတဲ့။ သားဆရာတော် ဦးဗုဓ်က မယ်တော်ကြီး လိုက်လာတဲ့ အကြောင်းရင်းကိုမေးတော့ လုပ်ငန်းကိုင်ငန်း အဆင်မပြေ၍ စားဝတ်နေရေး ကျပ်တည်းနေကြောင်း လျှောက်တော့ ဆရာတော်က မယ်တော်ကြီး ခေါင်းပေါ်တင်လာတဲ့ အညာတဘက်

လေးကို ဆွဲယူပြီး ဓားငယ်နှင့်ခွဲ ကြိုးအသွင်ပြုလုပ်ပြီး သံဃာတော်များ ကြွလာရန် တုံးမောင်းခေါက်လိုက်သတဲ့။ သံဃာတော်များ ကြွလာတော့...

"တပည့်တော်များရဲ့ မယ်တော်ကြီး ဒါနကနည်း တယ်မွဲသကိုးဘုရား၊ မယ်တော်ကြီးကို ချီးမြှင့်သောအားဖြင့် ပေ–ပရပိုက်စည်းကြိုးအဖြစ် တပည့်တော် မယ်တော်ကြီးရဲ့ တဘက်ကြိုးတို့ကို အလှူခံပေးတော်မူပါဘုရား"လို့ လျှောက်ထားပြီး မယ်တော်ကြီးရဲ့တဘက်ခွဲစိပ်ထားတဲ့ ကြိုးတွေကို သံဃာတော်များကို ပေ–ပုရပိုက်စည်းကြိုးအဖြစ် လှူဒါန်းပေးလိုက်သတဲ့။

ယခုလည်းပဲ တပည့်တော်က ဒါနကနည်း–တယ်မွဲလှတဲ့ အစ်ကိုကို ကုသိုလ်များအောင် အရှင်ဘုရားတို့ကို ချီးမြှောက်စေတာပါဘုရား..."ဟု မိန့်ကြားရာ အလှူခံဦးပဉ္ဇင်းများမှာ ဆရာတော့်အစ်ကို ကိုတင်အောင်ကို ကြည့်ပြီး ပြုံးစိပြုံးစိ ဖြစ်ကြရလေသည်။

❖

## ဒီလိုအသိတရားလေးရှိမှပေါ့

ပြည်တွင်းပြည်ပ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဦးပညာဒီပထံတွင် ဆရာတော်၏ဝေယျာဝစ္စအလုပ်ကို ဆောင်ရွက်ပေးနေကြတာ ရှင်ဥတ္တရာနှင့် ရှင်ဉာဏ နှစ်ပါးရှိလေသည်။

ရှင်ဥတ္တရသည် ဆရာတော်ထံ၌ တစ်လနှစ်လသာ ဝေယျာဝစ္စကိစ္စ ဆောင်ရွက်ပေးပြီး ဆက်လက် မလုပ်ပေးတော့ချေ။ ကိုရင်ဉာဏ အရပ်သို့ပြန်နေစဉ် ကိုရင်ဥတ္တရကလည်း ဆရာတော်ကလည်း ဆရာတော်၏ ဝေယျာဝစ္စကို မပြုလုပ် မဆောင်ရွက်ပေးသဖြင့် ဆရာတော်မှာ အခက်အခဲဖြစ်ရသည်။

သို့အတွက် ဆရာတော်က လက်ထောက်စာချဆရာတော်များနှင့် ဆွမ်းဝိုင်းအပြီး အချိုပွဲဘုဉ်းပေးနေစဉ် "မိမိထံ၌ ဝေယျာဝစ္စပြုလုပ်ရန် ပေးထားသော ကိုရင်(၂)ပါးအနက် ဉာဏကလည်း အရပ်ပြန်၊ ဥတ္တရကလည်း လာလုပ်မပေးတော့ တပည့်တော်

မှာ အခက်အခဲဖြစ်နေရပါသည်၊ ဉတ္တရကို ခေါ်ယူမေးကြည့်ကြ ပါဦး”ဟု မိန့်ကြားသည်။

“တပည့်တော် ဉတ္တရကိုခေါ်ယူမေးကြည့်ပါတယ် ဘုရား၊ ဆရာတော်ရဲ့ ဝေယျာဝစ္စသာ အချိန်ကုန်လူပန်း လုပ်ပေးနေရ တယ်၊ ဆရာတော်ဘက်ကကျတော့ ဘာမျှ ချီးမြှင့်ပေးကမ်းတာ မရှိတော့ မလုပ်ချင်တော့ဘူး၊ စာမေးပွဲ အောင်အောင်သာ ကိုယ့် စာကို ကိုယ် ကြိုးစားကျက်တော့မယ်လို့ ပြောပါတယ်ဘုရား”

“ဪ...ဪ...အေး...အေး...ဉတ္တရကလည်း ငါ့ ဝေယျာဝစ္စသာ ဆက်လုပ်ပေးရရင် သူဌေးမကြီးက မြို့ဝန်မင်းထံ လက်ဆောင်ပို့ခိုင်းတဲ့ တပည့်က မြို့ဝန်မင်းကို ဒီလိုအသိတရား လေးရှိမှပေါ့ဟု ဆိုသလိုဖြစ်နေပြီပေါ့ကွယ်”

ဟု မိန့်ကြားသည်။

“မြို့ဝန်မင်းကို ဒီလိုအသိတရားရှိမှပေါ့ဆိုတဲ့အကြောင်း ကလေး အကျယ်ပြောပြပါဦးဘုရား”

“အေး...ရှေးက မြေပိုင်ရှင်သူဌေးမကြီးတစ်ယောက်က လစဉ်လစဉ် မြို့ဝန်မင်းထံသို့ လက်ဆောင်ပစ္စည်း ပို့ပေးလေ့ ရှိသတဲ့။ အဲဒီလိုပို့တဲ့နေရာမှာ သူဌေးမကြီးရဲ့လူယုံတော်တပည့် ငယ် လုလင်က အမြဲ သွားသွားပို့ရသတဲ့။ အပို့ သွားသည့်အခါ တိုင်း မြို့ဝန်က သူ့အလုပ်စားပွဲမှာ အလုပ်ရှုပ်ပြီး လုလင်ကို ထွေထွေထူးထူး ဖော်ဖော်ရွေရွေ ပြောဆိုခြင်း မေးမြန်းခြင်းမပြုဘဲ

အဲဒီမှာ တင်ထားခဲ့ လို့သာပြောပြီး သူ့အလုပ်ကိုသာ သူ ဆက်လုပ်နေသတဲ့။

လက်ဆောင်ပစ္စည်း သုံးလေးကြိမ်ပို့ပြီးတဲ့နောက် ယခု တစ်ဖန် ဒီတစ်ကြိမ်သွားပို့ခိုင်းတော့ လုလင်က မြို့ဝန်မင်း အလုပ်လုပ်နေတဲ့ အခန်းကို အသံမပေး ဘာမပေးဘဲ တံခါးကို အတင်းတွန်းဖွင့်ဝင်ပြီး လက်ဆောင်ပစ္စည်းထုပ်ကို စားပွဲပေါ် ပစ်တင်လိုက်ပြီး...

"သူဌေးမကြီးက ပေးခိုင်းလိုက်တဲ့ အထုပ်"

ဆိုပြီး လှည့်ထွက်သွားသတဲ့။

အဲဒီအခါမှာ မြို့ဝန်မင်းလည်း လုလင်ရဲ့ ရိုင်းစိုင်းမှုကို အံ့အားလည်းသင့်၊ စိတ်လည်းတိုပြီး ဟေ့သူငယ်၊ နေဦးဟုဆိုပြီး လှမ်းခေါ်သတဲ့။ လုလင်က ပြန်လာတော့...

"မင်းဟာ ဂါရဝနိဝါတ ယဉ်ကျေးမှု မဂ်လာမရှိဘူး၊ မင်းကို ငါ သင်ပြရဦးမယ်"လို့ ပြောသတဲ့။ ပြီးတော့...

"သူငယ်၊ လာ၊ မင်း ယခု ငါထိုင်တဲ့ထိုင်ခုံမှာ လာထိုင်၊ မင်းနေရာကနေ ငါနေပြီးလုပ်ပြမယ်၊ နောင် မင်း ယခု ငါလုပ်ပြသလို ဂါရဝနိဝါတ မဂ်လာယဉ်ကျေးမှုနှင့်အညီလုပ်"လို့ ပြောပြီး လုလင်ကို သူ့ထိုင်ခုံမှာ ထိုင်ခိုင်းပြီး သူက အထုပ်ယူပြီး အခန်းအပြင် ထွက်သွားသတဲ့။

ပြီးတော့ အထုပ်ကိုပိုက်ပြီး အပေါက်ဝမှာရပ်ကာ...

"မြို့ဝန်မင်းကြီးခင်ဗျား၊ ကျွန်တော့်သူဌေးမက လက်ဆောင် ပို့ခိုင်းလိုက်လို့ လာပို့ပါတယ်ခင်ဗျား၊ အထဲကို ဝင်ခွင့်ပြုပါ ခင်ဗျား"

လို့ ပြောသတဲ့။ အဲဒီအခါမှာ မြို့ဝန်ထိုင်ခုံမှာထိုင်နေတဲ့ လုလင်က...

"ကောင်းပါပြီ၊ ဝင်လာခဲ့ပါ"

လို့ လှမ်းပြောလိုက်တော့ မြို့ဝန်မင်းက အထုပ်ပိုက်ပြီး ဝင်လာကာ စားပွဲရှေ့မှာရပ်ပြီး ဦးခေါင်းညွတ် အရိုအသေပြု ပြီး...

"ကျွန်တော့်သူဌေးမကြီးရဲ့ လက်ဆောင်ကို လက်ခံပေးပါ ခင်ဗျား"လို့ ပြောသတဲ့။

အဲသည်အခါမှာ လုလင်က...

"အေး...အေး၊ ကျေးဇူးတင်ကြောင်း မောင်ရင့်သူဌေးမကြီး ကို ပြောပြလိုက်ပါကွယ်၊ မောင်ရင်လည်း အကျိုးဆောင် ပို့ရ သည့်အတွက် ပင်ပန်းတော့ မင်းအတွက်လည်း ဆုကြေး ဒင်္ဂါး တစ်ကျပ် ဆုချရတာပေါ့ကွယ်"

လို့ပြောပြီး ဆုချဟန်ပြုသတဲ့။

အဲဒီအခါကျမှ မြို့ဝန်မင်းကြီးလည်း သဘောကျ သဘော ပေါက်ပြီး ပြုံးရယ်ကာ မိမိအိတ်ထဲကနေ ဒင်္ဂါးတစ်ပြားထုတ်ပြီး လုလင်ကို ပေးသတဲ့။

အဲဒီအခါမှာ လုလင်က အဲဒီလိုအသိတရားလေးရှိပေမှပေါ့ လို့ပြောပြီး ထွက်သွားသတဲ့။ ယခုလည်း ဥတ္တရက ငါ့ဘက်က အဲဒီလို အသိတရားမရှိလို့ ပြောတာပေါ့ကွယ်၊ ငါ သတိထား ရမယ့် အသိတရားရှိရမယ့်အချက်ပေါ့ကွယ်"

ဟု မိန့်ကြားရာ စာချဆရာတော်များမှာ တသောသော ရယ်မောကြလေသည်။

❖

## ဆရာတော်ဦးရန်ကုန် ပရိတ်နာကြွသလို ကြွရတော့မည်

ဖြူးမြို့ ကျောက်တိုင်ရွာတွင် လယ်ပိုင်ရှင် ကျောင်းဒါယကာကြီး ဦးသာချမ်း ကွယ်လွန်၍ သူ၏ညီ လူပေ–လူတေ ဖိုးဒန်ကို ဆရာ ဒကာအဖြစ် ရင်းနှီးနေသော ဂုံမင်းကွင်း ကျောင်းထိုင်ဘုန်းကြီး မရွှေးဆရာတော်အား သွားရောက်ပင့်စေသည်။

ဖိုးဒန်သည် ရဟန်းသံဃာတော်များနှင့် ရင်းနှီးဆက်ဆံမှုအားနည်း၍ ရဟန်းသံဃာတော်များကို လျှောက်ထားရာ၌ နေရာမှန် ဝေါဟာရမှန် စကားအသုံးအနှုန်းကို မတတ်သောကြောင့် မရွှေးဆရာတော်ကို...

"ဆရာတော်၊ တပည့်တော်အစ်ကို ဖိုးသာချမ်း၊ အရှင်ဘုရား ဒကာတော့ ညက သေသွားပါပြီ၊ အဲဒီအတွက် တပို့တွဲလဆန်း (၇)ရက်နေ့အရောက် အသုဘရှုတရားနာ ကြွတော်မူပါဘုရား"

ဟု လျှောက်ထားလေသည်။

"ဟဲ့...ဖိုးဒန်၊ ငါက အသုဘရှုတရားနာပဲ ကြွရမှာလား"

"မှန်ပါ၊ အသုဘရှုတရားနာ ကြွရမှာပါဘုရား၊ အစ်မက ပင့်ခိုင်းလိုက်လို့ပါဘုရား"

"ဩော်...ဟော်၊ အသုဘရှုတရားနာရုံသက်သက် ငါဘုန်းကြီးက အသုဘအတွက် သရဏဂုံတင် ရေစက်ချတရားဟော မလုပ်ရဘူးဆိုလျှင်တော့ ငါ မကြွတော့ပါဘူးကွယ်"

ဟု မိန့်ကြားရာ ထိုအခါကျမှ ဖိုးဒန်သည် ကပျာကယာ လက်အုပ်ချီပြီး...

"အရှင်ဘုရား၊ မဟုတ်သေးဘူးလေ၊ မမက အစ်ကို့ အသုဘမှာ အရှင်ဘုရားကို တရားဟော ရေစက်ချပေးစေချင်တာပါဘုရား"

ဟု လျှောက်ထားသည်။

"အဲဒီလိုဆိုရင်လည်း မင်းက ငါ့ကို အသုဘရှုတရားနာ မဖိတ်နဲ့လေကွယ်၊ အသုဘ သရဏဂုံရေစက်ချတရား ချီးမြှင့်ပေးတော်မူပါဘုရားလို့ လျှောက်မှပေါ့၊ မင်းဟာက ဆရာတော် ဦးရန်ကုန် ပရိတ်နာ ကြွရသလို ငါကြွရတော့မယ့်ပုံ ဖြစ်နေပြီ"

ဟု မိန့်ကြားရာ အနားရှိ အတူပါဒကာများက...

"ဆရာ့တော်ဦးရန်ကုန် ပရိတ်နာကြွပုံ အကြောင်းလေး မိန့်ကြားပါဦးဘုရား"

ဟု လျှောက်ထားသည်။

"အေး...ရှေးကဆရာတော်ဦးရန်ကုန်ဆိုတာ စာကလည်း

အလွန်တတ်၊ ထက်ကလည်း ထက်တယ်။ ဗန်းမော်ဆရာတော် လိုပဲ၊ ရွှဲ့စရာရှိရင်၊ ပြောစရာရှိရင် အားမနာတမ်း ရွှဲ့တတ် ပြောတတ်တယ်ကွဲ့။

တစ်နေ့ ဆရာတော် ရန်ကုန်မှာ သီတင်းသုံးနေစဉ် ဆရာ တော်ကို အလွန်ကြည်ညိုတဲ့ ကြည့်မြင်တိုင်မှာနေတဲ့ တရုတ် မြန်မာကပြားဒကာက သူ့အိမ်သစ် အိမ်တက် အန္တရာယ်ကင်း ပရိတ်တရားပွဲ ပြုလုပ်တော့ ဆရာတော်ဦးရန်ကုန် အပါအဝင် သံဃာငါးပါးကို စာရေးပြီး ပင့်သတဲ့။ တရုတ်ကပြားက မင်းတို့ လိုပဲ သူ့နေရာနှင့်သူ ဝေါဟာရစကားသုံးပြီး မလျှောက်တတ် တော့...

"နက်ဖြန်နံနက် တပည့်တော်အိမ်တက် အန္တရာယ်ကင်း ပရိတ်တရားတော်နာ ကြွတော်မူပါဘုရား"လို့ စာနှင့်ရေးပြီး ပင့်လျှောက်သတဲ့။

ဆရာတော်ကလည်း နောက်နေ့ သံဃာတော်ငါးပါးနှင့်အတူ ကြွသွားပြီး ဆွမ်းကပ်တာကို အကပ်ခံပြီး ဘုဉ်းပေးသတဲ့။ တရား နာဖို့ အချိန်ကျတော့ ဆရာတော်က...

"အေး...မင်းတို့က တို့ငါးပါးကို အိမ်တက် အန္တရာယ်ကင်း ပရိတ်တရားနာကြွရန် ဖိတ်တော့ ယခု ငါတို့ ပရိတ်တရားနာဖို့ ကြွလာတယ်၊ မင်းတို့ကျွေးတဲ့ဘောဇဉ် အာဟာရကိုလည်း ပရိတ်နာ ဧည့်ပရိသတ်အနေနှင့် ဘုဉ်းပေးပြီးပြီ။ ကဲ...ယခု

ဘယ်သူက ပရိတ်ရွတ် ဟောပြီး တရားချီးမြှင့်မှာလဲ။ တို့က ဘယ်သူ့ထံက ပရိတ်တရားကို နာရမှာလဲ။ ယခု ပရိတ်ရွတ် တရားဟောမယ့် ဘုန်းကြီးလည်းမရှိတော့ တို့ ပရိတ်နာ တရား နာဖို့ မလိုတော့ဘူးဆိုပြီး ထပြန်သတဲ့။ အဲဒီအခါကျမှ တရုတ် ကပြားဒကာလည်း သူပင့်ဖိတ်စာ မှားတာကို သိပြီး ဆရာတော်ရဲ့ သင်္ကန်းစကိုဆွဲပြီး အတင်းတောင်းပန် လျှောက်ထားပြီး ပရိတ် ချီးမြှင့် တရားဟောခိုင်းရသတဲ့ကွယ်။

ယခုလည်း မောင်ဖိုးဒန်က ငါ့ကို အသုဘရှုကြွပါလို့ လာ လျှောက်တော့ အသုဘရှုကြွရုံပဲလို့ ထင်တာပေါ့ကွယ်"

ဟု မိန့်ကြားရာ အတူပါဒကာများမှာ တသောသော ရယ် မောကြလေတော့သည်။

❖

## အကုသိုလ်စိတ် ဒွါဒသဘာယ်လောက်ရှိသလဲ

တံတားကလေးရပ် ဖွဲ့စုံရပ်ကွက်၌ စံပြသာသနာပြု ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း တစ်ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူ သုံးရာကျော်မျှ ထိုကျောင်းတွင် မူလတန်းစာ သင်ကြားလျက်ရှိကြသည်။

ကျောင်းအုပ်ဆရာတော်မှာ ဦးပညိန္ဒဖြစ်ပြီး လက်ထောက်ကျောင်းစီမံအုပ်ချုပ်သော ဦးပဥ္စင်းမှာ ဦးဣန္ဒြိယဖြစ်သည်။ ဦးဣန္ဒြိယသည် ကျောင်းအုပ်ဆရာတော်က စီမံပေးသော ၃ လပတ်စာမေးပွဲ၊ ၆ လပတ်စာမေးပွဲ၊ အတန်းတင်စာမေးပွဲ မေးခွန်းလွှာများကို လျှို့ဝှက် လက်နှိပ်စက်ရိုက်ခြင်း၊ မိတ္တူကူးယူခြင်း ထုပ်ပိုးခြင်းကို ဆောင်ရွက်ရသောသူ ဖြစ်သည်။

ကျောင်းတွင် နှစ်ဝက်စာမေးပွဲ အတန်းတင်စာမေးပွဲတို့၌ ပ–ဒု–တ ရသော ကျောင်းသား/သူများကို ဆရာတော်က ထိုက်

တုန်သောဆုများကို ချီးမြှင့်လေ့ရှိရာ ဦးဣန္ဒြိယသည် သူ၏ အချစ်ဆုံးတပည့်မ တစ်ယောက် နှစ်ယောက်ကို ဆု အဆင့်(၁) (၂) (၃) ဝင်စေလိုသဖြင့် စာမလိုက်နိုင်၍ဟု အကြောင်းပြပြီး အားလပ်ချိန် သူ့အခန်းခေါ်ပြီး အထူးစာကို သင်ပြီး အထူးကျက် မှတ်စေသည်။

စာမေးပွဲပြီးသောအခါ ဦးဣန္ဒြိယစီမံထားသည့်အတိုင်း သူ့ တပည့်မများ ဆုအသီးသီးရသဖြင့် ကျောင်းသား/သူအချို့က ပွစိ ပွစိ ရှုပိုးထိုး ပွက်လာရာမှ ဆရာတော်က ရိပ်မိသိရှိသွား သည်။

ထိုကိစ္စကို ဆရာတော်က ဆရာဘုန်းကြီးများ အစည်းအဝေး တွင် ဩဝါဒပေးပြီး...

"ဣန္ဒြိယတို့ လုပ်ပုံကတော့ကွာ၊ သီပေါမင်းသားကို စာစစ် တဲ့ စာစစ်ဆရာတော်က အကုသိုလ်စိတ်ဒွါဒသ ဘယ်လောက် လဲဟု မေးသလိုမျိုး ဖြစ်နေတာကိုကွဲ့"ဟု မိန့်ကြားသည်။

"အရှင်ဘုရား အကြောင်းစုံလေး အကျယ်အမိန့်ရှိပါဦး ဘုရား"

"အေး၊ ရှေးရတနာပုံနေပြည်တော် မင်းတုန်းမင်းလက်ထက် မှာ သုဓမ္မာစာတော်ပြန်ပွဲဆိုတာရှိတယ်၊ နေပြည်တော် လေးပြင် လေးရပ်က ထိပ်ထိပ်ကြဲကြဲ ဉာဏ်ကောင်းတဲ့ ရဟန်း ကိုရင်တွေ စာဝင်ပြန် စာစစ်ခံရတာကိုကွဲ့။

အဲဒီအချိန်မှာ သီပေါမင်းသားကလည်း စာတော်ပြန်ပွဲ ဝင်ပြန် ဝင်ဖြေ ပြုရတာပေါ့။ မင်းတုန်းမင်းကြီးရဲ့သားတော်ဆိုတော့ စာမေးပွဲအောင်ရုံတင်မက ပထမကျော်အဆင့်ကလည်း ဝင်မှ ဖြစ်ရမယ့် အခြေအနေဖြစ်တော့ သီပေါမင်းသားစာပြန်ပြီး နှုတ်ဖြေစစ်ဆေးပွဲ အဘိဓမ္မတ္ထသင်္ဂဟအပိုင်းကိုစစ်တော့…

"မင်းသား အကုသိုလ်စိတ်ဒွါဒသ ဘယ်လောက်လဲလို့ မေးသတဲ့။ ဒွါဒသဆိုတာက မြန်မာလို (၁၂)ပါး၊ အကုသိုလ်စိတ်ကလည်း (၁၂)ပါးဆိုတော့ အဖြေကို တစ်ပါးတည်း ဖြေနိုင်အောင် ပါဠိလို ထည့်မေးတာကိုကွဲ့။ အဲဒီတော့ မင်းသားက စဉ်းစားစရာ မလိုတော့ဘဲ အကုသိုလ်စိတ် ၁၂ ပါးပါဘုရားလို့ အလွယ်တကူ ဖြေသွားပြီး နောက်ဆုံး အကျော်ရသလို ယခုလည်း ဣန္ဒြိယက သူ့တပည့်မတွေကို စာညဲ့လို့ဆိုပြီး မေးခွန်းတွေကို ကြိုတင်သင်ပေးတော့ သူ့ဟာမလေးတွေက အကုသိုလ်စိတ်ဒွါဒသ အမေးခံရသလိုမျိုး ဖြေခွင့်ရတော့ အဆင့်(၁)တွေ (၂)တွေ ဝင်ကုန်တာပေါ့ကွယ်"

ဟု မိန့်ကြားရာ စာချဆရာတော်များမှာ ဦးဣန္ဒြိယကိုကြည့်ပြီး ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့ ဖြစ်ကြရလေတော့သည်။

❖

# ကိုယ်ပိုင်ဆိုင်တာကိုပေးရသည်

ဖြူးမြို့ တာခြားရပ်ရှိ ဓမ္မိကာရုံကျောင်းတွင် ကျောင်းဘုန်းကြီး လူထွက်သွားသဖြင့် ဒကာ,ဒကာမများက ဒက္ခိဏာရုံဆရာတော်ကို ကျောင်းကိုအပ်ကြပြီး သင့်လျော်သော ဆရာတော်တစ်ပါးပါး ချပေးရန် လာရောက်လျှောက်ထားကြသည်။

ထိုအခါ ဆရာတော်ကြီးက မိမိကျောင်းတွင်ရှိသော စာချဆရာတော်(၃)ပါးအနက် မိမိ၏ ငယ်တပည့်ရင်းဖြစ်သော စာချဆရာတော် ဦးဥတ္တမဗုဒ္ဓိကိုပေးရန် ဆုံးဖြတ်ထားသည်။ ဆရာတော်ကြီး၏ဆန္ဒမှာ မိမိတိုက်တာတွင် စာသင်သားများအားလုံးက နှစ်သက်သဘောကျ ကြည်ညိုလေးစားသော ဆရာတော် ဦးဥတ္တမကို ဓမ္မိကာရုံကျောင်း၌ စာသင်တိုက်ခွဲထောင်ပြီး အောင်မြင်သော စာသင်တိုက်ကြီးတစ်ခု ဖြစ်လာစေရန် ဆောင်ရွက်လိုသောဆန္ဒပင်ဖြစ်သည်။

ဆရာတော်ကြီးက စာချဆရာတော် ဦးဥတ္တမဗုဒ္ဓိကို ဓမ္မိကာရုံကျောင်းသို့ ပို့ပေးမည်ဟု ဆုံးဖြတ်ချက်ချလိုက်သောအခါ တပည့်သံဃာတော်များက စိတ်မချမ်းသာကြ၊ မကျေနပ်ကြ။ ဆရာတော်ကြီးကိုလည်း မည်သို့မျှ မလျှောက်ရဲကြ။

ထိုအထဲတွင် စာချဆရာတော် ဦးဥတ္တမဗုဒ္ဓိ၏ တပည့်ရင်းဖြစ်သော အရှင်လာဘက ဆရာတော်ကို အရဲစွန့်ပြီး…

"ဒက္ခိဏာရုံစာသင်တိုက်အတွက် တပည့်များအားလုံးက လေးစားကြည်ညိုချစ်မြတ်နိုးတဲ့ စာချဆရာတော်ဦးဥတ္တမကို မပေးပဲ တခြားတစ်ပါးကို ပေးသင့်ပါတယ်ဘုရား"

ဟု လျှောက်ထားလေသည်။

"အင်း…မောင်ပဥ္စင်းတို့၊ မင်းတို့ကို ငါက ကရင်စောကဲ ကိုးကွယ်တဲ့ ရွာတော်ရှင်နတ်ကြီး ပြောသလိုပြောရတော့မယ့်ပုံ ရောက်နေပြီကွဲ့"ဟု မိန့်ကြားရာ…

"အကြောင်းစုံလေး ဆက်လက်မိန့်ကြားပေးပါဘုရား"ဟု တစ်ပါးက လျှောက်ထားသည်။

"အေး…ရှေးက အနောက်ရိုးမတောင်ပေါ်မှာ သီးမွှေးငှက်ပျောက်စိုက်စားကြတဲ့ ကရင်တောင်သူများရှိတယ်။ သူတို့က နတ်ကို ကိုးကွယ်ကြပြီး ရွာနတ်ကိုလည်း နှစ်စဉ်ဗလိနတ်စာပူဇော်ပွဲ ကျင်းပပေးကြသတဲ့။ အဲဒီရွာထဲမှာ စောဘမူဆိုတဲ့ ကရင်အမျိုးသားကြီးတစ်ဦးက တောထဲ အမဲလိုက်သွားတိုင်း

ရွာထိပ်က အရှင်ကြီးကို အမြဲပူဇော်ပသပြီးမှ သွားတယ်၊ ရွာထိပ်က နတ်ကြီးကို အမြဲလေးစားပူဇော်သတဲ့”

စောဂျယ်နီဆိုတဲ့ ကရင်အမျိုးသားတစ်ယောက်ရှိတယ်။ သူက ၎က်ပျောကို အဓိကထား စိုက်ပျိုးပြီးမှ ရောင်းချတယ်။ နတ်ကိုလည်း သိပ်ပြီးအလေးထား ယုံကြည်မှု မရှိဘူးတဲ့၊ သူ့လုပ်အားကိုပဲ သူယုံကြည်သတဲ့။

တစ်နေ့သောအချိန်မှာ တောင်ပိုင်နတ်ကြီး ပူဇော်ပွဲလုပ်တော့ တောင်ပိုင်နတ်ကြီးက ကျားယောင်ဆောင်ပြီး သူ့ကိုလူ(၂)ယောက်သတ်ပြီး ယဇ်ပူဇော်ကျွေးရမယ်လို့ ရွာစောင့်နတ်ကြီးကို အမိန့်ချမှတ်သတဲ့။ အဲဒီအခါမှာ ရွာလူကြီးများက မဲချရာ တောင်စောင့်နတ်မင်းကြီးကို ယဇ်ပူဇော်ရန်အတွက် သူ့ကိုကိုးကွယ်ဆည်းကပ်တဲ့ စောဘမှုးနှင့် သူ့ကိုမကိုးကွယ်တဲ့ စောဂျယ်ရီတို့ မဲကျသတဲ့။

နောက်တော့ တောင်စောင့်နတ်မင်းကြီးဟာ သူ့အတွက် တစ်ယောက်ပဲပေးရမယ်၊ ဘယ်သူ့ကိုပေးရမလဲလို့ မေးတော့ ရွာစောင့်နတ်ကြီးက စောဘမှုးကိုပေးတယ်၊ သူ့ကိုသာယူလိုက်ပါလို့ ပြောသတဲ့။

အဲဒီအခါမှာ စောဘမှုးက ကျွန်ုပ်သည် အရှင့်ကို ကိုးကွယ်ဆည်းကပ်သော အရှင့်လူဖြစ်ပါသည်။ အဘယ်ကြောင့် ကျွန်ုပ်ကို ပေးရပါသလဲလို့ မေးသတဲ့။

အဲဒီအခါမှာ ရှာစောင့်နတ်ကြီးက…

"အေး…ပေးတယ်ဆိုတာ ကိုယ်ပိုင်တာ ဆိုင်ရာကိုသာ ပေးရတယ်၊ မင်းက ငါ့ကိုကိုးကွယ်ဆည်းကပ်တယ်၊ မင်းကို ငါ ပိုင်တယ်၊ စောဂျယ်ရီက ငါ့ကို မကိုးကွယ်၊ မဆည်းကပ်ဘူး၊ အဲဒီတော့ ငါမပိုင်မဆိုင်ဘူး၊ ဒါကြောင့် ငါပိုင်ဆိုင်တဲ့မင်းကို ပေးရတာပေါ့လို့ ပြောသတဲ့။ ယခုလည်း ဥတ္တမဗုဒ္ဓိက ငယ်ငယ်တည်းက ငါ့တပည့် ငါပိုင်တယ်၊ ငါဆိုင်တယ်။ ဟိုစာချနှစ်ပါးက ငါမပိုင် ငါမဆိုင်ဘူး၊ အဲဒါကြောင့် ရှာစောင့်နတ်ကြီးပြောသလို ငါပိုင်ဆိုင်တဲ့ ဥတ္တမကိုပေးရတာပေါ့ကွဲ့"ဟု မိန့်ကြားရာ သံဃာတော်များက တသောသောရယ်မောကြလေတော့သည်။

❖

## အလှ အလိုရမှုက် မထိန်းနိုင်၍ အရှုးမကိန်း ဆိုက်ရသည်

မစောမြသည် ပတ္တာရွာမှ ရွာသူကြီး၏ သမီးချောလေး ဖြစ်သလို ရပ်ရွာဂိုဏ်းချုပ်ဆရာတော်ကြီး၏ မြေးလည်း တော်ပေသည်။ တောရွာတွင် တောရွာသဘာဝအလျောက် ဆံပင်အရှည်ထားကြရာ မစောမြသည် ကောင်းခြင်းငါးဖြာတွင်ပါသော ဆံပင်၏ ကောင်းခြင်းအင်္ဂါနှင့် ပြည့်စုံသူလေး ဖြစ်သည်။ သူ့မျက်နှာဝိုင်းဝိုင်းကလေးနှင့် သူ့ဆံပင်အလှသည် ပဏာရ၍ ရပ်ရွာတွင် အချောအလှတစ်ဦး အပါအဝင် ဖြစ်ခဲ့သည်။

မိဘတို့က အမြင်ကျယ်၍ မြို့သို့တက်ပြီး ကျောင်းထားခဲ့ရာ ဆယ်တန်းအောင်သောအခါ ရန်ကုန်တက္ကသိုလ်သို့ ပို့ပေးကြသည်။ ရန်ကုန်တက္ကသိုလ်အရောက်တွင် မစောမြသည် မိန်းကလေးအပေါင်းအသင်း စုံလာသည်။ ရန်ကုန်သူတွေက သူ့ဆံပင်ကို တောကျသည်၊ မြို့ဆန်ဆန် ဆံပင်ကောက်ရန် ပြောကြ၊ ဝိုင်း

ဆွယ်ကြသောအခါ မိဘအမွေပါလာသော ဆံပင်ကို ဖြတ်ပြီး ဆံပင်ကောက်ခဲ့သည်။

ကျောင်းပိတ်၍ ရပ်ရွာသို့ ပြန်လာသောအခါ ထိုခေတ် ထိုအချိန်က တောရပ်ရွာများတွင် ထိုဆံပင်ကောက်ခြင်းက ခေတ်မစား၊ သိရှိခြင်းလည်း မရှိကြ၍ မစောမြ ဆံပင်ကောက် လာသည်ကို အထူးအဆန်းသဖွယ် ဖြစ်နေခဲ့ကြသည်။ ဆံပင် စုတ်ဖွား ဆံပင်ငှက်သိုက်နှင့် အရှုးမဟု သတ်မှတ်ခေါ်ဝေါ် ကြသော အချိန်ကာလ ဖြစ်သည်။

မစောမြသည် ရန်ကုန်တွင် ဘာမျှ မဖြစ်ခဲ့သော်လည်း မိမိရပ်ရွာတွင် အရှက်တကွဲနှင့် အပြင်သို့ မထွက်ရဲ ဖြစ်လာရ သည်။ မိမိဘိုးအေ ဆရာတော်ကိုပင် သွားရောက် မကန်တော့ဝံ့ အောင် ဖြစ်နေရသည်။ မိဘတို့က အတင်း ဆွဲပူတိုက်တွန်း၍ တစ်နေ့တွင် ဘိုးအေဖြစ်သူ တိုက်ချုပ်ဆရာတော်ထံ မိဘတို့နှင့် အတူ သွားရောက် ကန်တော့ရသည်။

ဆရာတော်ဘုရားကြီးကလည်း မစောမြ ဆံပင်ပြောင်းပုံ အကြောင်းစုံကို မေးသည်။ သူ မလျှောက်ရဲ၍ သူ့ဖခင်က လျှောက်ထားရသည်။ နောက်ဆုံး သူ့ဖခင်က "သူတို့ ရန်ကုန် ကျောင်းသူ အဖြစ်ကတော့ ပြော မပြောချင်ပါတော့ဘူးဘုရား။ ပင်ကို အချောအလှကနေ အရူးမဘ၀ပုံစံ ရောက်ရတယ်လို့။ တပည့်တော်ဖြင့် အံ့တောင် အံ့သြနေမိပါတယ်ဘုရား" ဟု

စိတ်ပျက်လက်ပျက် လျှောက်ထားလေသည်။

ထိုအခါ တိုက်ချုပ်ဆရာတော်ကြီးက မစောမြ၏ ဆံပင်ပုံစံကို သေသေချာချာကြည့်ပြီး...

"ဟဲ့...ဖိုးသာမြ နှင့်သမီးက အလှအလိုရမှုက် မထိန်းနိုင်လို့ အရှု မကိန် ဆိုက်တဲ့ပုံလို ဖြစ်နေပါပကောလား"

ဟု ကွမ်းသီး တဂျွတ်ဂျွတ်ညှပ်ရင်း မိန့်ကြားတော်မူသည်။

"ပုံပြင်အကျယ်ကို သိပါရစေဘုရား"

မိခင်ကြီးက လျှောက်ထားသည်။

"အေး...နားထောင်၊ စောမြ နင်လည်း သေသေချာချာ နားထောင်။

"ဟိုးရှေးရှေးက တောရွာတစ်ရွာမှာ သစ်ခုတ်လုပ်စားတဲ့ အဘိုးအိုလင်မယားနှစ်ယောက် ရှိသတဲ့ကွဲ့။

တစ်နေ့ကျတော့ အဘိုးအိုက ထင်းခုတ်သွားရင်း တောင်ခြေအနီးရှိ တောအုပ်တစ်အုပ်ထဲ မျက်စိလည် လမ်းမှားပြီး ရောက်သွားသတဲ့။

လမ်းမှာ ရေကန်တစ်ခုတွေ့တော့ မောမောနဲ့ ရေကန်ထဲက ရေယူပြီး မျက်နှာသစ်လိုက်သတဲ့။ ပြီးတော့ လက်ခုပ်နဲ့ ရေကို ခပ်သောက်လိုက်သတဲ့။

အဲဒီခဏမှာပဲ အဘိုးအိုဟာ အင်အားတွေ တိုးပွားလာပြီး ပြန်လည်နုပျိုလာကာ (၁၆)နှစ်သားအရွယ် ပြန်ဖြစ်လာသတဲ့။

အဘိုးအိုဟာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ခုတ်ပြီးသား ထင်းစည်းကို ထမ်းပြီးပြန်လာသတဲ့။ အဲဒီရေကန်ကို နောက်တစ်ခါ မှတ်မိအောင် သစ်သားပိုင်းလေးတွေ လမ်းတစ်လျှောက်ချပြီး အမှတ်အသားပြုထားခဲ့သတဲ့။

အိမ်ပေါက်ဝရောက်တော့ သူ့အဘွားကြီးက မမှတ်မိဘူးတဲ့။

"ဘယ်က သူငယ်လဲ၊ ဘာကိစ္စနဲ့ လာသလဲ"လို့ ဆီးမေးသတဲ့။ အဲဒီတော့ အဘိုးအိုတစ်ဖြစ်လဲ လုလင်က "ဟော့...နင်ငါ့ကို မမှတ်မိဘူးလား။ သေသေချာချာကြည့်ပါဦး။ ငါဟာ နင့်ယောကျ်ားလေ"လို့ ပြောပြသတဲ့။

အဘွားအိုကလည်း တအံ့တသြ ကြည့်သတဲ့။ အဘိုးအိုလုလင်က ထင်းစည်းချပြီး သူ့အဖြစ်အပျက် အကြောင်းစုံကို ပြောပြသတဲ့။

အဲဒီအခါမှာ အဘွားအိုက ဒီလိုဆို သူလည်း အဲဒီရေကန်သွားပြီး မျက်နှာသစ်ပါရစေ၊ ရေသောက်ပါရစေလို့ ပြောသတဲ့။

အဘိုးအိုလုလင်ကလည်း သူ့အဘွားကြီး သူ့လိုဖြစ်စေချင်တော့ သဘောတူပြီး သွားရာလမ်းအမှတ်အသားကို လမ်းညွှန်ပြောပြလိုက်သတဲ့။

နောက်နေ့ စောစောထပြီး၊ အဘွားကြီးလည်း ရေကန်ရှိရာသို့ အဘိုးကြီးလုလင်ပြောတဲ့ အမှတ်အသားအတိုင်း သွားသတဲ့။ ရေကန်ရောက်တော့ မောမောနဲ့ မျက်နှာသစ် ရေသောက်လိုက်

တာ အဘိုးကြီးလိုပဲ အားတွေပြန်ရှိပြီး (၁၆)နှစ် သမီးအရွယ် ပြန်ဖြစ်လာသတဲ့။

ဒါကို မကျေနပ်သေးတဲ့ အဘွားအိုဟာ သူ့ကိုယ်သူ အဘိုးကြီးမမှတ်မိအောင် ပိုလှသထက် လှလာအောင်ဆိုပြီး ရေကန်ထဲက ရေခပ်ပြီး အားရပါးရ ချိုးလိုက်သတဲ့။

ရေချိုးပြီး မကြာခင်မှာပဲ (၁၆)နှစ် သမီးအရွယ် အဘွားအိုဟာ လေးဖက်သွား ကလေးအရွယ် ပြန်ဖြစ်သွားသတဲ့။ အဲဒီအခါမှာ အဘွားအို ကလေးငယ်ဟာ အိမ်မပြန်နိုင်တော့ဘဲ ရေကန်ဘေးမှာပဲ လေးဖက်တွား သွားနေတာကို တွေ့ရသတဲ့။

အဲဒီအခါကျမှ အဘိုးအိုလုလင်က အင်း...အဘွားကြီး အလိုရမ္မက် မထိန်းနိုင်လို့ သူငယ်ကိန်း ဆိုက်ရပါတော့ကလား ဆိုပြီး ညည်းညူသတဲ့။

ယခုလည်း နင် အလှ အလိုရမ္မက် မထိန်းနိုင်လို့ အရူးမကိန်း ဆိုက်ရောက်နေပါပကောလားဟဲ့"

ဟု မိန့်ကြားရာ သားအဖ မိသားစုမှာ ပြုံးစိစိရယ်မောပြီး သဘောကျကာ နေကြပေတော့သည်။

❖

## ထမင်းနှင့် ဖက်စားတော့ အတော်သား

သင်္ဂဇာဆရာတော်ဘုရားကြီးသည် တပည့်ရဟန်းများစွာနှင့် ဟင်္သာတသို့ ကြွတော်မူပြီး ဒါယကာ ဒါယိကာမအပေါင်းကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးနေသော အချိန်ကာလ ဖြစ်သည်။

ထိုအချိန်တွင် ဟင်္သာတ၌ စာတတ်ပေတတ် စကားပြော ကျွမ်းကျင်လိမ္မာသည်ဟူ၍ နာမည်ကြီးနေသော ဦးမေဓာခေါ် ဘုန်းကြီးတစ်ပါး ရှိလေသည်။ ထို ဦးမေဓာကို ဒါယကာအချို့က မြှောက်ပင့်၍ အလိုက်သင့် လျှောက်ထားကြသည်။

"အရှင်ဘုရားသည် စကားတတ်၊ တရားတတ် အရပ်ရပ် ကျွမ်းကျင်သောဘုန်းကြီးဟု နာမည်တစ်လုံးနှင့် နေပါသည်။ ယခု ဟင်္သာတသို့ ကြွလာသော သင်္ဂဟာဇာဆရာတော်နှင့် အရှင်

ဘုရား စကားချင်း ပြိုင်ဆိုင်၍ အနိုင်အရှုံး ပြောဆိုလျှင် ဘယ်ပုဂ္ဂိုလ်ကမှ သာကြမည် မထင်ပါဘုရား”

“အောင်မယ်...ဒါယကာတို့ မင်းတို့ ဆရာတော် သင်္ဂဇာ၊ သင်္ဂဇာနှင့် အမည်သာ သတင်းပေါက်သည်။ ငါတို့လောက် ကျမ်းဂန်မသင်ဖူးပါဘူး။ နှစ်ဦးတွေ့ဆိုင် စကားဆိုင် ပြောဆို ဆွေးနွေးရလျှင် မင်းတို့ သင်္ဂဇာ ငါ့ကို နိုင်အောင်ပြောတတ်မည် မဟုတ်ပါ”

ဟု ဦးမေဓာက ဂုဏ်ဝင့်၍ ပြောကြားလေသည်။

“ဒါဆို ကောင်းပြီ။ အရှင်ဘုရား ရှေ့ကသွား တပည့်တော် များ နောက်ကလိုက်မည်”

ဟု ဒါယကာများက အားရဝမ်းသာ မြှောက်ပင့်လျှောက် ထားကြသည်။

ထို့နောက် ဆရာနှင့် ဒါယကာတို့ သင်္ဂဇာဆရာတော်ထံသို့ သွားကြသည်။ သင်္ဂဇာဆရာတော်ထံသို့ ရောက်သောအခါ အာလာပသလ္လာပ နှုတ်ဆက်စကား ပြောဆိုပြီးနောက် ဘုန်းကြီး ဦးမေဓာက...

“အရှင်ဘုရား ဗြဟ္မာတို့မှာ ဖောဋ္ဌဗ္ဗာရုံ (အတွေ့အာရုံ) တရားကို ခံစားခြင်းမရှိဟု ကျမ်းဂန်၌ ဆိုပါသည်။ ထိုဗြဟ္မာ မင်းတို့မှာ ထိန်ဝင်းပြိုးပြောင်၊ ရွှေရောင်၊ ငွေရောင်၊ မြရောင် ဗိမာန် အတန်တန်သော ဘုံနန်းအဆန်းတကြယ်တို့နှင့် တင့်တယ်



မိုက်မဲတဲ့မိန်းမ့ ဟင်းကိုမျှမချက်တတ် ဆားကို
ဒီလောက်ငန်အောင်ခတ်ရလေသလား ...
ငါ့ဖိနပ်နဲ့ ထချလိုက်ရ -

စွာ ခံစားလျက် ထိပါးနေထိုင်ကြသည်ဖြစ်အံ့။ စင်စစ်အားဖြင့် ဖြဟ္မာများမှ ဖောဋ္ဌဗ္ဗာရုံ ခံစားခြင်းနှင့် အဘယ်ကဲ့သို့ ကင်းနိုင်ပါအံ့နည်း ဘုရား”

ဟု ပုစ္ဆာအခက်ကြီးထင်ပြီး မေးလျှောက်လေသည်။ ထိုအခါ သင်္ဂဇာဆရာတော်က…

“မောင်မေဓာရဲ့…ဗြဟ္မာများမှာ ပတ္တမြားဗိမာန်၊ ရွှေဗိမာန်၊ ငွေဗိမာန် အတန်တန်တို့နှင့် ပြည့်စုံသော်လည်း ဖောဋ္ဌဗ္ဗာရုံဟူသော တရားကို ခံစားခြင်း၌ကင်းသော ရာဂရှိ၏ ဟူ၍မှတ်ပါ။ ဋီကာကျော်ကျမ်းမြတ်၌ ဗြဟ္မာတို့အား ကာမဂုဏ်၌ တပ်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းအားဖြင့် ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်မက်ခြင်းကင်းသည်၏ အဖြစ်ကြောင့် ထိုဂန္ဓာ၊ ရသာ၊ ဖောဋ္ဌဗ္ဗာအာရုံရှိသော ပသာဒတို့၌လည်း တပ်ခြင်းကင်းသောအားဖြင့် သင့်သောကြောင့် ဃာနအစရှိသော ရုပ်သုံးပါး အပေါင်းသည် မရှိ။

ဤသို့လာသောစကား နေလကဲ့သို့ ထင်ရှားသည်။ ဗြဟ္မာ၌ ဖောဋ္ဌဗ္ဗာရုံကို အလုံးစုံပြတ်တောင်း၍ တပ်ခြင်းမရှိဟု မှတ်ရမည် မောင်မေဓာ”

ဟု မိန့်ကြားဖြေရှင်းတော်မူရာ ဦးမေဓာက…

“တပည့်တော်လည်း ဤကဲ့သို့ပဲ သဘောကျပါတယ် ဘုရား”

ဟု အသာလှို့ပြီး လျှောက်ထားလေသည်။ ထိုအခါ သင်္ဂဇာ ဆရာတော်က…

"မောင်မေဓာကလည်း သောဘော မယားကြောက်သလို ကိုး"

ဟု ဆက်လက်မိန့်ကြားသည်။

"ထိုအကြောင်းလေး ဆက်လက်မိန့်ကြားပေးပါဘုရား"ဟု ဒါယကာတို့က လျှောက်ထားသည်တွင် ဆရာတော်က ဆက်လက် မိန့်ကြားသည်မှာ…

"ရွာတစ်ရွာတွင် သောဘောဆိုသော ဒါယကာသည် လွန်စွာ မယားကို ကြောက်ရသတဲ့ကွဲ့။

တစ်နေ့မှာတော့ အပေါင်းအသင်းတို့က "လောကမှာ မယားကို ကြောက်သောသူသည် လူပင်ဖြစ်ငြားသော်လည်း ယောကျ်ားစင်စစ်မဟုတ်။ ဟုတ်ပင် ဟုတ်ငြားသော်လည်း လူစော် မနံ၊ ကောန်မလွဲ မိုက်မဲသောသူတစ်ယောက်ပဲရယ်လို့ မြည်တွန် ဖွဲ့နွဲ့ ကဲ့ရဲ့စကား ပြောကြသတဲ့။

ထိုသို့ အပြောခံရသည်ကို သောဘောက မခံချင်သဖြင့် အလျှင်အမြန်ပဲ ပြောသတဲ့…

"သာဘောကို မင်းတို့အများက မယားကြောက်ဟု ထင်နေ ကြသလား။ ကဲ့ရဲ့မှားကြမည်။ 'ငါ မယားနိုင်ပုံ အလုံးစုံကို သိချင်လျှင် ယနေ့ပင် ငါ့အိမ်ကို လိုက်ပြီး ကြည့်လှည့်ကြ"

ဟု မာန်ဝင့်ကြွားပြီး ပြောသတဲ့။ ဒါနဲ့ အပေါင်းအသင်း တွေကလည်း သာဘောအိမ် လိုက်သွားပြီး အခြေအနေကို စောင့် ကြည့်ကြသတဲ့။

သောဘောက အိမ်ရောက်သည်ဆိုရင်ပဲ မယားက ထမင်း ဟင်းများ ထည့်ကျွေးသတဲ့။ သာဘောက ဟင်းကို ကောက်ယူ မြည်းလိုက်ပြီး စိတ်ဆိုးသော အမူအရာနှင့်...

"မိုက်မဲတဲ့ မိန်းမ။ ဟင်းကိုမျှ မချက်တတ်၊ ဆားကို ဒီလောက်ငန်အောင် ခတ်ရလေသလား။ ငါ ဖိနပ်နှင့် ထချ လိုက်ရ"

လို့ ကြိမ်းမောင်းပြောဆိုသတဲ့။ အဲဒီအခါမှာ မယားကလည်း ဒေါသထွက်ပြီး...

"အောင်မယ်၊ သောဘောရဲ့၊ အမိုက်မျိုးရဲ့။ ဘယ်အားကိုးနဲ့ ငါ့ကို ဆိုမြည်ရသလဲ။ ဆားငန်သည့်ဟင်းကို စားပြင်းလျှင် အသာနေ။ ဘယ် နင့်အမေလက်ထက်က ငါ့ကို နင် ငေါက်ငန်း ရဖူးသလား အမျိုးယုတ်ရဲ့"

လို့ ဆဲဆိုကြိမ်းမောင်း ပြောလေတော့ သောဘော မျက်နှာ ပျက်ပြီး မျက်နှာငယ်လေးနဲ့...

"ညည်းချက်သည့်ဟင်း ထမင်းနှင့် ဖက်စားတော့ အတော် သာပါပါဟဲ့"ဟု ဆိုသတဲ့ မောင်မဲ့ဓာရဲ့။ ယခုလည်း မင်းဟာက မသင့်ရာကို ဝင်ပြောလျက် သောဘော မယားရန်ကြောက်

ဆားငန်ပျောက်သလို ငိုကာကျော်စကားနှင့် အတော်သားဖြစ်နေပေါ့”

ဟူ၍ မိန့်ကြားတော်မူရာ နောက်ပါ ဒါယကာများတို့သည် တဟားဟားနှင့် ရယ်မောကြလေသည်။

❖

# တယ်မနိုင်ပါလား ဟရို့

ဗန်းမော်ဆရာတော်ကြီးသည် ရှမ်းကလေးကျွန်း ဆရာတော်၏ ဝိနိစ္ဆယ အမိန့်ပြန်တမ်းနှင့် ပတ်သက်၍ ရှမ်းကလေးကျွန်း ဆရာတော်ကို အရင်းမူတည်ပြီး မင်းဇေ.. ရာဇ် သာသနာပိုင် ဆရာတော်ကြီးနှင့်တကွ တံဆိပ်ရ သုဓမ္မာ ဆရာတော်ကြီးများ ကိုပါ ထိပါးပုတ်ခတ်ပြီး ပစ်စာရေးသားခဲ့သည်။

ထိုကိစ္စနှင့် ပတ်သက်၍ သာသနာပိုင်ဆရာတော် ခေါ်ယူ စစ်ဆေးခဲ့သည်။ မင်းကလည်း ပင့်ဖိတ်လျှောက်ထားသည်၊ အမှုမှန်မပေါ်၊ ဆရာတော်ကလည်း ဝန်မခံ။ ဝန်မခံသည့်အပြင် ပစ်စာအသစ် နောက်ထပ် ထွက်လာပြီး နိဂုံးတွင်...

"တိုင်းလုံးငယ်ကျော် ဗန်းမော်ကို မိပြီမှတ်လို့ ညာလက်ခတ် တီး။ အစေ့ကိုလှန်၊ အဆံကို တူနှင့်ထုပါလို့၊ သေလုအောင် ဘယ်လိုစစ်တော့၊ ပစ်စာရှင် ပညာကြီးကို တီးမှမိဘူး"

'တိုင်းလုံးငယ်ကျော် ဗန်းမော်ကို ဖမ်းလို့စစ်တယ်။ သည် ခေတ်တွင် ကမ္ဘာဆုံးသော်လည်း၊ စီကုံးသူ ပစ်စာရင်းကို၊ မင်းတို့ သိဘူး'ဟူ၍ ရေးသားထားသည်။

မင်းတုန်းမင်းသည် ရှမ်းကလေးကျွန်း ဆရာတော်၏ သီလ ဝိနိစ္ဆယ အဆုံးအဖြတ် မှုခင်းပြဿနာ ပေါ်မှာစိုးသည့်အတွက် ဗန်းမော်ဆရာတော်ကို ဗန်းမော်သို့ ပို့စေရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်အရ ဗန်းမော်ဆရာတော်ကို လှေဖြင့် ဗန်းမော်သို့ ပို့စေရာတွင် ဆရာတော်သည် လှေသမ္ဗန်ထဲတွင် ကျဉ်းကျဉ်း ကျပ်ကျပ် မလွတ်မလပ် သီတင်းသုံး လိုက်ပါသွားရသည်။ အမှတ်တမဲ့ လှေခေါင်မိုးနှင့် ဦးခေါင်း တိုက်မိသဖြင့်လည်း ဆရာတော်မှာ ကိုယ်စိတ်ဆင်းရဲခြင်း ဖြစ်ရသည်။ တစ်နေရာ လှေဆိုက်ပြီး အနားယူကြသည်တွင် ဆရာတော်က လှေထိုးသား များ ထမင်းစား အနားယူသည့် လှေဦးထိပ်သို့ ကြွလာပြီး ပတ်ဝန်းကျင်ကို ကြည့်ရှုလေသည်။

"အင်း...ငါ့မှာလည်း ကပ္ပိယ ဘိုးထွန်း ညည်းသလို ညည်း ချင်လာပြီကွဲ့"ဟု မိန့်ကြားလေသည်။

"ကပ္ပိယဘိုးထွန်းက ဘယ်လိုညည်းလို့ပါလဲ ဘုရား"

"ခံရတော့ကိုယ်၊ ပြောမိတာက စိတ်၊ တယ်မနိပ်ပါလား ဟရို့လို့ ညည်းသတဲ့ကွဲ့"

"အကြောင်းစုံလေး သိရှိပါရစေ ဘုရား"

"အေး...ရှေးအခါက မုံရွာ ဘုတလင်နယ်၊ ဆုံကုန်းရွာမှာ ကပ္ပိယဘိုးထွန်းဆိုတာ ရှိသတဲ့။ ကပ္ပိယဘိုးထွန်းဟာ ကပ္ပိယ ဆိုပေမဲ့ ဘာသာ သာသနာကို အလွန်ကြည်ညို လေးစားပြီး ဝိနည်းသိက္ခာကို မလေးမစားလုပ်ပြီး နေတတ် ထိုင်တတ်တဲ့ ဘုန်းကြီး၊ ရဟန်း၊ သံဃာကိုလည်း မကြောက်ရွံ့၊ အပြစ်ပြ တားမြစ်လျှောက်ထားလေ့ရှိသတဲ့။ ကျောင်းထိုင်ဆရာတော်က လည်း ကပ္ပိယဘိုးထွန်းကို အလွန်လေးစားသတဲ့။

တစ်နေ့ကျတော့ ကျောင်းထိုင်ဆရာတော်က ဇာဝန်ကိစ္စ တစ်ခုနှင့် မင်းနေပြည်တော် ရတနာပုံကို ကြွလေတော့ တပည့် တော်သူ ဘုန်းကြီးတစ်ပါးက ကျောင်းကို လာရောက်စောင့် ရှောက်ပြီး သီတင်းသုံးနေထိုင်သတဲ့။

အဲဒီဘုန်းကြီးက လောကဝတ် အလွန်ကောင်းသတဲ့။ ရွာထဲ မှာ ဥစ္စာခနေရှိသူ၊ ကျောင်းဒကာ၊ ကျောင်းဒကာမတွေကို သိပ်ပြီး ဦးစားပေး ဆက်ဆံသတဲ့။ ကျောင်းဒကာ၊ ကျောင်းဒကာမများ နေမကောင်းဟု သတင်းကြားလျှင် ချက်ချင်းကြွသွားပြီး သတင်း မေး၊ ကျောင်းမှာရှိတဲ့ စားဖွယ်သောက်ဖွယ်တို့ကိုလည်း ပို့ပေးလေ့ ရှိသတဲ့။

ဒီလိုလုပ်လာဖန်များတော့ ကပ္ပိယဘိုးထွန်းက ဘုန်းကြီးကို ကြည့်မရ၊ ကြည်ညိုမရ ဖြစ်လာသတဲ့။ သူကလည်း ဟောဟော ဒိုင်းဒိုင်းသမားဆိုတော့ တစ်နေ့ ဘုန်းကြီးက ကျောင်းအမဆီကို

ကျောင်းသားလေးတွေကို အဖိုးတန်မုန့်တွေ သွားပို့ခိုင်းတာ တွေ့လည်းတွေ့ရော ဘုန်းကြီးထံ ကပျာကယာတက်သွားပြီး…

"ကိုယ်တော် ဘုန်းကြီးဖြစ်ပြီး ဒီလို ဝိနည်းနဲ့မညီတဲ့ ကုလဒူသကအလုပ်တွေ လုပ်နေတာ တော်ရော့လား ဘုရား"လို့ လျှောက်ထားသတဲ့။

အဲဒီအခါမှာ ဘုန်းကြီးကလည်း ဘုန်းကြီးမာန်နှင့် အောက်တန်းစား ကပ္ပိယက အထက်တန်းမြင့်မြတ်သူ ရဟန်းသံဃာကို ဒီလိုစော်ကားစကား လျှောက်ထားရမလားဆိုပြီး ဒေါသထွက်ပြီး နီးရာကြိမ်ဆွဲပြီး ကပ္ပိယဘိုးထွန်းကို ထရိုက်သတဲ့။ ကပ္ပိယဘိုးထွန်းလည်း ကြောက်လန့်ပြီး ထွက်ပြေးရသတဲ့။

မိမိနေရာရောက်တော့ နာလှတဲ့ ကြိမ်ဒဏ်ရာတွေကို ပွတ်သပ်စုတ်သပ်ရင်း ညည်းသတဲ့။ "အင်း…ခံရတော့ကိုယ်၊ မနေနိုင် မထိုင်နိုင် ကြားကပြောမိတော့ စိတ်…တယ်မနိပ်ပါလားဟရို့"တဲ့။

ယခု ငါ့ဆရာလည်း ရှမ်းကလေးဆရာနှင့် ဒကာတို့ သာသနာအတွက် မသင့်တာလုပ်လို့ ကြားက မနေနိုင် မထိုင်နိုင် စာရေးပြီး ပစ်ချမိတော့ ယခု ကျဉ်းကျဉ်းကျပ်ကျပ်လှေနဲ့ ဗန်းမော် ပို့ခံရတယ်။ ခေါင်းမလွတ်၊ ခြေမလွတ်၊ လှေထဲမှာ ခန္ဓာကိုယ် ဆင်းရဲစွာနှင့် သီတင်းသုံးလာရတယ်။ ယခု လှေထဲကထွက် ခေါင်မိုးအစွန်းနှင့် တိုက်မိပြီး နဖူးမှာ ဖုထွက်ရသကွဲ့။ အဲဒါ

ကြောင့် ငါလည်း ကပ္ပိယဘိုးထွန်း ညည်းသလို "ခံစားရတော့ ကိုယ်၊ လုပ်မိပြောမိတာက စိတ်၊ တယ်မနိပ်ပါလား ဟရို့"လို့ပဲ ညည်းချင်သကွဲ့"ဟု မိန့်ကြားလေသည်။

လှေသူကြီးနှင့် လှေသမားများသည် ဆရာတော်၏ ထိပ်နဖူးတွင် ဖုထွက်နေသော ဖုကိုကြည့်ရင်း ဆရာတော်၏ ဥပမာစကားကို သဘောကျကာ တသောသော ရယ်ကြရင်း ဆရာတော်၏ ဖုကို ရေနွေးပူထုပ် ကပ်ပေးရန် စီမံကြလေသေည်။

❖

## သမက်ကို စော်ကားၡသော ငရဲကျရသည်

သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် တပည့်ပေါင်းများစွာ ခြံရံလျက် ပဲခူးမြို့သို့ ကြွတော်မူသည်။ ထိုအခါ အိုးဖိုရွာမှ ဒါယကာတစ်ဦးသည် ဆရာတော်ကို အလွန်ကြည်ညိုပြီး ဝင်ရောက်ဖူးမြော်သည်။

"အရှင်ဘုရား ယခုအခါ၌ ဒုဿီလ အလဇ္ဇီများ၍ ဒါန တရား ကုသိုလ်ပြုရမည်ဆိုသော်လည်း ကြည်ညိုရန် ခက်ခဲလှပါ သည်ဘုရား"ဟု ရောက်မဆိုက် လျှောက်ထားသည်။

"ဒါယကာ...သင်သည် အလဇ္ဇီဒုဿီလ များတယ်လို့ ဒါန တရား ကုသိုလ်ကို စက်လည်းမရှိ၊ ဓမ္မနည်းလမ်းနှင့် စခန်းကျ အောင် ထုတ်ဆောင် ဟောကြားရမည် ဆိုပေမယ့် အလိုမကျ သကဲ့သို့ အချို့က ရှိလိမ့်မည်။ ဒါယကာ သင်သည်လည်း အလဇ္ဇီဒုဿီလစကား အလွန်ကြီး မပြောလေနဲ့၊ စလေသား မောင်ရွှက်ကို သမက်က ဆုံးမသလို ဖြစ်နေမည်"ဟု ဆရာတော် က မိန့်ကြားသည်။

"ဆရာတော်ဘုရား...စလေသားမောင်ရွှက်ကို သမက်ဆုံးမတဲ့ဖြစ်ပုံ အလုံးစုံကို သိရအောင် အပြည့်အစုံ ဟောကြားပေးတော်မူပါ ဘုရား"

"အေး...ဟောကြားပေးရတာပေါ့။ ဧရာဝတီမြစ်ကမ်းတင့်ဆန်းရွှင်မြို့ မချို့သာယာ စလေမြို့နေရာတွင် ပျော်ရွှင်စွာနေလေ့ရှိသူ မောင်ရွှက်မှာ သမက်မောင်ရွှေဝဆိုတာ ရှိသကွဲ့"

တစ်နေ့ကျတော့ သမက်မောင်ရွှေဝက ယောက္ခမ မောင်ရွှက်ရှေ့မှာပင် မောင်ရွှက်၏သမီး မိမိ၏မယားကို ဆဲဆိုကြိမ်းမောင်းလျက် ရိုက်နှက်သတဲ့။ အဲဒီအခါမှာ ယောက္ခမမောင်ရွှက်က သမက်မောင်ရွှေဝကို မိမိရှေ့မှာ သမီးကို ဆဲဆိုရိုက်နှက် ပြုလုပ်နေသည်မှာ မိမိကို မရိုမသေပြုလုပ်သည်ဟု မှတ်ပြီး...

"ဟဲ့...သဘောဆိုးဝါး တရားမဖက်၊ မရှက်မကြောက်၊ ယောက္ခမ မိဘလည်း မရိုမသေ၊ အသရေ မင်္ဂလာမရှိတဲ့၊ မထိမဲ့မြင်ချည်း လုပ်နေသည်မှာ များလှပြီ။ စော်ကားရိုင်းပျ၊ ယောက္ခမအနီး၌ထား၍ မယားကို ရိုက်နှက်ဆဲသည်မှာ နင်မုချ ငရဲသို့ ကျမည်မှာမှတ်"ဟု ဆိုဆုံးမ ပြောသတဲ့။

"လောကမှာ ယောက္ခမကို သမက်ပြစ်မှား၍ ငရဲသို့ လားရသည်ဟူသော ကျမ်းစာ၊ တရားစာ တစ်ခါတစ်ရံမျှ မကြားဖူး၊ မမှတ်သားရဖူးပါ။ ယောက္ခမကသာ သမက်ကို မရိုမသေဘဲ အထွေထွေပြစ်မှား၍သာ ငရဲသို့ လားရသည်ကိုသာ မှတ်သား

ကြားနာရဖူးပါသည်"ဟု သမက်မောင်ရွှေဝက ပြောသတဲ့။

ထိုအခါ ယောက္ခမ မောင်ရွက် ဒေါသထွက်ပြီး သမက်ကို ငေါက်ငမ်းကာ...

"ဟဲ့...တိရစ္ဆာန် ခွေးကောင်၊ သမက်ကိုပြစ်မှား၍ ယောက္ခမ ငရဲသို့ လားရသည်ဟူ၍ ပြသောကျမ်း အဘယ်မှာ ရှိသလဲ ပြစမ်းပါ"လို့ ပြောသတဲ့။

"အဘ...ယသောရောမိဖုရား၏အဖ သုပ္ပဗုဒ္ဓမင်းသည် သေဌ်နင်းထွင့်ထား သမက်ဂေါတမဘုရားကို မရှိမသေ ပြုလုပ် ဇော်ကား၍ အရှင်လတ်လတ် မြေမျိုပြီး အဝီစိငရဲကျရကြောင်း ကျမ်းဂန်တို့၌ အထင်အရှား ပါရှိသည်ကို အဖ မဖတ်ဖူး၊ မကြားဖူးဘူးလား"ဟု မောင်ရွှေဝက အချက်ကျကျ ပြန်ပြော တော့ ယောက္ခမမောင်ရွက် ဘာမျှပြန်မပြောနိုင်တော့ဘဲ သမက် ကိုရွှေဝကို ဒေါသထွက်ပြီး သဘောမကျဖြစ်ကာ အိမ်မှ နှင်ထုတ် သဖြင့် သမက်မောင်ရွှေဝတစ်ယောက် တင်းကုပ်မှာ နေရသတဲ့။

ယခုလည်း ဒကာမှာ အလဇ္ဇီဓမ္မကို ပြောမပြနဲ့၊ သဘော မကျ၍ နှင်ထုတ်ခံရလျှင်ဖြင့် တဲကုပ်နဲ့ နေရပေလိမ့်မယ်ဗျ"ဟု မိန့်ကြားတော်မူရာ တရားတော်ကို လာရောက်နာယူကြသော ပရိသတ်အပေါင်းတို့မှာ အုတ်အုတ်သောသော ရယ်မောကြလေ သည်။

❖

## ကျားကြီးကို ပယ်မှ နငယ်နှင့် နီးပါ့မယ်

မင်းတုန်းမင်းတရားကြီး လက်ထက်ဖြစ်သည်။ သုဓမ္မာ ဆရာတော်ကြီးများ အဖွဲ့သည် မှုခင်းကိစ္စတစ်ခုအတွက် အစည်း အဝေးထိုင်ပြီး တိုင်ပင်ဆွေးနွေးနေကြသည်။

ထိုအချိန်တွင် ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော် ဘုရားသည် အကြောင်းကိစ္စတစ်ခုဖြင့် သုဓမ္မာဓမ္မသဘင်သို့ ကြွရောက်တော်မူလာသည်။ ဆရာတော်ဘုရားကြီး ရောက်လာ၍ သုဓမ္မာဆရာတော်များက ခရီးဦးကြိုဆိုပြီး နေရာထိုင်ခင်း ပေးကြ သည်။ ရှိခိုးကန်တော့ကြသည်။

"အဘယ်အမှု အရပ်ရပ်တို့ကို စီရင်ဆုံးဖြတ်တော်မူနေကြ ပါသလဲ၊ ဆရာတော်တို့..."ဟု ဘုရားကြီးဆရာတော်က မေးမြန်း သည်။

"တပည့်တော်တို့သည် အမှုသည်နှစ်ဦးအတွက် ဉာဏ် မျက်စိဖြင့် ဆင်ခြင်တိုင်းတာ၍ ယထမဓမ္မသံဃသုဌ္ဌ၊ သံဃဖာသု ဖြစ်အောင်သာ သဘောထားရပါသည်။ ဘုရားရဟန္တာ မဟုတ် ကြ၍ မုချသိနိုင်ရန် ခဲယဉ်းလှပါသည်။ သို့အတွက် အမှုအတွက် သင့်တင့်မျှတအောင် ဆွေးနွေးညှိနှိုင်း တိုင်ပင်နေကြပါသည် ဘုရား"

သုဓမ္မာဆရာတော်တစ်ပါးက ဤသို့ လျှောက်ထားသည် တွင် ဘုရားကြီးဆရာတော်က...

"အပျိုကြီးနှင့် လူပျိုကြီး စကားထာဝှက်သလိုပလေ၊ နှစ်ဦး နှစ်ဖက် ကျေအေးအောင် ကြံ၍ ဖြေဖျန်ပြီး လွှတ်သင့်သည့် အရာမှာ ဖြေဖျန်၍ လွှတ်ကြပေါ့ဘုရား"ဟု မိန့်ကြားသည်။

"အပျိုကြီးနှင့် လူပျိုကြီး စကားထာဝှက်သည်ကို အချက် ကျကျ မိန့်တော်မူပါဦး ဘုရား"

"အင်း...လူ့လောက လူတို့စကားဝေါဟာရဖြစ်၍ သာသနာ့ ဘောင် ရဟန်းသံဃာတော်တို့နှင့် မသင့်တော်သော်လည်း ဗဟုသုတအရ မိန့်ကြားပြောရတာပေါ့လေ။

ရှေးအခါက ရွာတစ်ရွာမှာ ပညာဉာဏ်နှင့် ပြည့်စုံသော အပျိုကြီးတစ်ယောက် ရှိသတဲ့။ လာသမျှသော လူပျိုလှည့် ကာလသားတို့ကို စကားထာဝှက်ဝှက်ပြီး ပညာစမ်းသတဲ့။ အပျိုကြီး စကားထာဝှက်တာကို မည်သူမျှ မဖြေနိုင်ကြဘူးတဲ့။

ကြာတော့ အပျိုကြီးထံ ဘယ်ကာလသားမျှ သွားရောက် လည်ပတ် လူပျိုမလှည့်ဝံ့တော့ဘူးတဲ့။ တစ်နေ့သောအခါမှာ ထိုအပျိုကြီးကို အလွန်စွဲလမ်း ကြိုက်နှစ်သက်နေတဲ့ ကာလသား လူပျိုကြီးတစ်ဦးဟာ အပျိုကြီးမေးသမျှ စကားထာတို့ကို ဖြေဆို နိုင်ရန် တိတ်တဆိတ် လေ့လာသင်ကြားပြီး ဖြေနိုင်လောက်မယ့် အခြေအနေ မိမိမှာ ရှိပြီထင်လောက်တဲ့အချိန် တစ်နေ့ ညဦးယံ မှာ အပျိုကြီးအိမ်သို့ လူပျိုလှည့်သွားသတဲ့။

လူပျိုကြီး အပျိုလာလှည့်တယ်ဆိုရင်ပဲ အပျိုကြီးက စကားထာဝှက်သတဲ့…

"ဏကြီးကို ပယ်ပါမှ နငယ်နှင့် နီးပါ့မယ် မောင်ကြီးရယ်"

ဒီစကားရဲ့ အဓိပ္ပာယ်ကို အသိပညာ နုနယ်တဲ့ လူပျိုကြီးက အမှန်မဖော်နိုင်ဘူး။ လူပျိုကြီး ကြံသည်ကတော့…

"ဏကြီးပယ်ပါမှ ဆိုသည်မှာ အခြားမဟုတ်၊ နီနီရဲရဲ အထက်ဆင်ကို ရည်မှန်း၍ ဆိုဟန်ရှိသည်။

နငယ်နှင့် နီးပါ့မယ်ဆိုသည်မှာ အခြားမဟုတ်။ သားမြတ် နို့ကို ရည်မှန်း၍ ဆိုလိုဟန် ကေန်ဖြစ်တော့သည်"

လူပျိုကြီးက ဤသို့တွေးပြီး အပျိုကြီးက ငါ့ကို နှစ်သက် သဘောကျပေလို၍ ပြောသည်ဖြစ်ရမည်ဟု ဆုံးဖြတ်ကာ အဆော တလျင် ထပြီး အပျိုကြီးရဲ့ စနေနံကို ကိုင်တွယ်သုံးသပ်မှု ပြုသတဲ့။

ထိုအခါ အပျိုကြီးမှာ ရှက်ကလည်းရှက်၊ ဒေါသကလည်း ထွက်သမို့ ဝုန်းဒိုင်းကြဲပြီး ရွာသူကြီးထံ သွားရောက်တိုင်ကြား သတဲ့။ အကြောင်းစုံကိုလည်း ပြောပြသတဲ့။

အဲဒီအခါမှာ သူကြီးက လူပျိုကြီးကို ခေါ်ယူပြီး...

"မောင်မင်းသည် မသင့်မလျော် အတင်းအဓမ္မ အဘယ် ကြောင့် ဤသူမ၏ စနေနံကို ကိုင်တွယ်ရပါသလဲ"

ဟု စစ်ဆေး မေးမြန်းသတဲ့။

"သူကြီးမင်း...ကိုင်တွယ်မိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် ကျွန်တော်မျိုးသည် သူမအခွင့်မရဘဲ အတင်းအဓမ္မ သုံးသပ်ကိုင်တွယ်သည် မဟုတ်ပါ။ ပထမ သူမက စ၍ "ဏကြီး ကို ပယ်မှ နငယ်နှင့် နီးပါ့မယ် မောင်ကြီးရယ်"ဟူ၍ ရဲရဲလာ မြောင်းပေး စကားဆိုလာသဖြင့် သုံးသပ်ကိုင်တွယ်မိပါသည်"

ဟု ဖြေရှင်းချက် ပေးသတဲ့။

" 'ဏကြီးကို ပယ်မှ နငယ်နှင့် နီးပါ့မယ် မောင်ကြီးရယ်' ဆိုတဲ့ စကားကို ဆိုရုံမျှဖြင့် မောင်မင်းက အဘယ်ကဲ့သို့ အဓိပ္ပာယ်စဉ်းစားပြီး သွားရောက်သုံးသပ် ကိုင်တွယ်ရပါသနည်း"

...လို့ ထပ်မေးတော့ လူပျိုကြီးက သူစဉ်းစားခဲ့သော အဓိပ္ပာယ်ကို ရှင်းလင်းပြောကြားသတဲ့။ ထိုအခါ သူကြီးမင်းက အပျိုကြီးကို...

"ညည်းကရော ဘယ်လိုအဓိပ္ပာယ်နှင့် ဏကြီးကို ပယ်မှ

နငယ်နှင့် နီးပါ့မယ် မောင်ကြီးရယ်လို့ စကားထာ ဝှက်ရပါသလဲ”လို့ မေးသတဲ့။

“သူ့ဌေးမင်း ကျွန်တော်မျိုးမသည် ‘ဏကြီးကို ပယ်မှ နငယ်နှင့် နီးပါ့မယ် မောင်ကြီးရယ်’လို့ စကားထာဝှက်သည်မှာ ဏကြီးဆိုသော တဏှာကိုပယ်မှ နငယ်ဟု ဆိုအပ်သော နိဗ္ဗာန်နှင့် နီးပါ့မယ်၊ ရောက်ပါမယ့် ဤသို့ရည်ရွယ်ပြီး ဝှက်ပါသည် သူကြီးမင်း”

“အင်း...ဒါဆိုက ကိုယ့်စိတ်ကူးနဲ့ ကိုယ့်အကြံ နှစ်ယောက်စလုံး အမှန်ချည်းပဲ။ တော်တန်တိတ်ကြ ထပ်မပြောကြနဲ့”လို့ ဖျန်ဖြေပြီး ပြန်လွှတ်လိုက်ရသတဲ့ ဆရာတော်တို့ရဲ့။

“ယခုလည်း အရှင်ဘုရားတို့ အမှုအေး ပြီးရောပ၊ သည်းခံကြဖို့ ဖျန်ဖြေပြီး လွှတ်တန်သော နေရာမှာ ဖျန်ဖြေ လွှတ်လိုက်ကြတာပေါ့ ဆရာတော်တို့ရယ်”ဟု မိန့်ကြားကာ ဥပမာပုံပြင်ကို အဆုံးသတ်လိုက်သည်။

သုခမ္မာ ဆရာတော်တို့မှာ နှစ်သက်သဘောကျကာ အသီးသီး ပြုံးတော်မူကြလေသည်။

❖

## သက်သေခံလက်ငင်း မအပ်နိုင်က မျက်စဉ်းခတ်ခံရသည်

သုဓမ္မာဂိုဏ်းဝင် သင်္ဂဇာဆရာတော်ဘုရားကြီးသည် အောက်ပြည်အောက်ရှာ ဘီလင်းမြို့သို့ ကြွရောက်ပြီး ပစ္စည်းလေးပါး ဒါယကာတို့အား တရားဓမ္မ ဟောပြောရန် ကြွတော်မူသည်။

တစ်ည တရားပွဲတွင် ဘီးလင်းမြို့ပတ်ဝန်းကျင် ကျေးရွာများမှ ဒါယကာ၊ ဒါယိကာမများ တရားနာ ပရိသတ် အများအပြားလည်း လာရောက်၍ တရားနာကြသည်။

ထိုထဲတွင် ရွာတစ်ရွာမှ ဒါယကာ ဦးအောင်လှ ဆိုသူသည် ဆရာတော် အားလပ်ချိန် ဆရာတော်နားသို့ ကပ်ပြီး လျှောက်ထားသည်မှာ...

"တပည့်တော်များ ရပ်ရွာ၌ ဆရာဘုန်းကြီးတစ်ပါးကို ကိုးကွယ်ထားပါသည်။ မသင့်လျော်သောအမှု ဆရာဘုန်းကြီး ပြုပါသော်လည်း သက်သေကို မပြနိုင်၊ အမှုက မပိုင်သောကြောင့် မခိုင်မမာ အမှုရှာသည်ဟု ရွာနှင့်တကွ ကြည့်ရမည်ဟု

ခြိမ်းခြောက်၍ သပိတ်မှောက် အပြစ်ဒဏ်ကို တပည့်တော် ခံနေရပါသည်ဘုရား”ဟု လျှောက်ထားလေသည်။

“ဒါယကာ မောင်အောင်လှ၊ ယခု မင်းလျှောက်ထားသည့် အမှုမှာ ဘယ်သူမှလည်း မတိုင်မကြား၊ သူတစ်ပါးကိုလည်း ခေါ်၍မပြ၊ ဥပမာ ပုံဆရလျှင် သာဓကေ လက်ငင်းမအပ်နိုင်၍ မျက်စဉ်းအခတ်ခံရတဲ့ ကျောင်းဒကာနှင့် ဥပမာတူနေပေါ့ကိုး” ဟု ဆရာတော်က အမိန့်ရှိလေသည်။

“ဥပမာနည်းလမ်းကို ဆုံးခန်းရောက် ဟောတော်မူပါဘုရား”

“ဒကာတော် မောင်အောင်လှ၊ ရှေးအခါက ရွာတစ်ရွာမှာ ကျောင်းဒကာ တစ်ယောက်သည် ကျောင်းဆောက်၍ ဆရာ ဘုန်းကြီးတစ်ပါးကို ကိုးကွယ်ထားတယ်ကွဲ့။

တစ်နေ့တော့ ကျောင်းဒကာက ကျောင်းရှိ သံဃာကုန် အရုဏ်ဆွမ်းအတွက် ဆရာဘုန်းကြီးနှင့်တကွ ကျောင်းရှိ သံဃာကုန် အရုဏ်ဆွမ်းစားရန် ပင့်လျှောက်ထားသတဲ့။ ညနေပိုင်းမှာ ဆွမ်းအတွက် လိုအပ်တာတွေ စီစဉ်ချက်ပြုတ်ပြီး စီမံထားသတဲ့။

နောက်နေ့နံနက် ဆွမ်းစားကြွတော့ ဆရာဘုန်းကြီး ပါမလာတာ တွေ့လေတော့ ကျောင်းဒကာကြီးဟာ သုတ်သီးသုတ်ပျာနှင့်...

“ငါတို့ဆရာ မကျန်းမာ၍ မကြွလေသလော”

ဟု လျှင်စွာမနေး ကျောင်းသို့ပြေးပြီး မေးမြန်းရန် ကျောင်း

သို့ လိုက်သွားသတဲ့။

ကျောင်းရောက်၍ ဘုန်းကြီးကို လိုက်ရှာသော် ကျောင်းကျက်သရေခန်းထဲမှာ မသင့်လျော်တာကို တွေ့လိုက်ရသတဲ့။

ဒါနဲ့ ဒကာလည်း မသိချင်ယောင်ဆောင်ပြီး အသာပြန်လာကာ အိမ်သို့ရောက်လျှင် ကျောင်းအမကို အသံကျယ်ကျယ်နှင့် အော်ပြောကာ ဖြစ်သမျှ၊ မြင်သမျှကို လှစ်ဟပြောကြားသတဲ့။

ထိုအခါ ကျောင်းအမက စိတ်ကူးမိသည်မှာ...

"ငါ့ယောကျ်ား ပယောဂပူး၍ ရူးလေသည်တကား"ဟု အောက်မေ့ပြီး အနီးအနားရှိ လူများကြားအောင်...

"ကယ်တော်မူကြပါ၊ ဝိုင်းကြပါ၊ ကူကြပါ၊ ဆေးကို သွင်း၍ မျက်စဉ်းခတ်ကြပါ"

ဟု အလန့်တကြား အားရှိပါးရှိ အော်ဟစ် အကူအညီတောင်းသတဲ့။

အဲဒီအခါ အနီးအနားရှိ လူများနှင့် ရပ်ရွာရှိ လူများသည် အုန်းအုန်းကျွက်ကျွက် သူ့ထက်ငါ ပြေးလာကြပြီး ဘာဖြစ်တာလဲ ဘာဖြစ်တာလဲဟု ဝိုင်းဝန်းမေးကြသတဲ့။ ကျောင်းအမကလည်း ကျောင်းဒကာပြောသမျှ အကုန်ပြောပြပြီး ပယောဂဝင်ပူး၍ သည်လိုပြောတာဆိုတာ ဖြစ်ပါမယ်၊ ပယောဂထွက်သွားအောင် မျက်စဉ်းခတ်ပေးကြပါလို့ ပြောသတဲ့။

အဲဒီအခါမှာ ကျောင်းဒကာက စဉ်းစားသတဲ့။

အင်း....ခုဖြစ်ဟန် သည်အမှု ကြက်ဥကို ကြော်စားတာ သူတစ်ပါးမသိ၊ သက်သေလည်း မရှိသဖြင့် သူတို့မျက်စဉ်းနှင့် နင်း၍ ကြပ်ကြပ် ငါ့ကိုခတ်ပါက စပ်စပ်ဖျဉ်းဖျဉ်း ငါခံရတော့မည် မုချ။ ဒီဒုက္ခမှ လွတ်အောင် ကြံဆောင်လျှင် ယခုပင် ပယောဂလွတ်ပြီဟု ပြောမှ သင့်မည်ဟု စဉ်းစားမိပြီး ရောက်လာသော ရွာသူရွာသားတို့ကို ကပျာကယာပင်...

"ယခုပင် ပယောဂ ထွက်သွားပါပြီ။ ကိစ္စမရှိတော့ပါ"ဟု ပြောလွှတ်သတဲ့။ ရွာသူရွာသားတို့ကလည်း ပယောဂမရှိတော့ပြီဆိုပြီး ပြန်သွားကြသတဲ့။

ရွာသူရွာသားတွေ ပြန်သွားကြတော့ ~ ငမယားနှစ်ယောက်ချည်းသာ ကျန်သည့်အခါမှာ ကျောင်းဒကာက သူကိုယ်တိုင် မြင်ခဲ့ရသည်ကို ကျောင်းအမ မယုံကြည်တာ မကျေနပ်လို့...

"ငါကိုယ်တိုင် တွေ့ခဲ့သည်မှာ မှန်သည်။ သေရစေ့ ကျောင်းအမရဲ့ ရပ်ရွာက လူများက ကြား၍ မလျော်၊ ပုံမတော်သော ကြောင့်သာ မာယာပရိယာယ် လီဆယ်၍လုပ်ရသည်။ ကျုပ်ပြောတာ အမှန်ပါပဲ"

လို့ နောက်ထပ်တစ်ဖန် တိုတိုဖြင့် ကျောင်းအမ ယုံလိမ့်နိုးနိုးဖြင့် ပြောပြန်သတဲ့။ အဲဒီအခါမှာ ကျောင်းအမကလည်း ပျာပျာသလဲနှင့်...

"အမယ်လေး...လာကြပါ၊ လာကြပါ၊ တစ်နေ့က ဝေဒနာ

ကျောင်းဒကာမှာ ဖြစ်ပြန်ပါပြီတော်”

လို့ ဟစ်အော် ကြွေးကြော် ခေါ်ပြန်သတဲ့ကွဲ့။ ရှာသူရှာသား များကလည်း ပြေးလာကြပြီး ကျောင်းဒကာကို ဖမ်းချုပ်ပြီး သင့်လျော်သော မျက်စဉ်းဖြင့် အတင်းခတ်ကြသတဲ့ကွဲ့။ ကျောင်း ဒကာလည်း မငြင်းသာတော့ဘဲ မျက်စဉ်းခတ်ခံရပြီး စပ်စပ်နှင့် အောင့်ခံရှာသတဲ့ကွဲ့။

ကျောင်းဒကာက သူ့ဖြစ်ဟန်သက်သေကို လက်ငင်းမအပ် နိုင်၍ မျက်စဉ်းခတ်ခံရသလို မင်းမှာလည်း ထို့အတူ မြင်သူလည်း မရှိ၊ တစ်ယောက်တည်းသာ သိသဖြင့် ဘုန်းကြီး၏ စိတ် အလျောက်ဖြင့် သပိတ်မှောက်ခံရတာပဲကွဲ့.”ဟု အမိန့်ရှိလျှင် တရားနာ ပရိသတ်အပေါင်းမှာ တသောသောနှင့် ရယ်မောကြ လေသည်။

❖

## ကျွဲမရေးတတ်၍ ပြန်ရသည့်နယ်

သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် မန္တလေးနေပြည်တော်၏ တပည့်တပန်း ရဟန်းပရိသတ်ခြံရံလျက် ပျဉ်းမနားမြို့သို့ ကြွရောက်ပြီး ဝါကပ်ကာ နယ်သူနယ်သားတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးလျက်နေစဉ် ဖြစ်သည်။

ဥပုသ်နေ့တစ်နေ့၊ များစွာသော ဥပုသ်သည်တရားနာများကို တရားဟောပြီးသောအခါ ဒါယကာ မောင်ရွှေလူ ဆိုသူသည် ဆရာတော်ထံ ဝင်လာကာ...

"အရှင်ဘုရား...အချို့သော မနာလိုသော ပုဂ္ဂိုလ်တို့က မန္တလေးမြို့ကမှ ယခု ကြွလာသော သင်္ဂဇာဆရာတော်သည် ကျော်စောသလောက် စာမတတ်၊ ပရမတ်သဘော၊ ဇောဝီထိ

နေရာ၌ ငါတို့လို မစူးရှ၊ သဂြိုဟ်ပဏ္ဏာမတွင်ပင် မျက်စိလည်၍ နေရှာသည်ဟု ထိုထိုဤဤ စကားဆို၍ ဆရာတော်ကြီးကို ပြစ်တင်ဖွဲ့နွဲ့ ကဲ့ရဲ့နေကြသည်ကို ကြားရပါသည် ဘုရား"

ဟု လျှောက်ထားလေသည်။

"အင်း…မင်းတို့ ဒါယကာတစ်စုနှင့်ဖြင့် ရှမ်းပြည်နယ် သာသနာပြုသွားမိသော ဆရာတော်လို ဖြစ်နေပါပကောလား"

ဟု ဆရာတော်က မိန့်ကြားသည်။

"အကျယ်ကလေး မိန့်ကြား ရှင်းလင်းပေးတော်မူပါဘုရား"

"ရတနာပူရ အင်းဝရွှေမြို့တော်မှ မင်းတံဆိပ်တော်ရ သာသနာပြု ဆရာတော်နှစ်ပါးဟာ လွယ်လုံတစ်ဆယ့်နှစ်တောင် မိုးဗြဲမိုးနဲ အရပ်သို့ သာသနာပြု ကြွတော်မူကြသတဲ့ကွဲ့။

ရှမ်းဒါယကာ အပေါင်းတို့ကလည်း သောင်းသောင်းဖြဖြ ဂါရဝတရားဖြင့် ကြိုဆိုကြပြီး ဝပ်တွားကော်ရော် ဖူးမြော်ကြသတဲ့။ ကြီးကျယ်သော မဏ္ဍပ်ကနား၊ ဆန်းပြားကောင်းမွန်စွာ ဆောက်ပြီး တရားနာကြသတဲ့။

ပြီးတော့ မိမိတို့ ကိုးကွယ်ရင်းဖြစ်သော ရှမ်းဆရာတော်များကိုလည်း အင်းဝနေပြည်တော်မှ ဆရာတော်နှစ်ပါး သာသနာပြု ကြွလာကြောင်း လျှောက်ထားကြသတဲ့။

အဲဒီအခါမှာ ရှမ်းဂိုဏ်းအုပ် ဆရာတော်က ဂိုဏ်းအသီးသီး ရှိ တပည့်ဘုန်းကြီးအသီးသီးကို အောက်ပါအတိုင်း ဆင့်ဆိုသတဲ့။

"ယခု ရတနာပူရ အင်းဝနေပြည်တော်မှ သာသနာပြု ဆရာတော်နှစ်ပါးတို့ ရောက်ရှိနေသည်။ ၎င်းသာသနာပြု ဆရာတော်နှင့် စာစကားပြော၍ စာကြောင်းမေးမြန်းစုံစမ်း ဆွေးနွေးကြမှ သင့်လျော်မည်။ အကယ်၍ ငါတို့ဘာသာ အလျောက် မမေးမြန်းဘဲ နေခဲ့ကြလျှင် တို့ရှမ်းပြည်နယ်တွင် ကျမ်းတတ်စာတတ် မရှိဟု မသိသော ဒါယကာတို့ ကဲ့ရဲ့ဖွယ်ရာ ရှိသည်"

ရှမ်းဂိုဏ်းအုပ် ဆရာတော်ကြီးသည် တပည့်သံဃာများ၊ ဒါယကာများကို ဤသို့ ဆင့်ခေါ်ပြီးလျှင် သာသနာပြု ဆရာ တော်ကြီးများ သီတင်းသုံးရာ မဏ္ဍပ်သို့ ပရိသတ်အစုံအလင်နှင့် သွားကြသတဲ့ကွယ်။

အာလာပသလ္လာပ အချင်းချင်း နှုတ်ဆက်စကား ပြောဆို လျှောက်ထား မိတ်ဆက်ပြီးတော့ ရှမ်းဂိုဏ်းအုပ် ဆရာတော်က ဆရာတော်များကို လက်အုပ်ချီ ရှိခိုးပြီး...

"ဆရာတော်များကို စာများ မေးလိုပါသည် ဘုရား။ ခွင့်ပြု တော်မူပါ"

ဟု လျှောက်ထားသတဲ့။ သာသနာပြု ဆရာတော်တို့က လည်း...

"ကောင်းပြီ၊ အလိုရှိရာကို မေးလျှောက်ပါ"

လို့ ခွင့်ပေးသတဲ့။ အဲဒီအခါမှာ ရှမ်းဂိုဏ်းအုပ် ဆရာတော်က

"ကျွဲကို အဘယ်ကဲ့သို့ ရေးမည်နည်း"ဟု မေးသတဲ့ကွဲ့။ ကလေးကလား သေးငယ်သော အမေးစကားဖြစ်နေ၍ ဆရာတော်များက မည်သို့မျှ မဖြေသေးဘဲ ပြုံးပြုံးပြုံပြီး ဆိတ်ဆိတ်နေကြသတဲ့။

အဲဒီအခါမှာ ရှမ်းဒါယကာအပေါင်းတို့က သောင်းသောင်းအုတ်အုတ်ဖြစ်ကာ ဝိုင်းအုံလာကြပြီး…

"မြန်မာ့ရှင်ဘုရင်က လွှတ်လိုက်တာ သာသနာပြုဆရာတော်၊ သာသနာပြုဆရာတော်နှင့် ကျော်သာ ကျော်သည်၊ တို့ကိုယ်တော်မေးသည့် ကျွဲကလေးတစ်လုံးကိုမျှ နေရာတကျ မရေးတတ်ပါကလားဟရို့."

ဟု ဆိုကြသတဲ့ကွဲ့။

"ယခုလည်း မင်းတို့လူများ အကဲအလေးက ကျွဲမရေးတတ်သည့်အတွက်နှင့် ပြန်ရမယ် ထင်ပါရဲ့."

ဟု မိန့်ကြားရာ မောင်ရွှေလူနှင့် ပရိသတ်မှာ တသောသောနှင့် များစွာရယ်မောကြလေသည်။

❖

## ပန်းက ရဟန်းလူထွက် ဆီရောင်းသလို

တစ်နေ့သောအခါ သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် အသီးသီးသော တပည့်တပန်း ရဟန်းသာမဏေတို့ မိမိထံ ဆည်းကပ်လာချိန်တွင် ဆုံးမစကား ဆိုတော်မူသည်။

"တပည့်တို့ ဘုရားအလိုမရှိသော လူတို့၏ အမှုကိစ္စဖြစ်တဲ့ ဆေးကု၊ ဗေဒင်ဟောအလုပ်များ မလုပ်ကြနဲ့။ အချို့သော ရဟန်းသာမဏေများသည် လူထွက်မည်ဟူသော အကြံအစည်နှင့် ထိုပညာများကို သင်ယူလေ့ကျက်နေကြသည်။ ရဟန်းသိက္ခာနှင့် မညီမညွတ်ဘူးကွဲ့။ ရဟန်းဘ၀နေရင် ရဟန်းတို့ကျင့်ရမယ့် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးသာ ကျင့်ရမယ်ကွဲ့။ မနေနိုင်လို့ လူထွက်တဲ့အခါကျမှသာ လူ့လောကီ အတတ်ပညာတို့ကို သင်ယူပြီး ထိုအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြကွဲ့။ တို့ဘုရားရှင်က မင်းတို့ကို အတင်းအဓမ္မ ဘာသာထဲဝင်ပြီး

နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ကျင့်ကြလို့ မပြော ဘူးကွဲ့။ သဒ္ဓါတရားရှိပြီး သုံးသရာကြောက်သူကိုသာ မဂ္ဂင်ရှစ်ပါး အကျင့်နဲ့ သစ္စာတရားလေးပါးဖြင့် နိဗ္ဗာန်ဝင်အောင် ကျင့်ခိုင်း တာကွဲ့။ ယခု မောင်ပဥ္စင်းတို့ သာသနာ့ဘောင်အတွင်းမှာ လူ့ အမှုများကို ပြုကြလျှင် သာသနာကို ဖျက်ဆီးရာ ကျချေသည်။ သာသနာဘောင်အတွင်းမှ ဆုတ်နစ်၍ လူထွက်လိုကြလျှင်လည်း လူ့လောက သားကျွေးမှု၊ မယားကျွေးမှုတို့ဖြင့် ကိစ္စများလှသည်။ ထိုထိုအလုပ် အားထုတ်ဖြစ်လျှင်လည်း ကံရှိမှ ထင်ပေါ်၊ ဉာဏ် ရှိမှ မြင်မြော်သည် ဆိုသည့်အတိုင်း လူချင်းမတူ၊ သူချင်းမတူ၊ စားရမဲ့၊ သောက်ရမဲ့ ဝတ်ရမဲ့ ရှိခဲ့ပြန်လျှင်လည်း ချို့ငဲ့မျက်နှာ အရာရာနှင့် နေရမယ်။ ဒါတွေကို စဉ်းစားပြီး သတိသံဝေဂလည်း ယူကြကွဲ့။ အင်း...ဒါပေမဲ့ မနေနိုင်လို့ လူထွက်လို့ကတော့ လုပ်နိုင်ကိုင်နိုင်သော ငယ်ငယ်နှောင်းနှောင်းအရွယ်မှာ လူထွက်ပြီး လူ့လောက လူ့ပုံအလယ်မှာ တင့်တယ်အောင် ကြိုးစားဖို့ စဉ်းစား ကြကွဲ့။

ဒါနမဟုတ်ဘဲ အသက်အရွယ်ကလည်းကြီး၊ ပညာကလည်း နည်းပါး၊ စားရန် သောက်ရန် ကြံစည်ပြန်လည်း ကံကမလိုက် ဟန်ကမလိုက်နှင့် လူလိုက်ဘာသာ၊ လူအခြင်းအရာ၌ များစွာ မလယ် မတင့်တယ် ဖြစ်တတ်သည်။ သွား၍များ မစမ်းကြနဲ့၊ ပခန်းက ရဟန်း လူထွက်ပြီး ဆီးရောင်းသလို ဖြစ်နေကြမယ်”ဟု

ဆုံးမ မိန့်ကြားသည်။

"အရှင်ဘုရား၊ ပခန်းက ရဟန်း လူထွက်ပြီး ဆီရောင်းပုံ အကြောင်းစုံကို ရှင်းလင်းမိန့်ကြားပေးတော်မူပါဘုရား"

ရဟန်းတော်တစ်ပါးက လျှောက်ထား တောင်းပန်သည်။

"အေး...အေး...မိန့်ကြား ပြောရတာပကွဲ့။ ငါ့ရှင်တို့ ရှေးက ပခန်းသား ရဟန်းတစ်ပါးသည် အရွယ်ရင့်မှ သာသနာဘောင်၌ မပျော်မွေ့သဖြင့် လူထွက်သတဲ့။ လူ့ဘောင်လောက သဘာဝအရ သားမယား အိမ်ရာထောင်ပြီး လူ့ဘဝချမ်းသာရေး ကြိုးစားလုပ်ကိုင်သတဲ့ကွဲ့။

အရင်းအနှီးဥစ္စာကလည်း နည်းပါး၊ ပစ္စည်းကလည်း ရှားသဖြင့် ပညာကလည်း မရှိတော့ ကြံမိကြံရာ ရပ်ရွာကို လည်ပြီး ဆီရောင်းသတဲ့။ ဆီရောင်းတော့လည်း ဈေးသည်လို လည်လည် ပတ်ပတ်ပြောဆို မရောင်းတတ်လေတော့ မရောင်းရဘူးပေါ့ကွဲ့။

အဲဒီလို မရောင်းရတော့ မယားလုပ်သူက မြည်တွန်သတဲ့။ "ရပ်ရွာကို လည်ပြီး ဆီရောင်းတာကလည်း သူတော်ကောင်းကြီး လုပ်ပြီး မဟုတ်တာကိုလည်း မပြောချင်၊ တွင်တွင်လည်း မရောင်းရ၊ လီဆယ်ရောင်းမှ တော်ရုံရှိသည်။ ဈေးသည်၏ သဘော၊ အပြောကောင်းမှ ရောင်းကြရသည်။ ယခုတော့ဖြင့် လားလား ဆီရောင်း၍စားသတဲ့။ တရားလေးနဲ့ အေးလိုက်တဲ့ ဘဝ၊ အ,လိုက်တဲ့အကောင် သည်လောက်တောင် ရော်လျှင်

လူ့ဘောင်သို့ အလကားထွက်လာတယ်တော်”လို့ ပြောဆို မြည်တွန်တောက်တီးသတဲ့ကွဲ့။

အဲဒီကလို အပြောခံရတော့ ပခန်းသားလည်း မခံနိုင်တာနဲ့ တစ်ရက် နှစ်ရက်ကြာတော့ အောက်မြို့ကျေးရွာသို့ ထွက်ခွာပြီး ဆီရောင်းသတဲ့။ သုံးလခန့်ကြာတော့ ငွေနှစ်ရာကျော်လောက် ရသည်နှင့် နေရပ်သို့ ပြန်မည်ဟု လှေစီးပြန်လာရာ မြစ်လယ်မှာ ကူးတို့လှေမှောက်၍ ရေအောက်သို့ ပါလာရင်း ငွေနှစ်ရာ ကျပျောက် ကျန်ရစ်ခဲ့သတဲ့။ လှေမှ ဆင်းပြီး ရွာသော်လည်း ရွာမရ၍ ကမ်းပေါ်တက်ပြီး ရုတ်တရက် အော်သည်မှာ…

“ကျွန်တော်ပခန်းသား ငနဲမှာ ငရဲသာ ကျန်ရစ်ပါတော့ သဗျို့”လို့ အော်ဟစ်ပြီး ကမ်းစပ်မှာ ငူငူကြီးထိုင်ပြီး မှိုင်နေ သတဲ့ကွဲ့။ အတန်ကြာ ကြံမှိုင်တွေးပြီး…

“ရပ်ရွာကို ဒီအတိုင်းပြန်လည်း မသင့်သေးပါဘူး။ ဤအရပ် တွင် တစ်ဖန် ဆီရောင်းဦးမည်ဟု ဆုံးဖြတ်ပြီး မကောင်းသော စိတ်နှလုံးနှင့် ဆီပုံးထမ်းပြီး ပြလမ်းသို့ လျှောက်သွား၍ အိမ် ပေါက်ဝနားရောက်တော့ ဘုန်းကြီးဘဝက သွမ်းခံပုံစံဖြင့် စုံရပ်ပြီး “အိမ်ကြီးရှင်တို့ ဆီများ ကပ္ပိလိုက်ကြဦးမလား”လို့ အိမ်ရှင် ကြားအောင် ဟစ်အော်လိုက်သတဲ့ကွယ်။

ထိုအခါ အိမ်တွင်းမှ မိန်းမတစ်ယောက်က ထွက်ကြည့်ပြီး “ဪ…သည်ဆီသည် ပြောနည်းနှယ် ဘုန်းကြီးလူထွက် ဗိသ

လိုက်တာ"လို့ ပြောလိုက်သတဲ့။ ဒီတော့ ဆီသည် ရဟ်ာန်း လှူထွက်က ကပ္ပာကယာ နှုတ်က "ရုတ်တရက် ပြောစကား သည့်လိုချည်း များလှပြီ။ မှားသွားလို့ပါ ဒကာမကြီးရယ်"လို့ ထပ်မံ ပြောဆိုလိုက်သတဲ့ကွယ်။

◆

## ရှုတ်-သင်္ကန်းလည်းရသေး

ဘောကည–အို…သတို့သမီး၊ ကညယ မာန်–နင့်အလိုကို လိုက်၍ နင့်ကို ကြိုက်သော၊ မံ–ငါ့ကို၊ ကိံနကာမယတိ– အဘယ်ကြောင့် ငါ့အလိုသို့ လိုက်၍ ငါ့ကို မကြိုက်ရပါသနည်း။

အထက်ပါ လင်္ကာအနက်ကို ဆရာတော်ထံမှ စာတက်ပြီး ပြန်လာသော ကိုရင်ပညာဝံသသည် စိတ်ပါလက်ပါ အလွတ်ရအောင် အော်ဟစ်ကျက်မှတ်နေသည်။ မိမိ၏အဆောင်အောက်၌ ကျောင်းဒါယကာ၏ သမီးများ ရောက်နေသည်ကို မသိ။

ကျောင်းဒါယကာ သမီးကြီးက ဒီကိုရင် သက်သက်မဲ့ ငါ့ကို စောင်းပြီး ရည်းစားစကားပြောတာ၊ ကိုရင်ဖြစ်ပြီး ဒီလို လုပ်ရသလားဟု ဒေါသထွက်ကာ ဆရာတော်ကို သွားလျှောက်ထားသည်။

ကျောင်းဒါယကာ ဓနီးမောင်နှံနှင့် စကားပြောနေသော ဆရာတော်သည် ကျောင်းဒါယကာသမီး ဆောင့်ကြီးအောင့်ကြီး နှုတ်ခမ်းတစူစူနှင့်…

“ပါဠိလိုရော၊ မြန်မာလိုရော ဆိုပြီး သတို့သမီး နင့်ကို ချစ်နေတဲ့ ငါ့ကို ဘာဖြစ်လို့ ပြန်မချစ်သလဲလို့ဆိုပြီး အော်ဟစ်ဆိုပြီး ပြောတယ်ဘုရား”

ဟု လာရောက် လျှောက်ထားသည်ကို ကြည့်ကာ ဆရာတော်က ပြုံးမိသည်။ မိမိစာချပေးလိုက်သော အလင်္ကာအနက်ကို ကိုရင်ပညာဝံသ ကျက်မှတ်သည်ကို သတိပြုမိလိုက်သည်။

“ဟဲ့…ပေါက်စီ၊ ကိုရင်ပညာဝံသ သွားပင့်စမ်း”

ဆရာတော်က ကျောင်းသားပေါက်စီကို ကိုရင်ပညာဝံသကို ပင့်စေသည်။ ကိုရင်ပညာဝံသ ရောက်လာသောအခါ ဆရာတော်က ကျောင်းဒါယကာ ဓနီးမောင်နှံနှင့် သမီးရှေ့မှာပင် ကိုရင်ပညာဝံသကို စစ်ဆေးသည်။

“ဟဲ့…ပညာဝံသ၊ နင် ဒီကလေးမလေးကို နင့်ကို ငါ ချစ်နေတယ်၊ ငါ့ကို ပြန်ချစ်လို့ အော်ဟစ်ပြောတယ်ဆိုဟုတ်လား”

ကိုရင်ပညာဝံသမှာ အူကြောင်ကြောင် ဖြစ်သွားသည်။ ဆရာတော်ကို တစ်လှည့်၊ ကျောင်းဒါယကာတို့ ဓနီးမောင်နှံကို တစ်လှည့်၊ ကလေးမလေးကို တစ်လှည့် ကြည့်သည်။

"တပည့်တော် စာကျက်နေတာပါဘုရား။ သူလာတာလည်း မသိပါဘူး ဘုရား"

"ကိုရင် ဘာမသိရမှာလဲ။ တပည့်တော်မ လာတာသိလို့ ငါ့ကို ဘာလို့ မချစ်သလဲလို့ တမင်အော်ဆိုနေတာပါ"

ကိုရင်ပညာဝံသ သဘောပေါက်သွားသည်။

"သူလာတာ တပည့်တော် တကယ်မသိပါဘူး ဘုရား။ ဆရာတော် ချပေးလိုက်တဲ့ အလင်္ကာအနက်ကို တပည့်တော် ရအောင်သာ အလွတ်အော်ကျက်နေမိတာပါ ဘုရား"

ကိုရင်ပညာဝံသက ရဲရဲတင်းတင်းပင် လျှောက်ထားသည်။ နောက် ဆရာတော်က အကျိုးအကြောင်း ရှင်းပြသည်။ ထိုအခါ ကျမှ ကျောင်းဒါယကာကြီးတို့ ရေလည်သဘောပေါက်ပြီး...

"ဟဲ့...သမီး၊ ကိုရင်က သူတက်လာတဲ့စာကို သူ့ဘာသာ သူ ကြိုးစားကျက်နေတာ သမီးက မဟုတ်ကဟုတ်က သွားစွပ်စွဲနေတယ်။ သမီးတော့ ငရဲကြီးပြီ။ ကိုရင်ကို ပြန်တောင်းပန် ကန်တော့လိုက်"

ထိုအခါကျမှ ကျောင်းဒါယကာ သမီးသည် ကိုရင်ပညာဝံသကို ရှိခိုးကန်တော့ပြီး တောင်းပန်သည်။ ကျောင်းဒါယကာ ဇနီးမောင်နှံက ကိုရင်ကို နဝကမ္မ ငွေ(၅၀)ပါ လှူသွားလေသည်။

နောက်နေ့ ထိုအလင်္ကာ စာဝါတက်သော် ဆရာတော်က ထိုအလင်္ကာ အဓိပ္ပာယ်ကို ရှင်းပြရင်း...

"အင်း…မနေ့က ပညာဝံသတို့က မန္တလေးမြို့ဝန်တိုက်က ကိုရင်ပဏ္ဍိတလို 'ရှုတ် နမ်းလည်း နမ်းရသေး၊ ရှုတ် သက်န် လည်း ရသေး' ဆိုတာလို ဖြစ်နေပါပကောလားကွယ်"ဟု မိန့်ကြားသည်။

"အကြောင်းစုံ အမိန့်ရှိပေးတော်မူပါ ဘုရား"

"အေး… အမိန့်ရှိရတာပေါ့။ နားထောင်ကြ။ ရှေးက မန္တလေး နေပြည်တော်မြို့ဝန်တိုက်မှာ ကိုရင်ကြီး ပဏ္ဍိတဆိုတာ ရှိသတဲ့။ သူ့မှာက သူ့ကို ဆွမ်းလောင်းနေတဲ့ ဆွမ်းအံ့မသမီ ကို နှစ်သက်နေသတဲ့။

တစ်နေ့ အိမ်မှာ လူကြီးတွေ မရှိတုန်း ကလေးမက ဆွမ် ထွက်လောင်းသတဲ့ကွဲ့။ ဆွမ်းလောင်းတော့ ဆွမ်းအုပ်ထဲက ဆွမ်းကို ငုံ့ပြီး ခပ်ယူတုန်း ကိုရင်က ရှုတ်ခနဲ အမှတ်တမဲ့ ကလေးမရဲ့ပါးကို နမ်းလိုက်သတဲ့။ အဲဒါကို ကလေးမက စိတ်ဆိုးပြီး သူ့မိဘတွေ ပြန်လာတော့ တိုင်သတဲ့။ မိဘတွေ ကလည်း မကျေမနပ်ဖြစ်ပြီး မဟာဒါန်ဝန်ထံ တိုင်သတဲ့၊ မဟာဒါန်ဝန်က ဆရာတော်ထံ ခွင့်ပန်ပြီး ကိုရင်ကို ဖမ်းပြီး စစ်ဆေးသတဲ့။

အဲဒီအခါမှာ ကိုရင်ပဏ္ဍိတက နာခေါင်းတရှုပ်ရှုပ် လုပ်ပြီး…

"ရှုတ် ဒါယကာကြီး ရှုတ် ကိုရင်မှာ ဖွတ်စအိုနာ ရှိပါ တယ်။ ရှုတ်၊ ရှုတ် ကလေးမကို မနမ်းပါ။ ရှုတ် ဆွမ်းလောင်း

တုန်း ရောဂါထလာ၍ ရွှတ်...ရွှတ် ရောဂါကို သိမ်းတာပါ ရွှတ် အဲဒါ ရွှတ်"

"ကိုရင် ဒီရောဂါဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ"

"ရွှတ်၊ ရွှတ် သိပ်မကြာသေးပါဘူး။ ရွှတ်၊ ရွှတ်"

"ဒါဆို ဒီကိုရင်က မောင်မင်းသမီးကို နမ်းသည်မဟုတ်၊ ရောဂါကြောင့်ဖြစ်သည်။ သင်တို့မိသားစုက ကိုရင်ကို မတရား စွပ်စွဲသည့်အတွက် ကိုရင်ကို ကန်တော့ပြီး သင်္ကန်းဒွိစုံတစ်စုံ လှူစေဗျာ"

မဟာဒါန်ဝန်က ဤသို့ အမိန့်ချလိုက်သတဲ့။ ကလေးမ မိဘများနှင့် ကလေးမတို့က ကိုရင်ကြီးကို ကန်တော့ပြီး သင်္ကန်းလှူလိုက်ရသတဲ့။

ကျောင်းရောက်တော့ ကိုရင်ပဏ္ဍိတက ပြောသတဲ့။

"ရွှတ် နမ်းလည်း နမ်းရသေး၊ ရွှတ် သင်္ကန်းလည်း ရသေး"တဲ့။

ယခုလည်း မောင်ပညာဝံသက ရွှတ် ရည်းစားစကားလည်း ပြောရသေး၊ ရွှတ် နဝကမ္မငွေ (၅၀)လည်း အလှူခံရသေး ဖြစ်နေပြီကွဲ့."

ဆရာတော်၏ စကားအဆုံးတွင် စာလိုက် သံဃာတော်များမှာ ပျော်တပြုံးပြုံးနှင့် ရယ်မောကြလေသည်။

❖

ဤစာအုပ်တွင် ထင်ရှားသော ဆရာတော်ကြီးများက သူတို့၏ တပည့်တပန်းနှင့် ဒါယကာ ၊ ဒါယိကာမ တို့အား ရယ်ရွှင်စရာ ပုံပြင်များဖြင့် ဥပမာပြကာ ဆိုဆုံးမသည်တို့ကို စုစည်းထားသည် ဖြစ်ရာ -

- မွေရေးရာ အသိဉာဏ်ကိုလည်း ဖြစ်ထွန်းစေ
- လောကရေးရာ သင်ခန်းစာကိုလည်း ရရှိစေ
- စိတ်ရွှင်လန်း၍ အပန်းလည်း ပြေပျောက်စေ

စသည့် စသည့် အကျိုးကျေးဇူး များစွာ များစွာ ကို ရရှိစေမည် ဖြစ်သည့် အပြင် မိဘက သားသမီးတို့ကို ဆိုဆုံးမရာ၌ လည်းကောင်း ဆရာ၊ဆရာမများက ကျောင်းသူ ကျောင်းသားများကို သင်ကြားပြသရာ၌ လည်းကောင်း ၊ မိတ်ဆွေအချင်းချင်း ဝိုင်းဖွဲ့ပြီး တရင်းတနှီးစကား ပြောကြရာ၌လည်းကောင်း ဥပမာ ဥပမေယျ စကားအလှတို့ကို အတုယူနိုင်ကြပေလိမ့်မည်။

ထို့ပြင် အလုပ်များ၍ မအားမလပ်သည့် မိဘအုပ်ထိန်းသူ တို့အတွက် မိမိတို့ သားသမီး မြေးမြစ်တို့အား ဖတ်ရှုစေခြင်းဖြင့် လောကရေးရာ၊ မွေရေးရာ ဗဟုသုတ အဖြာဖြာကို ဤ "ပညာပေး အဆုံးအမ ဟာသရသပုံပြင်များ " က ကိုယ်စားပြု၍ သင်ကြားပြသ ဆုံးမ လမ်းညွှန် ပေးသွားပါလိမ့်မည်။




Design: Ko Zaw